www.dhammaransi.com

အမရပူရမြို့

မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ

၏

# တရွေးသုံးပြားဆုံးမစာ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၆ ကောဇာ ၁၃၄၄
၁၉၈၃-ခု၊ ဖေဖော်ဝါရီလ

www.dhammaransi.com

၁၅၉၅၂
၂၉၄.၃
ဇနက

အမရပူရမြို့

ကျေးဇူးတော်ရှင်

မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ

၏

# တရားသုံးဖြာသုံးမဝါ

သာသနာ-၂၅၂၆ ကောဇာ-၁၃၄၄ ခရစ် ၁၉၈၃

တရားသုံးဖြာ (က)

www.dhammaransi.com

ဒုတိယအကြိမ်

---

အုပ်ရေ–၆၀၀၀

---

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနအတွက် ဦးတင်မောင်(၀၂၅၆-မြဲ)စာပေပေါင်းကူးစာပုံနှိပ်တိုက်၊ အမှတ်-၄၀, အေ, ဘီ၊ ဝေဇယန္တာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်(ဖုန်း-၅၅၄၁၅)က ပုံနှိပ်၍၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်(၀၂၅၂၇)က ထုတ်ဝေသည်။

www.dhammaransi.com



www.dhammaransi.com

## အရှင်ဇနကာဘိဝံသ၏

# တဘဝသံသရာဖြစ်စဉ်အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ ဦးဇောတိ-ဒေါ်အုံးလှိုင်တို့မှ ၁၂၆၁-ခုနှစ် တပို့တွဲလပြည့်ကျော်(၁၄)ရက်၊ (၁၉၀၀-ပြည့်၊ ဖေဖော်ဝါရီလ ၂၇-ရက်) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆-ခုနှစ်၌ ပဌမအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၂၇၅-ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေ ပြုတော်မူသည်။

၄။ ၁၂၇၉-ခုနှစ်၊ သက်တော် ၁၈-နှစ်အရွယ်တွင် ပဌမကြီးတန်း စာမေးပွဲကို အောင်တော်မူသည်။

၅။ ၁၂၈၀-ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပဌမအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁-ခုနှစ်၊ နယုန် လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁-ခုနှစ်၊ တပေါင်းလပြည့်နေ့၌ တတိယအကြိမ်၊ ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၇-ခုနှစ်၌ "ပဌမကျော်" အောင်မြင်တော်မူသည်။

www.dhammaransi.com

[ဿ] တဘာဝသံသရာဖြစ်စဉ် အကျဉ်း

၈။ ၁၂၈၉-ခုနှစ်၌ "သက္ကသီဟ စာမေးပွဲ 'ခေါ်' ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ" ဘွဲ့ ရရှိ အောင်မြင်တော်မူသည်။

၉။ ၁၃၀၃-ခု၊ ဝါဆိုဦး (၁၉၄၁-၄၂)ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက်သိမ်းပိုက်မည့် နှစ်တွင် ယခုလက်ရှိ အမရပူရမဟာဂန္ဓာရုံ ကျောင်းတိုက်နေရာသို့ ပြောင်းရွှေ့ သီတင်း သုံးတော်မူသည်။ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတော် ငါးပါးမျှသာရှိ၍ ပျံလွန်တော်မူချိန်တွင် သံဃာတော် ငါးရာကျော်မျှ သီတင်း သုံးလျက်ရှိသည်။

၁၀။ (လွတ်လပ်ရေး ရရှိပြီးနောက်) ၁၃၁၂-ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏(ရွေးဦးစွာ)"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရသည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော် စာသင်ကျောင်းများ၌ သင်ကြားရန် မူလတန်းဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများကို ရေးသားခဲ့သည်။

၁၂။ ၁၃၁၅-ခုနှစ်၌ (က) ဆဋ္ဌသံဂီတိ ဩဝါဒါစရိယ သံဃနာယက၊

(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊

(ဂ) ဆဋ္ဌသံဂီတိ ပါဠိ ပဋိဝိသောဓက၊

www.dhammaransi.com



(ဃ) ဆဋ္ဌသံဂါယနာ သြသာန သော-
ခေယျပတ္တာပါဠိက အဖြစ် တင်
မြှောက်တော်မူခြင်းကို ခံယူ
ရသည်။

၁၃။ ၁၃၃၇-ခုနှစ်၊ ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ (ဒုတိယ သာသနာပိုင်) အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူသည်။

၁၄။ ၁၂၉၁-ခု၊ သက်တော် (၃၀) မှစ၍ ကျမ်းစာများကို စတင် ပြုစုတော်မူခဲ့ရာ ၁၂၉၃-ခုနှစ်တွင် ပဌမဦးဆုံး ကျမ်းစာကို ရေးသား ပြီးစီးတော်မူ၍ ၁၃၃၀-ခု၊ တန်ဆောင်းမုန်းလတွင် "နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ" ကျမ်းစာကိုရေးသားပြီးလျှင် "တဘာဝ သံသရာ" အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင် ရေးတော်မူခဲ့သည်။ ပဥ္စပကရဏ ဘာသာဋီကာနှင့် မူလဋီကာနိဿယ ပါဠိတော် နိဿယများကို ၁၃၃၆-ခု၊ တန်ဆောင်မုန်းလဆန်း ၅-ရက် (၁၀-၁၁-၇၄) တနင်္လာနေ့ နံနက် ၁-နာရီ အချိန် စတင်ပို့ချ ရေးသား၍ ၁၃၃၉-ခု၊ ဝါခေါင်လဆန်း ၁၂-ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်။ သုတ်မဟာဝါ ဘာသာဋီကာကို ၁၃၃၇-ခု၊ ဝါဆိုလပြည့်ကျော် ၂-ရက် ကြာသပတေးနေ့ (၂၄-၇-၇၅) ၌ စတင်ပို့ချ ရေးသား၍ ၁၃၃၉-ခု၊ နတ်တော်လဆန်း ၁၃-ရက် (၂၃-၁၂-၇၇) သောကြာနေ့ ပျံလွန်တော်

www.dhammaransi.com



မမူမီ ၅-ရက်အလိုတွင်ပြီးတော်မူခဲ့ပါသည်။ ပါဠိယေယျဘာသာဋီကာကိုပင် တရက်မျှသာ ရေးသား ပို့ချခဲ့ပါသေးသည်။

၁၅။ ၁၃၃၉-ခုနှစ်၊ သက်တော် (၇၈) နှစ်အရောက် နတ်တော်လပြည့်ကျော် ၂-ရက်၊ (၁၉၇၇-ခု၊ ဒီဇင်ဘာလ ၂၇-ရက်) အင်္ဂါနေ့ ညနေ (၄) နာရီ မိနစ် (၃၀) တွင် တဘဝအတွက် ငြိမ်းတော်မူပါသည်။

www.dhammaransi.com

# အချီ နိဒါန်း

## ဤစာစောင် ဖြစ်ပေါ်လာရခြင်း၏ အကြောင်း

**အလှူ့ရှင်များ လာလျှောက်ထား** စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ် ဆားတောင်ရွာ၊ ရေကြည်ရပ်၌ နေထိုင်ကြသော အလှူ့ဒကာ ဦးလှဖေ၊ အလှူ့အမ ဒေါ်ဝင်းနှင့် သားသမက် မောင်အောင်မင်းတို့သည် မိမိတို့နေရာ ဆားတောင်ရွာ၌ "မဇ္ဈိမာဝန်ကျောင်းတိုက် မွောရုံ ရေစက်ချနှင့် ရဟန်းခံ ရှင်ပြု၊ နားသ အလှူမင်္ဂလာ" ပြုလုပ်လိုပါကြောင်းကို ဘုန်းကြီး အထံ ဦးသုခေမိတာလင်္ကာရ (လယ်ကိုင်း ဆရာတော်လေး)နှင့် အတူ လာရောက် လျှောက်ထားကြ၏။

ထိုသို့ အလှူမင်္ဂလာ ပြုလုပ်ရာ၌ အမရပူရမြို့၊ ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကို ပူဇော်လိုကြကြောင်းကိုလည်း လျှောက်ကြ၏၊ ထိုသို့ ဆရာတော်ဘုရားကြီးကို ပူဇော်ရာ၌ ဆရာတော်ကြီး၏ ကျမ်းစာအုပ်များကို ဓမ္မဒါန အဖြစ် ဝေငှ ပူဇော်လိုကြပါသည်။ အဘယ် စာအုပ်ကို ပူဇော်သင့်ပါသလဲ။ အကြံပေးပါဘုရားဟု ဆက်ပြီး လျှောက်ထားကြပြန်ပါသည်။

**ဦးဝိမလ အကြံပေး** ထိုသို့ လျှောက်ထားသောကြောင့် အကြံပေးရန် ဘုန်းကြီး၏တာဝန် ဖြစ်လာ၏။ သို့ဖြစ်၍ စာချ ဘုန်းကြီး ဦးဝိမလကိုပါ ခေါ်ပြီး အကြံတောင်း တိုင်ပင်ရပြန်ပါသည်။ ဤသို့ အကြံတောင်း တိုင်ပင်သည့်အခါ "ဆရာတော်ကြီး၏ ထိုထို အလှူမင်္ဂလာ စသော ကိစ္စများ၌ ဟောတော်မူအပ်သော (ကျမ်းစာ အဖြစ်လည်း မရောက်သေးသော) အသံသွင်း တရားတော်များနှင့် အဆုံးအမတော်များကို ကျမ်းစာအဖြစ် ရိုက်နှိပ်ပြီး ပူဇော်သင့်ပါသည်" ဟု ဦးဝိမလက

www.dhammaransi.com



အကြံပေးပါသည်။ ဘုန်းကြီး၏ ဆန္ဒလည်း သူအကြံပေးသည့် အတိုင်း စောစောကပင် ဖြစ်ခဲ့ပါသည်။

**စာအုပ်** အမည် ထိုသို့ အကြံပေးသည့် အတိုင်း ဘုန်းကြီးကလည်း "ဆရာတော်ဘုရားကြီးဟောကြားတော်မူအပ်သော တရားများနှင့် ဆုံးမတော်မူအပ်သော အဆုံးအမ တရားအများထဲမှ အလှူဒါနကိစ္စ၊ ဘာသာရေးကိစ္စများနှင့် သက်ဆိုင်သော "မဟာသုတသောမ-ပေါရိသာဒတရား၊ ရွှေဟင်္သာမင်းတရား၊ ကျီးမိုက်တရား" ဟူသော တရားသုံးပုဒ်နှင့် အချို့ အဆုံးအမတော် များကို ထုတ်နုတ်ကာ "တရားသုံးဖြာ ဆုံးမစာ" ဟူသော နာမည်ဖြင့် စာအုပ်ရိုက်နှိပ်ပြီး (ဓမ္မဒါန) အဖြစ် ဝေငှကြပါ။ ဤသို့ ဝေငှလျှင် အလှူဖိတ်စာလည်းဖြစ်၊ ကျေးဇူးရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကိုလည်း ပူဇော်ပြီး ဖြစ်နိုင်သည်" ဟု အလှူ့ရှင်များကို အကြံပေး တိုက်တွန်းလိုက်ပါသည်။

**အချိန်မီ** ဤသို့ တိုက်တွန်းလိုက်သည့်အတိုင်း သူတို့စုပေါင်း စီစဉ်ရ ကလည်း ငွေကုန်ကျမှုကို ပမာဏ မပြုပဲ၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ တရားတော်များနှင့် ဆုံးမစာများကို အလှူဖိတ်စာနှင့် ပူးတွဲ၍ ထိုအမည်ဖြင့်ပင် စာအုပ် ရိုက်နှိပ်ပြီး သူတို့ အလှူပွဲမှာ (ဓမ္မဒါန) အဖြစ် ဝေငှပေးကမ်း လှူဒါန်း ပူဇော်ကြပါသည်။ ဤသို့ အချိန်မီ ဝေငှနိုင်ရန် ဘုန်းကြီးတို့ ဆရာ-တပည့် စုပေါင်းကာ နေ့ရောညပါ ဤစာစောင်ကို ကောင်းနိုင်သမျှ ကောင်းအောင် စီစဉ်လိုက်ရပါသတည်း။

ဦးဣန္ဒောဘာသ (စာချဘုန်းကြီး)

၁၃၄၂-ခု၊ နတ်တော်လ။

www.dhammaransi.com

# ခေါင်းစဉ် မာတိကာ

## မဟာသုတသောမ-ပေါရိသာဒ တရားတော်


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဘုန်းကြီးစဉ်းစား | .... | ၁ |
| လာမဲ့သံသရာ စဉ်းစား | .... | ၂ |
| ကျွတ်တမ်းဝင်သူတွေ နတ်ပြည် ဗြဟ္မာပြည်ကလာ | .... | ၃ |
| ဆယ့်ရှစ်ကုဋေ ကျွတ်တမ်းဝင် | .... | ၄ |
| ပေါ့ပေါ့ဆဆသမား မဖြစ်ထိုက် | .... | ၅ |
| ကိုယ်က အနစ်နာခံလိုက်ပါ | .... | ၆ |
| အလှူဒါနမှာ ဂုဏ်ပကာသန မပါစေသင့် | .... | ၇ |
| စံပြလောက်အောင် ကောင်းပြလိုက်စမ်းပါ | .... | ၈ |
| မိုက်မိပေမဲ့ သိပ်ကောင်းသွားကြ | .... | ၉ |
| သေခါနီးအထိ ကောင်းစေချင် | .... | ၁၀ |
| အလောင်းတော်တောင် ငရဲကျ | .... | ၁၁ |
| အထက်တန်းရောက်နေတာ ငြမ်းပဲ | .... | ၁၂ |
| ဘာရရ နိဗ္ဗာန်ဖို့ | .... | ၁၃ |
| သုတသောမ ဩဝါဒပေးပုံ | .... | ၁၆ |
| ဇာတ်တူသားကို မစားကောင်းပါ | .... | ၂၅ |
| သိကြားမင်းက အကြံပေး | .... | ၃၃ |
| တရားမနာရဒါ ငါ့စိတ်ထဲ စနောင့်စနင်းဖြစ် | .... | ၃၈ |
| သူတော်ကောင်းနဲ့ ပေါင်းရတာ အင်မတန်ကောင်း | .... | ၄၂ |

www.dhammaransi.com



# ခေါင်းစဉ် မာတိကာ

အကြောင်းအရာ ... စာမျက်နှာ


သီလဆိုတာ အိုသွားတယ်လို့မရှိ .... ၄၅
လောက အဝေးကြီးတွေထက် ပိုဝေးတာက .... ၄၉
အသက်ထက် သစ္စာချစ် .... ၅၃
သစ္စာမရှိယင် ဗဟုသုတ တန်ဖိုးမရှိ .... ၅၅
သူတော်ကောင်းနဲ့ ပေါင်းယင် အမြတ်ထွက် .... ၅၉
ကျေးဇူးရှင်ကို ကျေးဇူးဆပ် .... ၇၇
ပေါရိသာဒတောင် ရဟန္တာဖြစ် .... ၇၉
တကယ့်သူတော်ကောင်းဖြစ်အောင်လုပ် .... ၈၀


## ရွှေဟင်္သာမင်း တရားတော်


တဘဝကောင်း စိတ်မချရ .... ၈၃
ငရဲကြောက်လို့ ဆွံ့အ,ယောင်ဆောင် .... ၈၅
ဘုံဗိမာန်တွေကြည့်ပြီး ကုသိုလ်ပြုချင် .... ၈၆
နတ်ပြည် ဗြဟ္မာ့ပြည်ရောက်ဖို့ ဂုဏ်တွေ ငါ့မှာလဲရှိ .... ၈၇
သီလရှိဒါနဲ့ မရှိဒါကွာ .... ၉၀
အလှူဒါနထဲ ကုသိုလ်တွေ ပါနေ .... ၉၀
ကိုယ်နဲ့ပတ်ဝန်းကျင် ချမ်းသာရေး .... ၉၂
အလိမ္မာတွေ နတ်-ဗြဟ္မာဖြစ် .... ၉၃
အရွယ်ကောင်းတုန်းက လိမ္မာရ .... ၉၄
ဘုရားလောင်းမို့ ဣန္ဒြေရ .... ၁၀၀
မင်းဆိုတာ ခြေကျိုးလို့မတော် .... ၁၀၁

www.dhammaransi.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သေ အတူ ရှင်အတူ.... | .... | ၁၀၁ |
| ဆင်းရဲအတူ ချမ်းသာအမျှ | .... | ၁၀၂ |
| ပါရမီဖြည့်ဘက်တွေ သိပ်ကောင်း | .... | ၁၀၅ |
| တမလွန်အရေးများ မကြောက်ဘူးလား | .... | ၁၀၇ |
| ပြည့်စုံသူမှာ မကြောက်ပါ | .... | ၁၀၇ |
| ဒါန မပါ ကြောက်စရာ | .... | ၁၀၈ |
| ဒီဟာလေးတွေ လက် မနှေးစေချင် | .... | ၁၀၉ |
| တိုက်ကြီး တာကြီးတွေ လှူဖို့မဟုတ် | .... | ၁၁၂ |
| ဂုဏ်နောက်လိုက်လို့ ကြောက်ကြတာ | .... | ၁၁၂ |
| ရတဲ့ ကုသိုလ်တွေနဲ့ တင်းတိမ်မနေကြနဲ့ | .... | ၁၁၅ |
| မဂ်ဖိုလ်နိဗ္ဗာန်အထိ မှန်းကြည့် | .... | ၁၁၅ |

**ကျီးမိုက် တရားတော်**

| | | |
|---|---|---|
| ဆင်သေမြင်၍ ကျီးမိုက်စဉ်းစား | .... | ၁၁၇ |
| ကျီးမိုက်နဲ့တူ ဒီလိုလူ | .... | ၁၂၀ |
| အသက်သာကြီး စိတ်မကြီးသူ | .... | ၁၂၁ |
| သေဖို့ပြင်နည်း | .... | ၁၂၂ |
| ရှေးသူတော်ကောင်းကြီးများလမ်း | .... | ၁၂၂ |
| ကျီးမိုက်လို မဖြစ်စေသင့် | .... | ၁၂၃ |
| မလ္လိကာမိဖုရား တချက်မှား၍ အဝီစိရောက် | .... | ၁၂၄ |
| ဥစ္စာစုံသေ မွေ့ဖြစ် | .... | ၁၂၅ |
| မိန်းမစုံသေ ခွေးဖြစ် | .... | ၁၂၆ |

www.dhammaransi.com

# [ ၅ ]   ခေါင်းစဉ် မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရှေးသူတော်ကောင်းများ လုပ်ထုံး | .... | ၁၂၈ |
| တာဝန်ကြေအောင် လုပ်နည်း | .... | ၁၂၉ |
| တန်ဖိုးရှိပုဂ္ဂိုလ် ဒီလူထဲကထွက် | .... | ၁၃၀ |
| စာကျက်နေချိန်နဲ့ ပါရမီမဖြစ် | .... | ၁၃၀ |
| ဘုရားပွင့်၍ အလောင်းတော်များပေါ်လာ | .... | ၁၃၁ |
| ကျိုးမိုက်ပမာ မမှားရာ | .... | ၁၃၂ |
| **အဆုံးအမတော်များ** | | |
| သနားစရာ့ လူ | .... | ၁၃၃ |
| ကောင်းခြင်း နှစ်မျိုး | .... | ၁၃၄ |
| ချမ်းသာချင်ယင် | .... | ၁၃၅ |
| အကောင်းဆုံး စီးပွါးရှာနည်း | .... | ၁၃၅ |
| ချမ်းသာအောင် ဒီတရားရှောင် | .... | ၁၃၆ |
| အရာရာ သတိထားပါ | .... | ၁၃၆ |
| ကိုယ့်ကိုယ်ကို အထင်မသေးအောင် နေပါ | .... | ၁၃၇ |
| ကိုယ်ဖြစ်ချင်တာ ဖြစ်စေနိုင်သော တရား | .... | ၁၃၈ |
| မွေးနေ့ဆိုဒါ ဘာလဲ | .... | ၁၃၉ |
| စိတ်ဓာတ်ကြွခိုင်ရေး | .... | ၁၄၃ |
| ပါရမီများများရအောင်ယူ | .... | ၁၄၃ |
| အားလုံးသတိထားဖို့ | .... | ၁၄၅ |
| အကောင်းဆုံးလာဘ် | .... | ၁၄၆ |


မာတိကာ ပြီးပြီ။

www.dhammaransi.com

# မဟာသုတသောမ-ပေါရိသာဒ တရားတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

**တရားတော်အမည်** ဘုန်းကြီး ကနေ့ဟောဖို့ မှန်းထားတဲ့ တရားကလူ့လောကထဲမှာသိပ်ပြီးတော့ ပညာရှိပြီး လိမ္မာတဲ့ ပုဂ္ဂိုလ်နဲ့ တွေ့ရလို့ အားလုံး ချမ်းသာသွားတယ်ဆိုတဲ့ "သုတသောမ-ပေါရိသာဒ တို့ရဲ့ဇာတ်" ကို ဘုန်းကြီးဟောမယ်။

**ဘုန်းကြီးစဉ်းစား** ဘုန်းကြီးက ဘုန်းကြီးနဲ့ စပ်တဲ့ ဒကာ, ဒကာမတွေ, ရင်းနှီးတဲ့သူတွေကစပြီးတော့ မကြာခဏစဉ်းစားပါတယ်။ "ဘုန်းကြီးရဲ့ ကိုယ်ရေးကိုယ်တာလဲ စဉ်းစားတယ်။ ရှေးက ကျွတ်တမ်းဝင်သွားတဲ့ သူတော်ကောင်းကြီးတွေ ဘယ်လောက်များ ကောင်းသွားကြပါသလဲ, ဘယ်လောက်များ သတ္တဝါတွေရဲ့ အကျိုးကို ဆောင်သွားနိုင်ကြပါသလဲ"လို့ အဲဒါတွေကိုလဲ ဘုန်းကြီး စာပေပို့ချ ကြည့်ရှုယင်း လေ့လာပါတယ်။ ဘုန်းကြီးနဲ့စပ်တဲ့ ဒကာ, ဒကာမတွေလဲပဲ အဲဒီ သူတော်ကောင်းမျိုးရဲ့အဆင့်အတန်းကို ဒီဘဝက မရောက်ကြယင်တော့ နောက်နောက် ဘဝများစွာ မျှော်စရာမရှိပါဘူး။

www.dhammaransi.com



**သာမန်နဲ့ သံသရာမှ မလွတ်နိုင်**

သံသာရမှာ သာမညေန,
န မုစ္စေယျ တဟိံ တဟိံ၊
ဂတိံ ဂတိံ ဘဠ္မနတ္တာပိ,
သဥ္စယိသာမိ ပါရမိံ။

တဟိံတဟိံ- တွေ့ကြုံကြ,ဘုံဘဝဝယ်, ကြုံရလေတောင်း, သောင်းပြောင်းအာရုံ, အဖုံဖုံ၌၊ သာမညေန- သူများနည်းတူ, သူ့မူမပျက်, သူ့ထက်မသာ, လိမ္မာဟန်မျှ, စံမပြလောက်သေး ပါမူကား၊ သံသာရမှာ- မဟာပြဟ္မ, လျှာကုဋေဖြင့်, ရှာဖွေ မှန်းဆ, ဂဏန်းပြုဖို့, နှမ်းမျှမလှယ်, တကယ်မှန်စွာ, မကြုံသာ သည့်, သံသရာရေး, ကန္တာရကြီးမှ၊ နမုစ္စေယျ-ဘုန်းစ ကံခွန်, သမ္ဘာမွန်၍, တံခွန်ဆောက်တိုင်, မလွန်မြောက်နိုင်သေးရာ။

**သာမန့်သံသရာစဉ်းစား** လောကမှာ သံသရာကို ကိုယ်လာခဲ့တဲ့ ဟိုအတိတ်က လွန်ခဲ့တဲ့ သံသရာတွေကို မှန်းမကြည့်နဲ့တော့။ လာမဲ့သံသရာကို မိမိတို့အတွက် ဘယ်လို သွားမလဲလို့ ဒီလို စဉ်းစားကြည့်ရမယ်။ ဘုန်းကြီး မကြာခဏ ပေါ့လေ ရောက်လာတဲ့သူတွေကို ပြောလေ့ရှိတယ်။ ဘုန်းကြီးတို့ ဒီကမ္ဘာမြေကြီး တချိန်ကျတော့ မီးလောင်လို့ လောင်စာဖြစ် ချင်လဲ ဖြစ်မယ်။ ရေဖျက်လို့ ရေစားလို့ကုန်သွားယင်လဲကုန် သွားမယ်။ လေပြင်း လေပွေမွှေလို့ ပရမ်းပတာ ဖြစ်ချင်သဲ ဖြစ်မယ်။

www.dhammaransi.com



အဲဒီ ကမ္ဘာမြေကြီး အပြောင်းအလဲ မဖြစ်ခင် အရိမေတ္တေယျ မြတ်စွာဘုရားတဆူ ပွင့်တော်မူလာမယ်။ သံသရာ အရှည်ကြီးနဲ့ ပြောယင်တော့ ကြာတာပေါ့။ ဒါပေမဲ့ ဒီကမ္ဘာမြေကြီးမပျက်ခင် ဘုရားတဆူပွင့်တော်မူလာတော့မယ်။ ဘုရားတဆူပွင့်လာတော့ ကာ တင်ကြို၍ ပြင်ဆင်ထားတဲ့ သူတွေမဟုတ်ယင် အဲဒီဘုရားရှင် သာသနာမှာတောင် ကျွတ်တမ်းဝင်မှာ မဟုတ်ဘူး။

**ကျွတ်တမ်းဝင်သူတွေ နတ်ပြည်ဗြဟ္မာ့ပြည်ကလာ**

ဒီတော့ဘုန်းကြီး စဉ်းစားတယ်။ "ဘုန်းကြီး တို့ မြတ်စွာဘုရား ဘုရားဖြစ်တော်မူလာတဲ့ အခါမှာ လက်ဝဲရံ, လက်ျာရံတွေ, ပြီးတော့ မဟာသာဝကဆိုတဲ့ သာဝက ကြီးတွေ၊ ဘိက္ခုနီတွေဘက်က ခေမာမိဖုရား, ယသော်ဓရာ, ဥပ္ပလဝဏ်ထေရီမတို့, မိထွေးတော် ဂေါတမီတို့ ထိပ်တန်းတွေ ကျွတ်တမ်းဝင်ပြီးတော့ သွားကြတယ်။

အဲဒီလို ကျွတ်တမ်းဝင်ပြီးတော့ သွားတဲ့သူတွေဟာ ကျွတ် တမ်းဝင်မယ်လို့ ဆိုတဲ့ နောက်ဆုံးဘဝကျတော့ ငုဒ္ဓမြတ်စွာရဲ့ အလောင်းအလျာကလဲ တုသိတာ နတ်ပြည်က စုတေလာခဲ့ ရတယ်။ ယသော်ဓရာတို့လဲ အဲဒီ တုသိတာနတ်ပြည်က စုတေ လာခဲ့ရတယ်။ အရှင်အနုရုဒ္ဓါတို့ တာဝတိံသာ နတ်ပြည်က စုတေလာခဲ့တယ်။ အရှင်မဟာကဿပတို့ ဆိုတော့ ဗြဟ္မာ့ပြည်က စုတေပြီးတော့ လာခဲ့ရတယ်။

www.dhammaransi.com



တိုတို စဉ်းစားလို့ ရှိယင်တော့ ကျွတ်တမ်းဝင်မဲ့ သူတော်ကောင်းတွေ နောက်ဆုံးဘဝ ရောက်လာတဲ့ အချိန်ကျတော့ အထက် နတ်ပြည်၊ ဗြဟ္မာ့ပြည်က အများကြီးလာကြပါကလား" လို့ ဘုန်းကြီး ဒီလို စဉ်းစားလို့ရတယ်။

**ဆယ့်ရှစ်ကုဋေ ကျွတ်တမ်းဝင်**

ပြီးတော့ကား ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာ ပွင့်ပြီးတဲ့နောက် ပထမဆုံး ဓမ္မစကြာ တရားဦးဟောတော်မူတဲ့အချိန်မှာ တဆယ့်ရှစ်ကုဋေကျွတ်တမ်းဝင်တယ်။ အဲဒီဆယ့်ရှစ်ကုဋေထဲမှာ လူထဲက အရှင်ကောဏ္ဍညတပါးပဲ သောတာပန် တည်တယ်။ ကျန်တဲ့သူတွေက နတ်တွေ ဗြဟ္မာတွေချည်းပဲ။

**ထေရဝါဒ ငါးနိုင်ငံ ပေါင်းတောင် မမီသေး**

ဒီတော့ ဘုန်းကြီးက စဉ်းစားတယ်။ ဆယ့်ရှစ်ကုဋေလို့ ဆိုတော့ ဗမာပြည်မှာ အခု လူဦးရေ သန်းပေါင်း နှစ်ဆယ်နဲ့ လေးသန်းလို့ ဆိုတယ်။ သန်းပေါင်း နှစ်ဆယ်နဲ့ လေးသန်းလို့ဆိုတော့ ဗမာပြည်ရဲ့ လူဦးရေဟာ နှစ်ကုဋေနဲ့ လေးသန်းပဲရှိတယ်။ ပထမတရားပွဲမှာ ကျွတ်တမ်းဝင်တဲ့ လူဦးရေ မမီသေးဘူး။

ဗမာပြည်က လူဦးရေတွေနဲ့ ထေရဝါဒနိုင်ငံ ဖြစ်တဲ့ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအို တို့မှာရှိတဲ့ လူဦးရေတွေ အကုန်လုံးပေါင်းတောင်မှ ပထမတရားပွဲမှာ ကျွတ်တမ်းဝင်ခဲ့တဲ့ လူဦးရေကို မမီသေးဘူး။

www.dhammaransi.com



**ကျွတ်တမ်းဝင်မဲ့သူတွေ ဘယ်မှာ ဘာလုပ်ကြပါလိမ့်** ဒါဖြင့် ဒီနောက် အရိမေတ္တေယျမြတ်စွာဘုရားပွင့်တော်မူတဲ့ အခါမှာ ကျွတ်တမ်းဝင်မဲ့ ပုဂ္ဂိုလ်တွေဟာ "ဘယ်ဆီမှာ ဘာများ လုပ်နေကြပါလိမ့် မလဲ"လို့ ဘုန်းကြီးက စဉ်းစားတယ်။

ဗုဒ္ဓဘာသာရဲ့ နိုင်ငံတွေထဲမှာရှိတဲ့ လူဦးရေတွေဟာ ပထမတရားပွဲမှာကျွတ်တမ်းဝင်ခဲ့တဲ့ လူဦးရေကိုမမီသေးဘူး။ အားလုံးလဲ ကျွတ်တမ်းဝင်ကြမှာ မဟုတ်ဘူး။ အားလုံး ကျွတ်တမ်းဝင်အုံးတောင်မှ ဒီလူဦးရေကို မမီသေးဘူး။ စဉ်းစားကြစေချင်လို့ ဘုန်းကြီးပြောနေတာနော်။

**ပေါ့ပေါ့ဆဆသမား မဖြစ်ထိုက်** ကိုယ့်ဟာကိုယ် ဆုကိုတော်တော်ကြီးကြီးမားမားမို့ပေါ့လေ။ သာဝက အကြီးစားတွေမို့လို့ ကျွတ်တမ်းဝင်တဲ့အထဲမှာ မပါသေးဘူးဆိုတာကို ထားပါတော့။ ဒါကနဲ့ပါးပါးရှိပါတယ်။ အများ သာမန်အားဖြင့် ကျွတ်တမ်းဝင်ရမဲ့ပုဂ္ဂိုလ်တွေလို့ဆိုတော့ တရားပွဲ တပွဲတပွဲမှာ ဆယ့်ရှစ်ကုဋေ ကျွတ်တမ်းဝင်တယ်။ ဘယ်လောက်ကျွတ်တမ်းဝင်တယ်ဆိုတဲ့ အထဲမှာ ပါရမယ်လို့ ဆိုတဲ့သူတောင်မှ ပေါ့ပေါ့ဆဆသမားတော့ မဖြစ်ထိုက်ဘူး။

www.dhammaransi.com



**ကိုယ်က အနစ်နာ ခံလိုက်ပါ** တကယ့်ကို စိတ်ကောင်း နှလုံးကောင်းနဲ့ တွေ့ရကြုံရမှာ ကိုယ်က.... "ခုဘုန်းကြီး ပြောနေတာ ကတော့ တော်တော်ရင့်လာပြီဆိုလို့ရှိယင် ဘာဖြစ်ဖြစ် အနစ်နာခံလိုက်စမ်းပါ။ ကိုယ်က အသာ မယူလိုက်ပါနဲ့။ အနာခံလိုက်ပါ"။ဒါ ကျွတ်တမ်းဝင်ဖို့ အထိ မှန်းပြီးတော့ပြောတာ။

အနာခံလိုက်တဲ့ဥစ္စာဟာ အင်မတန်ကောင်းတယ်။ နောင်တ ဘာမှ ရစရာမရှိပါဘူး။ လူတဖက်သားက အသာ ယူသွားစမ်းပါစေ။ ဒီလို ဘုန်းကြီးက ပြောနေပါတယ်၊ ဒါဘာပြုလို့တုန်းလို့ဆိုတော့ တကယ့်ကျွတ်တမ်းဝင်ဖို့ ပုဂ္ဂိုလ်တွေ တော်တော်များများ စုဘာတောင်မှ ပထမ တရားပွဲရဲ့ အရေအတွက်ကိုမှီဖို့ လူ့လောကမှာ မလွယ်ပါဘူး။

**စံ-မပြုလောက်သေးယင် မလွှတ်နိုင်** တဟိံ တဟိံ-တွေ့ကြ,ဆုံကြ ဘုံဘဝဝယ်, ကြုံရလေတောင်း, သောင်းပြောင်း အာရုံ, အဖုံဖုံ၌၊ သာမညေနသူများနဲ့တူ, သူ့မှုမပျက်, သူ့ထက်မသာ, လိမ္မာဟန်မျှ, စံ မပြုလောက်သေးပါမူကား၊ သံသာရမှာ-မဟာဗြဟ္မ, လျှာကုဋ္ဋေဖြင့်, ရှာဖွေမှန်းဆ, ဂဏန်းပြု၍, နှမ်းမျှ မလွယ်, တကယ်မှန်စွာ- မကြုံသာသည့်, သံသရာခရီး ကန္တာကြီးမှ၊ န မုစ္စေယျ-ဘုန်းစ ကံချွန်, သဗ္ဗာမွန်၍, တံခွန်ဆောက်ကိုင်, မလွန်မြောက်နိုင်သေးရာ— လို့ တွေးပြီးတော့ ဘယ်နေရာ ဖြစ်ဖြစ် အနာခံစေချင်တယ်။

www.dhammaransi.com



**အလှူဒါနမှာ ဂုဏ်ပကာသန မပါစေသင့်**

သာမညေန-သူများနဲ့တူ, သူ့မှု မပျက်, သူ့ထက် မသာ,

ဟို အလှူဒါန ပြုရမဲ့အခန်းကျတော့လဲ သူများလို မဟုတ်ပါဘူး။ ဘယ်ဂုဏ် ဘယ်ပကာသနမှ မပါပဲနဲ့ တကယ့် စိတ်ရင်း စေတနာရင်းနဲ့ ရှေး သူတော်ကောင်းများ လှူဒါန်းတဲ့နည်းကို မှီးလို့ ပြုရမယ်။ ကျွတ်တမ်း ဝင်ချင်တာကိုး၊ ကျွတ်တမ်း ဝင်ပြီးသားတွေကို အားကျပြီးတော့ ဝေဿန္တရာမင်း အလှူဒါနပြုတုန်းက ဘယ်စိတ်, ဘယ်စေတနာနဲ့ ပြုတယ်။ ဝိသယှ သဌေးကြီး အလှူဒါနပြုတုန်းက ဘယ်စိတ် ဘယ်စေတနာနဲ့ ပြုတယ်။ တခါ ဥပုသ်စောင့်တော့လဲပဲ သူများလို ပေါ့ပေါ့ဆဆ မစောင့်ပဲနဲ့ ဘုရားအလောင်းကြီး ဘူရိဒတ္တ နဂါးမင်းဘဝတုန်းက ဘယ်လို စောင့်ခဲ့တယ်။ အဲဒီလိုပေါ့။

**တကယ့် သူတော်ကောင်း မလုပ်ယင်**

သာမညေန-သူများနဲ့တူ, သူ့မှု မပျက်, သူ့ထက်မသာ, လိမ္မာ ဟန်မျှ, စံ မပြလောက်သေးပါမူကား၊ သံသာရမှာ-ဤသံသရာကြီးမှ၊ န မုစ္စေယျ-ဘုန်းစက်ချွန်, သမ္ဘာမွန်၍, တံခွန်ဆောက်ကိုင်, မလွန်မြောက်နိုင်သေးရာ။

ဒီလို တကယ့် သူတော်ကောင်းမှ မလုပ်လို့ရှိယင် ဘုန်းကြီးတို့ရဲ့ ရဟန်းသံဃာတွေ ဆိုပါတော့, ဘုန်းကြီးနဲ့ တကွင်းယခု ရဟန်း သံဃာတွေ၊ အို......တို့ဘုန်းကြီးဘဝ ရောက်နေတယ်။ တကယ့် သူတော်ကောင်း မလုပ်လိုက်လို့ရှိယင်၊အို ကျွတ်တမ်း

www.dhammaransi.com



ဝင်ဖို့ရန် မသွယ်ဘူး။ ကိုယ်က ပါရမီ အကြီ စားမို့လို့ ကျန် နေတာကတော့ မဆန်းဘူး ထားပါတော့။

**စံပြလောက်အောင် ကောင်းပြလိုက်စမ်းပါ** ဒီလိုသဲ မဟုတ်ပဲ ကျွတ်တမ်းဝင်ချင် ရက်သားနဲ့ ဆိုယင်တော့၊ "အို..... တို့လဲ ဘုန်းကြီးဘဝ ရောက်နေတယ်။ တကယ့် ဘုန်းကြီးကောင်း၊ တကယ့် သူတော်ကောင်းလုပ်လိုက်မယ်။ ဘုန်းကြီးက ပြောတယ်။ နေရာတိုင်းမှာ စံပြလောက်အောင် ကောင်းပြလိုက်စမ်းပါ၊ ကျွတ်တမ်းဝင်ချင်လို့ရှိယင်"။

**အများထက် သာစေချင်** သာမညေန— သူများ နဲ့တူ၊ သူ့မူ မပျက် သူ့ထက် မသာ၊ ဘုန်းကြီးက အများထက်တော့ သာကို သာစေချင်တယ်။ တော်တဲ့ သူတွေနဲ့တော့ တန်းတူထားပေါ့လေ။ မစဉ်းစားပဲနဲ့ သာမန် လမ်းသွားနေတဲ့ သံသရာ သွားနေသူတွေထက်တော့ သာ့ကို သာစေချင်တယ်။

ခုလို သူတော်ကောင်း ဒကာ-ဒကာမတွေ ဖြစ်လို့ရှိယင်လဲပဲ အများထက်တော့ သာ့ကို သာစေချင်တယ်။ တော်တဲ့သူချင်း ဆိုတာတော့ တန်းတူထားလိုက်ပါလေ။

**ဘုန်းကြီးက အတု ယူစေချင်လို့** "သာမညေန-သူများနဲ့တူ၊ သူ့မူမပျက် သူ့ထက်မသာ၊ လိမ္မာဟန်မျှ၊ စံ မပြ လောက်သေးပါမူကား၊ သံသာရမှာ- မဟာပြဟ္မေ၊ လျှာကုဋ္ဌေဖြင့်၊ ရှာဖွေမှန်းဆ၊ ဂဏန်းချ၍၊ နှမ်းမျိုး

မလွယ်, တကာယ်မှန်စွာ, မကြုံသာသည့်, သံသရာခရီး, ကန္တာကြီးမှ"။

ရုတ်တရက် စားစားသောက်သောက်တော့ သံသရာကြီးက လွတ်မှာ မဟုတ်ဘူး။ လွတ်သွားတဲ့သူတွေ ကြည့်လိုက်တော့ ခု ဘုန်းကြီးပြောမဲ့ ပေါရိသာဒ အကြောင်းကို နားထောင်ကြည့်စမ်း။ ရမ်းတုန်းက သိပ်ရမ်းပြီးတော့ ကောင်းတော့သိပ်ကောင်း သွားလိုက်တာလေ။ သူတော်ကောင်းနဲ့ တွေ့တဲ့အခါ သူတော်ကောင်းစကား နားထောင်သွားလိုက်တာ။ အဲဒါတွေ ဘုန်းကြီးက အတုယူစေချင်လွန်းလို့။

**မိုက်မိပေမယ့် သိပ်ကောင်းသွားကြ**

နှ မုစ္ဆေယျ- ဘုန်းစ ကံချွန်, သဒ္ဓါမွန် ၍ တံခွန်ဆောက်ကိုင်, မလွန်မြောက်နိုင်သေးရာ၊ သံသရာကလွတ်သွားတဲ့ သူတွေ မမိုက်ဘူးလား။ ဟာ မိုက်တာပေါ့။ မိုက်ယင် ဘယ့်နှယ် ကြောင့် လွတ်သွားတုန်း။

အို... ကောင်းမယ်ဆိုတော့ သိပ်ကောင်းတာပဲ။ ခု သာမန် လူတွေထက် ပိုပြီးတော့ကောင်းသွားတယ်။ ဩော်... ဒါ့ကြောင့် လွတ်တာပဲ။

အဲဒီလို ဘုန်းကြီးမှာ တွေးရတယ်။ အခု အားလုံးပေါ့လေ။ တရားနာနေတဲ့ ဒကာ-ဒကာမတွေ လူအများစု ထက်တော့ သာစေချင်တယ်။ အလိမ္မာ သာစေချင်တယ်။

www.dhammaransi.com



**သူတော်ကောင်းရတာ ကောင်းလွန်းလို့**

ယခု အရှင်မြတ်တွေ အများစုထက်တော့ သာစေချင်တယ်။ သာတဲ့သူတွေနဲ့တော့ တန်းတူထားပေါ့။ သူလဲ ကောင်းတယ်၊ ကိုယ်လဲကောင်းတယ်။ သူလဲ သူတော်ကောင်းပဲ ကိုယ်လဲ သူတော်ကောင်းပဲ။ သူတော်ကောင်းရတာ ကောင်းလွန်းလို့။ အရှင်မြတ်တို့ သူတော်ကောင်းရတာ ကောင်းလွန်းလို့ သိလား။

သူတော်ကောင်းကို နတ်ကောင်း (မ) ဒါ၊ (မ) မဒါတော့ ထားပေါ့လေ။ လူကြည်ညိုတာ မကြည်ညိုတာလဲ ထားပေါ့လေ။ ဟာ ကိုယ့်စိတ်ကိုကောင်းလို့၊ သေခါနီးအထိ ကောင်းလို့၊ သေတော့မယ်ဆိုတဲ့ အချိန်အထိ ကောင်းလို့၊ အဲဒီအကောင်းက အရသာရှိလွန်းလို့။

**သေခါနီးအထိ မျှော်ပြီး ကောင်းစေချင်**

သူများ အကြည်ညို ခံရဒါတွေ ဘာတွေဆိုတာကတော့ အပေါစားပါ။ ဒါကအားမကျလောက်ပါဘူး။ နတ်တွေ ဘာတွေ ကြည်ညိုတယ်၊ ဘာတယ်ဆိုတဲ့ဥစ္စာ ကြည်ညိုချင်လဲ ကြည်ညိုမှာပေါ့၊ ဒါလဲပဲ မမျှော်ပါနဲ့။ မမျှော်လောက်ပါဘူး။

ဒါပေမဲ့ သေခါနီး ကိုယ့်ဟာကိုယ် အားရပါးရ သေရမှာတော့ ပျော်စရာကောင်းလိုက်တာ။ အဲဒီအထိ ဘုန်းကြီးက မျှော်ပြီးတော့ ကောင်းစေချင်လွန်းလို့။

www.dhammaransi.com



**သံသရာကမလွတ် ဘာဖြစ်သလဲ** "အမုတ္တတ္တာ - လွတ်ဖို့ဝေးရဲ့, မတွေးနဲ့တော့ ဘေးတကယ့်ကြုံ့အဖုံဖုံဇာတ်ပြား၍, ထပ်မနား အပါယ်ခရီး၌ တလည်တည်းလည်နေရဦးမည့် အရေးကြောင့်"

ကဲ... သံသရာက မလွတ်ဘူးတဲ့ ဘာဖြစ်သတုံး၊ အို .. သံသရာက မလွတ်တော့ အခုလို လူ့ဘဝချည်းဖြစ်လိမ့်မယ်မထင်နဲ့။

**အလောင်းတော်တောင် ငရဲကျ၍** တကယ်ကြောက်စရာ ကောင်းတာက ဘုန်းကြီးတို့ရဲ့ ဘုရား အလောင်းတော် ရင့်မကြီး, ဒီကမ္ဘာမှာ တခါတုန်းက ရှင်ဘုရင်လုပ်တယ်။ ရှင်ဘုရင်လုပ်တဲ့ဘဝတုန်းက ဘာမှားတယ်တော့ မသိဘူးပေါ့။

တခါထဲ အနှစ် နှစ်ဆယ်လောက် ရှင်ဘုရင်လုပ်တဲ့ဥစ္စာ အနှစ်နှစ်သောင်းလောက် ငရဲခံရတယ်။ ဒါကြောင့် သံသရာက မလွတ်ဘာဖြစ်သလဲလို့ ဆိုယင်တော့ ဒီလို လူရယ်, နတ်ရယ်, ဘာရယ်ဆိုယင်တော့ ပြောပါတော့လေ, ဘာဖြစ်သလဲပေါ့၊ ထိတ်ထိတ်ကြဲတွေကို ငရဲသွားသွားပြီးရောက်နေတာ တွေ့ရတယ်။

**ပြန်ပြန်လည်တာ ကြောက်စရာကောင်း** တခါ အရှင်အာနန္ဒာ အလောင်းကြီး အင်မတန် ရုပ်ချောတဲ့လူ ဖြစ်နေလို့ သူ့ကို ဝိုင်းပြီးသကာလ သူများက လိုလားကြတယ်။ ဒါနဲ့ သူကလဲ ပြန်ပြီးသကာလ အိမ်ရှင်ရှိဒါရော, မရှိဒါရော ဘာရောညာရော သူက ဖောက်ဖောက်ပြားပြားလုပ်လိုက်လို့ ငရဲကျရတယ်။

www.dhammaransi.com



နောက် ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်တွေဖြစ်လို့၊ နောက် မိန်းမဘာဝတွေဖြစ်လို့၊ သွက်သွက်လည်အောင် အလှောင်းတော်ကြီး ခံရသေးတယ်။ ဒီတော့ သံသရာကမလွတ် ဘာဖြစ်သလဲဆိုယင်၊ မလွတ်ယင် တချက်ဘာချက် ပြန်ပြန်လည်တာ ကြောက်စရာကောင်းတယ်။

**ငြိမ်းဖြင့် တက်ပြီး ငြိမ်းဖျက်နည်း**

"အမုတ္တတ္တာ- လွတ်ဖို့ ဝေးရဲ့ မတွေးနဲ့တော့၊ ဘေးတကယ့်ကြုံ၊ အဖုံဖုံ ဇာတ်ပြား၍၊ ဘပ်မနား အပါယ်ခရီး၌၊ တလည်တည်း လည်နေရဦးမည့် အရေးကြောင့်၊ ဂတိဂတိ-ဒေဝ မနုဿ၊ နိရယနှင့်၊ ပေတတိရစ္ဆာန်၊ လားရန်အရှိ၊ ငါးတန်ဂတိကို၊ ဘဒ္ဒြနတ္တာပိ-ကောင်းရာမြန်းလင့်၊ စခန်းသင့်လည်း၊ ငြိမ်းဖြင့်တက်ပြီး၊ ငြိမ်းဖျက်နည်းသို့၊ ဖျက်ဆီး လွန်မြောက်၊ နိဗ္ဗာန်ရောက်ဖို့ အကျိုးငှါ"။

**အထက်တန်းရောက်နေတာ ငြိမ်းပဲ**

အထက်တန်း ရောက်နေတယ်၊ အထက်တန်းရောက်နေဒါကငြိမ်းပဲ ဆိုပါတော့။ ဘုန်းကြီး ဘဝနဲ့ အထက်တန်းရောက်နေတယ်၊ ဒါငြိမ်းပဲ၊ ဒီနားရပ်နေဖို့ မဟုတ်ဘူး၊ အထက်တက်ဖို့ ငြိမ်းကောင်းကောင်း ရနေဒါ အထက်တက်ဖို့။

လူ တော်တော် ချမ်းချမ်းသာသာ ဖြစ်နေပြီဆိုပါတော့၊ အို ဒါငြိမ်း၊ အထက်တက်ဖို့ရာ၊ ရပ်နေဖို့မဟုတ်ဘူး၊ ခံစားဖို့ မဟုတ်ဘူး၊ အထက်တက်ဖို့၊ အမျိုးသမီးတော်တော် အထက်တန်းကျကျ

www.dhammaransi.com



ဖြစ်နေပြီဆိုပါတော့, အို....ဒါငြမ်း, ဒီအထဲက ကုသိုလ်ပါရမီတွေ အများကြီး စုဆောင်းသွားရမယ်။

**ဘာရရ နိဗ္ဗာန်ဖို့** ဂတိ ဂတိ-တဘဝထက် တဘဝ, ကောင်းတဲ့ဘဝကို၊ ဘဋ္ဌနတ္ထာပိ-ကောင်းရာ မြန်းလင့်,စခန်းသင့်လည်း, ငြမ်းဖြင့်တက်ပြီး, ငြမ်းဖျက်နည်းသို့, ဖျက်ဆီး လွန်မြောက်, နိဗ္ဗာန်ရောက်ဖို့ အကျိုးငှါ၊.... ဘာရရ ဘုန်းကြီးတို့က နိဗ္ဗာန်ဖို့၊ ဘယ်ဘဝ ကောင်းကောင်းလေးရရ နိဗ္ဗာန်ဖို့၊ ဘယ် အထက်တန်းလေးရရ နိဗ္ဗာန်ဖို့၊ ဘုန်းကြီးဘဝနဲ့ အဆင့်အတန်းမြင့်နေ နိဗ္ဗာန်ဖို့၊ လူ့ဘဝနဲ့ အမျိုးသမီးဘဝနဲ့ အမျိုးသားဘဝနဲ့ အထက်တန်း ရောက်နေ နိဗ္ဗာန်ဖို့၊ အဲဒီလို နှလုံးသွင်းပြီးတော့။

ပါရမီ-နိဗ္ဗာန်နန်းခွင်, စခန်းဝင်ဖို့, လမ်းစဉ်အကျ, ဒါနစသည်, ပါရမီအကျိုး, ကောင်းမှုမျိုးကို၊ သဋ္ဌယိဿာမိ-တမြင့်ထဲမြင့်, ဆင့်ကဲတင့်ဖို့, အသင့်မကွာ, ချင့်စာတိုးပွား, တမျိုးအားဖြင့်, ကြိုးစား ဖြည့်ကျင့်ပါတော့မည် ဘုရား။

**ဘာ အမှား မဆို ပြင်လို့ရ** တရားဆိုတဲ့ ဥစ္စာ လွန်ခဲ့ပြီးသား မှားဒါတွေကိုလေ ပြန်ပြင်လို့ ရတယ်။ ဘယ်လောက် မှားမှား ဒီတရားရဲ့ အသွားကို သဘောကျလို့ ငါပြင်လိုက်တော့မယ်လို့ဆိုလို့ရှိယင် ဘာအမှားမဆို ပြန်ပြင် ရတယ်။ သိပ်ကောင်းဒါပဲ။ အဲဒါကို ဘုန်းကြီး တရားလမ်းစဉ်အတိုင်း ပြောပြမယ်။

www.dhammaransi.com



**သုတသောမ မင်းသား** ဘုန်းကြီးတို့ရဲ့ မြတ်စွာဘုရား အလောင်းက ဣန္ဒပတ္တနဂိုရ် ပြည်မှာ ရှင်ဘုရင်ရဲ့ သားကလေးဖြစ်တယ်။ မွေးဖွားကတည်းကိုက သူက အကြားအမြင် တယ်လိုချင်တယ်။ ဘာကလေးဆို သူက နားထောင်ချင်ပြီ, သိချင်ပြီ, တတ်ချင်ပြီ။

ဒါကြောင့် အကြားအမြင် သုတေသနအမှု များလွန်းလို့ သူ့ကို "သုတသောမ" လို့ နာည်ပေးထားတယ်။ ငယ်ငယ် ကလေး ကတည်းက သူက တယ်ကြားချင်,မြင်ချင်, သိချင်တယ်၊ ဒါကြောင့် "သုတသောမ"လို့ နာမည်ပေးထားတယ်။

**ဗြဟ္မဒတ္တလုလင် ပညာသင်ရန်သွား** ဗာရာဏသီပြည် ဆိုတာ ဟိုခေတ်တုန်းက တော်တော် ကြီးကျယ်တဲ့ ပြည်ကြီးဖြစ် တယ်။ အဲဒီ ဗာရာဏသီပြည် မှာလဲ ကာသိမင်းရဲ့သား "ဗြဟ္မဒတ္တ လုလင်"လို့ ဆိုတဲ့ သတို့သား တယောက် မွေးဖွားတယ်။ သူတို့ တဆယ့် ခြောက်နှစ်လောက် ရောက်တော့ တက္ကသိုလ်ပြည်မှာ သွားပြီး ပညာသင်ကြတယ်။

ပညာသင်တော့ ဒီပြင် ဒီပြင် တိုင်းပြည်က မင်းသားတွေလဲ ပညာ လာသင်ကြတယ်။ ပညာ လာသင်ဘော့ကား ခုနင်က သုတသောမနဲ့ ဗြဟ္မဒတ္တတို့ မင်းသား နှစ်ယောက်ကတော့ ပညာသင်ဖို့ အလာ ဆရာကြီးဆီ မရောက်ခင် မြို့ရဲ့ အနီး အပါး ဇရပ်ပေါ်မှာ နားနေယင်း တွေ့ကြတယ်။

www.dhammaransi.com



**မင်းသား နှစ်ယောက် မိတ်ဆွေဖြစ်ကြ** '"မိတ်ဆွေ ဘယ် သွားမလို့တုံး" "ကျုပ် ပညာသင် သွားမလို့၊ တက္ကသိုလ်ဆရာ့ဆီ"၊ ဟိုတယောက်ကလဲ "ပညာသင် သွားမလို့၊ တက္ကသိုလ်ဆရာ့ဆီ" "ဘယ်က လာတုံး ဘယ်သူ့ အမျိုးတုံး၊ ဘာတုံး" ဆိုတော့....၊ တယောက်က ဗာရာဏသီပြည်က လာတယ်၊ တယောက်က ဣန္ဒပတ္တနဂိုရ်ပြည်က လာတယ်၊ ရှင်ဘုရင်သားတွေလို့ ဆိုတော့ ကျုပ်တို့က အချင်းချင်း အမျိုးဇာတ်ချင်းလဲ တူသားပဲ၊ ဆိုပြီးတော့ ခင်ခင်မင်မင် ဖြစ်သွားကြတယ်။

**ဆရာ့ဆီရောက်တော့** ဒါနဲ့ ဆရာ့ဆီရောက်တော့ ဒီပြင် မင်းသားတွေရော ပညာ သင်ကြတယ်။ သုတသောမက ဘုရားအလောင်း၊ သူက ပညာသင်တော့ တတ်လွယ်လိုက်ထာ၊ အများထက် ပိုပြီး မြန်မြန် တတ်တယ်။ ဘုန်းကြီးက အကဲခတ်တယ်လေ။ အားလုံးအတွက် အကဲခတ်တယ်ပေါ့။ ပညာသင်လို့ တတ်လွယ်တယ်။ သူများထက်ပိုတတ်လွယ်တယ်။ တတ်လွယ်တော့ကား သူ အချိန်ပိုနေပြီဆိုလို့ ရှိယင် တခြားမသွားဘူး။

**ပညာသင်ရာမှာ ကူသင်ပေး** "ဗြဟ္မဒတ္တ"ဆိုတဲ့ သူ့ရဲ့ နဂိုသူငယ်ချင်းဆီ သွားပြီးတော့ "မင်း ဒီလိုရွတ်ကွယ်၊ ဒီလို ဖတ်ကွယ်လို့ နောက်ကနေပြီးတော့ သင်ပေးနေတယ်။ ဆရာကြီးက ရှေ့က သင်ပေးတယ်ပေါ့၊ သူက နောက်ကနေပြီးတော့ သင်ပေးတယ်။ ဒီလိုလုပ်ပါလား၊ ဒီလို တွက်ပါလား၊ ဂဏန်းကို"။

www.dhammaransi.com



အဲဒါ သူက "ပိဋ္ဌိ အာစရိယ-နောက်ထောက်ကျောခံ ဆရာပေါ့"၊ အဲသလို အနေမျိုးနဲ့ သူက ပညာ သင်ပြီးတော့ ပေးတယ်။ ဗြဟ္မဒတ္တကလဲ သူ့မိတ်ဆွေကို သိပ်ချစ် သိပ်အားကိုးတယ်။ သုတသောမကလဲ သူ့မိတ်ဆွေ ဗြဟ္မဒတ္တကို တယ်အားပေးတယ်။ ပညာသင်တဲ့နေရာမှာ။

**ပညာသင်ပြီး အားလုံးပြန်ကြ**

ဒါနဲ့ နောက် ပညာသင်ပြီးလို့ မင်းသားတွေ ဆရာ့ဆီမှာ အစစ်အဆေး အမေးအမြန်းခံပြီးတော့ ကိုယ့်ပညာကိုကျွမ်းကျင်တယ်လို့ ဆိုပြီး ဆရာက (ပြန်ကြတော့) လို့ လွှတ်လိုက်တော့ အားလုံး မင်းသားတွေ တစုတဝေး ပြန်ကြတယ်။ ဒီအထဲမှာ သုတသောမက ပညာအတော်ဆုံး ဖြစ်နေလို့ သူ့ကို အရေးပါကြတယ်။

**သုတသောမ ဩဝါဒပေးပုံ**

သုတသောမကလဲ အားလုံးအပေါ်မှာ ဆရာကလေးလို ဖြစ်လာလို့ လမ်းခွဲခါနီးကျတော့ ဩဝါဒ ပေးတယ်။ ဘုရား အလောင်းက "မိတ်ဆွေတို့....ကျုပ်တို့လေ ကိုယ်စီကိုယ်စီ အတတ်ပညာသင်ပြီးလို့ ထီးနန်းရကြတော့မှာပဲနော်။

ထီးနန်းရတဲ့အခါ မမေ့ကြနဲ့။ တလ- လေးသီတင်းတော့လေ ဥပုသ်သီတင်းများ ဆောက်တည်လို့၊ ကိုယ့်တိုင်းပြည် ကိုယ့်တိုင်းပြည်မှာ "နေ့ကြီးရက်ကြီးတွင် သားကြီးငါးကြီးများ မသတ်ရ"လို့ ကြွေးကြော်ပြီးတော့နော်၊ တိုင်းသူပြည်သားတွေ အပေါ် တရားသဖြင့် အုပ်ချုပ်ကြပါလို့ မှာပြီးတော့လွှတ်လိုက်တယ်။

www.dhammaransi.com



**ဗြဟ္မဒတ္တကို ပို့ပြီး သတိပေး** အားလုံးကလဲ "ကောင်းပါပြီ"လို့ ဝန်ခံကြတယ်။ ဒီထဲမှာ-သူ့ရဲ့မိတ်ဆွေရင်းဗြဟ္မဒတ္တကိုတော့ တယ်စိတ်မချဘူး။ "ငါ့လူက ငါ့လူက ပုံပန်းကြည့်ရတာ သိပ်မဟန်လှဘူး။ ငါ့လူကိုပို့ပြီးတော့ သတိပေးရမှာပဲ"လို့ စိတ်က တွေးပြီးတော့ "ဗြဟ္မဒတ္တ....ဟို-တိုင်းပြည်များ ရောက်လို့ရှိယင် တရားသဖြင့် မင်းလုပ်ပါနော်"လို့ သတိပေးလိုက်တယ်။ ဟိုကလဲ "ကောင်းပါပြီ" ပေါ့။

**အားလုံး ရှင်ဘုရင်ဖြစ်** ဒါနဲ့ အသီးသီး တိုင်းပြည်ရောက်ကြတော့ ရှင်ဘုရင် ဖြစ်ကြတာပါပဲ။ အားလုံးမင်းသားတွေကိုး၊ တယောက်နဲ့ တယောက်လဲ သိကြတယ်။ ဘယ်တိုင်းပြည်က ဘယ်သူ့, ဘယ်တိုင်းပြည်က ဘယ်သူ ဆိုတာ သိကြတယ်။

**အသားမပါပဲ မစားနိုင်** ဒါနဲ့ ရှင်ဘုရင်ဖြစ်တော့ ခုနက ဗြဟ္မဒတ္တက ရှေးဘဝက ဘီလူးဖြစ်လာခဲ့တဲ့ သူတဲ့။ ရှေးဘဝက ဘီလူးဖြစ်လာခဲ့တော့ အသား မပါပဲနဲ့ သူမစားနိုင်ဘူး။ ထမင်းစားပြီဆိုယင် အသားတော့ ပါရတယ်။ သူ့ရဲ့စားတော်ချက် "ရသက"တဲ့။ ဗမာက "ဒသက" လို့ ခေါ်နေတာ၊ "ရသက"တဲ့။ စားတော်ချက်ကလဲ သူ့ရဲ့ သခင်အကြောင်းသိလို့ အသားမပါပဲနဲ့ မဆက်သဝံ့ဘူး။ သူကလဲ အသားမပါလို့ရှိယင် ဖြစ်ကိုမဖြစ်ဘူး။

www.dhammaransi.com



**ချန်ထားတဲ့အသား ခွေးစားသွား** ဒါနဲ့ နေ့ကြီး ရက်ကြီးနေ့ နီးပြီဆိုမှဖြင့် ရသက က ပိုပြီးတော့ အသားယူထားရတယ်။ အဲဒီနေ့ကျယင် သား ငါးတွေ မသတ်ဘူး။ မသတ်လို့ရှိယင် အဲဒီနေ့ ငါးဆက်နိုင်အောင် ဆိုပြီးတော့ အသားကို ပိုယူထားတယ်။ ပိုပြီးတော့လဲ ခံအောင်လုပ်ထားတယ်။ တနေ့တော့ ရသက က နေ့ကြီး ရက်ကြီးဖို့ ဆိုပြီးတော့ ချန်ထားတဲ့အသားကို ရှင်ဘုရင်မွေးတဲ့ခွေးက စားသွားပါရော၊ စားသွားတော့ ရသက ဒုက္ခကျဖြစ်လို့၊ ဘယ့်နှယ်လုပ်ရပါ့မလဲလို့။

**ရသက အသားရှာထွက်** "အသားမရလို့ရှိယင်တော့လဲ ငါ့ကိုကျေနပ်မှာ မဟုတ်ဘူး။ ကနေ့လို နေ့ကြီးတွေကျတော့လဲ ပိုက်ဆံထုပ်နဲ့ လိုက်ပြီးတော့ပေးပေမယ့် ဘယ်လိုမှ ရမှာမဟုတ်ဘူး။ အားလုံး ရာဇဝတ်မှု ဖြစ်မှာပဲ"လို့ တွေးပြီး ညစာချက်ဖို့ရန် သူ့ အင်မတန် အခက်အခဲကြုံနေတယ်။

ဒါနဲ့ မတတ်သာပါဘူး ဆိုပြီးတော့ ညနေက လောလောလတ်လတ် သေတဲ့ လူတယောက် သင်္ချိုင်း ရောက်လာတော့ သူက အဲဒီ သင်္ချိုင်းသွားပြီးတော့ ဘယ်သူမှမသိအောင် အ ား လိုးပြီး ယူလာ ့ပါရော။

**လူသားနဲ့ ချက်ကျွေး** ယူလာပြီးတော့ ညစာတမင်းကို အဲဒီလူသားနဲ့ ချက်ကျွေး လိုက်တာပဲ။ ချက်ပြီးတော့ ပွဲတော်တယ်လို့ ပါးစပ်ထဲမှာ တဇွန်းလောက် စားလိုက်တယ်။ ဒီလိုစားလိုက်တယ်ဆိုယင်ပဲ ရှေးတုန်းကလူသား

www.dhammaransi.com



စားလာတဲ့ ဘီလူးဖြစ်တော့ ဟာ-တကယ်ပဲ အကြောတွေ ဘာတွေများ စိမ့်စက်ပြီးတော့ အင်မတန် အရသာရှိတယ်။ အရသာရှိတော့ ဘေးက လူတွေဘာတွေ သွားကြသွားကြ မင်းတို့သွားကြ ဆိုပြီးတော့ သူ ထွေးပစ်တယ်။

**ရသကငါ့ကို မှန်မှန်ပြော**

ရသက က "ဟာ- အရှင်မင်းမြတ် ဒါအကောင်းပါ အရှင်မင်းမြတ်၊" "ရသက မင်း မှန်မှန်ပြောစမ်း၊ ဘေးကလူတွေ အကုန်လုံး ဖယ်သွားကြပြီ၊ မှန်မှန်ပြော၊" "ခါတိုင်း အသားပါပဲ အရှင်မင်းမြတ်" "မှန်မှန်ပြော။ မှန်မှန်ပြော" "မဟုတ်ပါဘူး အရှင်မင်းမြတ်၊ ကနေ့က ပိုပြီးတော့ အချက်က ကောင်းသွားလို့ပါ"လို့ မှားပြောသေးတယ်။

မဟုတ်ဘူး ရသက, ငါ့ကိုမှန်မှန်ပြော၊ "အရှင်မင်းမြတ် ကျွန်တော်မျိုးကို ဘေးမဲ့ ပေးသနားတော်မူပါ၊ မှန်တာ သံတော်ဦးတင်ပါ့မယ်။ အရှင်းမြတ်ဖို့ ထားတဲ့ အသားကို အရှင်းမင်းမြတ်မွေးထားတဲ့ခွေး စားသွားလို့ လူသားကို ချက်ခဲ့ရပါတယ်"လို့ ပြောတယ်။ ဒီလိုပြောတော့ ပေါရိသာဒက—

**ရသက တိတ်တိတ် တိတ်တိတ်**

ရသက....တိတ်တိတ်, တိတ်တိတ်, တိတ်တိတ်, လူမကြားစေနဲ့, လူမကြားစေနဲ့ တိတ်တိတ်၊ "နောက်ကို ငါ့ကိုလူသားပဲ ချက်ကျွေး၊ ငါ့ဖို့အသားတော့ မင်းစားတော့၊ ငါ့ဖို့တော့ လူသားချည်း ချက်ကျွေးရမယ်"၊ "အရှင်မင်းမြတ် နေ့တိုင်း ဆိုတော့ ရပါ့မလား"၊ တိုးတိုး တိတ်တိတ် ဖြစ်ကုန်ပြီ သူတို့ နှစ်ယောက်က။

www.dhammaransi.com



**ထောင်ထဲကလူတွေ ထုတ်ထုတ်သတ်**

“ထောင်ထဲမှာ အင်မတန် ပြစ်မှုကြီးလို့ သတ်ဖို့ရန်ရှိတဲ့ သူခိုးကြီးတွေ ရှိတယ်။ အဲဒါတွေ မင်း သတ်ဖို့သတ်ဖို့ဆိုပြီးထုတ်ထုတ် သတ်သွား။ ဘယ်သူမှ မသိဘူး။ မင်း အဲဒါတွေသာ ချက်တော့”

နောက်တော့ ရှင်ဘုရင်ပြောတဲ့အတိုင်း ထောင်ထဲက သူခိုးတွေ သတ်ဖို့ထုတ်လာ သတ်ပြီး သူကချက်။ ဘုရင်နှင့် ရသကာနှစ်ယောက်ပဲ သိတယ်။ နောက်တော့ ထောင်ထဲဒီလိုလူတွေက ကုန်သွားတယ်။ “အရှင်မင်းမြတ် ထောင်ထဲ လူကုန်ပါပြီ”။

**အသပြာထောင်ထုပ် ချဖမ်း**

“အို-အသပြာ ထောင်ထုပ်ယူ လမ်းမှာ ပစ်ချထား။ လာပြီးတော့ ယူတဲ့သူကို မင်း သူခိုးပဲဆိုပြီးတော့ ဖမ်း။ ထောင်ထဲ သွင်းပြီးတော့ ပြန်ထုတ်ယူပြီး သတ်ချက်တော့”လို့ဆိုတော့ အသပြာထောင်ထုပ် လမ်းပြစ်ထားတယ်။ “အမှတ်တမဲ့ သွားယူသူကို ဒီလူ သူခိုးဟ” ဆိုပြီးတော့ ထောင်ချတယ်။ ထောင်ထဲက ထုတ်တယ်။ သတ်ပြီး ချက်တယ်။

**ထောင်ထုပ်မြင် မကြည့်ဝံ့**

နောက် ဒီအသပြာထောင်ထုပ်ယူယင် ထောင်ထဲချတယ်လို့ သိတော့ အထုပ်များ မြင်ယင် ကြည့်တောင် မကြည့်ဝံ့ဘူး။ လမ်းမှာ အထုပ်မြင်ယင် ရှောင်ပြီးတော့ သွားလိုက်ကြတာ “အရှင်မင်းမြတ် ဒီလို ဖြစ်ကုန်ပြီ”။

www.dhammaransi.com



**ညလယ်တဲ့ သူခိုးတွေ ဖမ်းသတ်**

“တခါ ည သန်းခေါင်လောက် ဆိုလို့ ရှိယင်လေ သူခိုးတွေ ဘာတွေလယ်တတ်ပါတယ်။ အဲဒီ သူခိုးတွေ ဘာတွေ မင်းရှာစမ်းပါဦး” ဆိုတော့ ညမှာ သူခိုးတွေ ဘာတွေ လယ်ယင် ရသကကလဲ ရှာတယ်။ တယောက်ဖမ်း အဲဒီထဲက အသားတွေ ထုတ်ယူ။ ချက်ပြီးတော့ကျွေး။ နောက်တော့ သူခိုးတွေဘာတွေ လဲ ညမလယ်ဝံ့တော့ဘူး။

**ဟိုအိမ် ဒီအိမ် လယ်တဲ့ သူတွေဖမ်းသတ်**

ဟိုအိမ် ဒီအိမ် လယ်တဲ့ သူတွေကို အိမ်စပ်က ချောင်းနေပြီးတော့ ဟို တယောက် ဖမ်းလိုက်။ သူ ကပျာကယာ မအော်နိုင်အောင် သတ်လိုက်။ အဲဒီထဲက အသားတွေ လှီးယူပြီးတော့ ပြေးလာလိုက်။ ဒီလိုနဲ့ ရသကလဲ ဒုက္ခရောက်နေတယ်။ နောက်တော့ ဟိုက ဒီက သူခိုးမဟုတ်တဲ့ သူတွေ ဒီလိုဖြစ်နေတော့တာပဲ။

**တိုင်းပြည်ကို ဘီလူးဝင်ပြီထင်**

“အား—လူသား စားတဲ့သူတွေ ရှိနေပြီ။ ဘီးလူးဝင်ပြီထင်တယ်။ တိုင်းပြည်ကို ဘီလူးဝင်ပြီထင်တယ်။ ဒီမှာ ကြည့်စမ်း။ အသားကြီးသာ ကုန်သွားတယ်။ ဒီမှာ အရာကြီး ခါးအရာကြီး တွေ့တယ်။ တကိုယ်လုံးလဲ ဘာမှ မဖြစ်ဘူး” လို့ တိုင်းပြည်က ရှင်ဘုရင်ဆီ လှမ်းဆူကြ။ ဝိုင်းပြီးတော့ ဆူကြတယ်။

www.dhammaransi.com



**မင်းတို့ဘာသာ မင်းတို့ ဖမ်းကြပါလား**

ဆူတော့ ရှင်ဘုရင်က "ဘာတုံးလို့" ဆိုတော့ "အရှင်မင်းမြတ်....လူသားစားတဲ့သူ တိုင်းပြည်မှာ ပေါ်နေပါတယ်။ အရှင်မင်းမြတ် ဖမ်းပါ"၊ "ငါက မင်းတို့ကို ဒရဝမ်လုပ်ပြီးတော့ စောင့်နေရဦးမှာလားကွ။ မင်းတို့ဘာသာ မင်းတို့ ဖမ်းကြပါလား၊" သြော် ရှင်ဘုရင်တော့ တိုင်းပြည်ကို တယ်မစောင့်ရှောက်ပဲကိုး။

**စစ်သူကြီး တိုင်းပြည်ကို စောင့်ရှောက်ပါ**

"စစ်သူကြီး....တိုင်းပြည်ကို စောင့်ရှောက် ပါဦး။ တိုင်းပြည် မှာ လူသားစားတဲ့သူတွေ ပေါ်နေပါပြီ"စစ်သူကြီးက ဘာဖြစ်တုံး။ ဒီလိုပဲ "အို-အဖေ ပါသွားပါတယ်။ ဒဏ်ရာတခုထဲ ရှိပါတယ်။ ပြီးတော့အသားတွေ နည်းနည်းလှီးပြီးတော့ ယူသွားပါတယ်။ လူကောင်ကြီး ဒီလို ကျန်ရစ်ပါတယ်။ ဘယ်သူ့အမေ ဒီလိုဖြစ်ပါတယ်နဲ့" ပြောကြတယ်။ ကောင်းပြီ၊ ခုနစ်ရက်လောက်စောင့် ငါရအောင် ဖမ်းမယ်ဆိုပြီးတော့။

**ဒီရန်သူတော့ နှိမ်မှုဖြစ်မယ်**

စစ်သူကြီးက သူ့ရဲ့ ငယ်ကျွန်တော်တွေ ခေါ်ပြီးတော့၊ မောင်မင်းတို့ ဒီရန်သူဘော့ နှိမ်မှုဖြစ်မယ်။ အနို့မို့ရှိယင် တိုင်းပြည် ဆူလာလိမ့်မယ်" ဆိုပြီးတော့ တကာထဲ လက်သပ် မွေးထားတဲ့ သူ့ရဲ့ ကျေးတော် ကျွန်တော်တွေနဲ့ ညကျတော့ တကယ်ချောင်းကြတာကို။ တကယ်ချောင်းတော့ "လှားလှား, ရသကလူတယောက်ကို သတ်ပြီးတော့ အသားတွေလှီးယူနေတုန်း တွေ့ပါရော။"

www.dhammaransi.com



**ရသကကို ဖမ်းမိ** တွေ့တော့ဖမ်း၊ ဖမ်းပြီးတော့ ဝိုင်းရိုက်။ ရိုက်ပြီးတော့ ဘယ်သူတုံးဆိုတော့ ရသက ပါလားလို့ ပြောတယ်။ ဒါနဲ့ စစ်သူကြီးဆိုပြတော့ စစ်သူကြီး ရဲ့ မျက်နှာသိ ဖြစ်နေတယ်။

ရသက...မင်း မှန်မှန်ပြောစမ်း၊ ဒါမင်းစားသလား၊ ဒါမှ မဟုတ် မင်းထည့်ပြီးတော့ ဒိပြင်အသားနဲ့ ရောရောင်းသလား။ မှန်မှန်ပြောစမ်းလို့ ဆိုတော့ ကျွန်တော်မျိုး မစားပါဘူး။ နို့ မင်း ရောရောင်းသလား။ မရောင်းပါဘူး။ မှန်မှန်ပြောပါ။ မင်း တွန့်မနေစမ်းပါနဲ့ မှန်မှန်ပြောစမ်းပါ။

**မင်းတရား စားပါတယ်** "မင်းတရား စားပါတယ်" လို့ ဆိုတော့ အား........ စစ်သူကြီး ကို စိတ်ပျက်လို့၊ ဒါ-မှန်တာ ပြောတာလား။ မှန်ပါတယ်။ မနက်ဖန် မင်း ရှင်ဘုရင့်ရှေ့မှာ မေးမယ်။ မင်းပြောနိုင်မလား ပြောနိုင်ပါတယ်။ ကောင်းပြီ၊ မင်း လက်ထိပ်နဲ့ အိပ်ဦးတော့ ဆိုပြီးတော့ လက်ထိပ်နဲ့ ခတ်ထားခဲ့တယ်။

**တိုင်းပြည်ကို တို့သိမ်းရလိမ့်မယ်** မနက်ကျတော့ စစ်သူကြီးက မှူးကြီး မတ်ကြီးတွေကို တိုင်ပင်တယ်။ ဒီလို ဒီလို တော့ ဖြစ်နေပြီ။ စစ်သားတွေ လဲပဲ အကုန်လုံး အစောင့်အရှောက်ထား။ တိုင်းပြည် တပြည်လုံး လမ်းတွေဘာတွေက အစ အစောင့်အရှောက်တွေထား။ ကိုင်း ဒီလိုတော့ မဖြစ်ဘူး။ ရှင်ဘုရင် အေးအေးဆေးဆေး ဖြေယင်

www.dhammaransi.com



ဖြေရော့။ မဖြေလို့ရှိယင် တိုင်းပြည်ကို တို့ သိမ်းရလိမ့်မယ်ဆိုပြီး တော့ ရှင်ဘုရင်ရွှေ ဖမ်းပြီးခေါ်သွားတယ်။

**ရှင်ဘုရင်က ရသကမျှော်နေ**

ရှင်ဘုရင်ကလဲ ညက "ရသက မလာ မလာနဲ့ မျှော်။ ပွဲတော်တယ်ချိန်လဲ မတယ်ရဘူး။ ရသက ကလဲ ဘာဖြစ်နေတုံး။ လူတွေလဲ တယ်ဆူပါလား။ တိုင်းပြည်က ဆူညံဆူညံလဲ ကြားတယ်။ တစုံတခုများ ဖြစ်နေသလားနဲ့" သူကလဲ သံသယဖြစ်ပြီး စိတ်မရှင်းမလင်းနဲ့ ဟန်လုပ်ပြီးတော့ ရာဇပလ္လင်ပေါ် အသာထိုင်နေတယ်။

**ရှင်ဘုရင် ရွှေမှာ မေး**

ရသက ဖမ်းပြီးတော့ ရွှေတော်ရောက်လာတယ်။ စစ်သူကြီးက အရှင်မင်းမြတ်, ဟောဒီ ရသက, ဟောဒီ လူသားတွေနဲ့ ဖမ်းမိတယ်။ ရသက လည်ပင်းမှာ လူသားတောင်းကြီးဆွဲလို့ပါ။ ရသက-က အရှင်မင်းမြတ်ဖို့ ချက်ရတယ်လို့ ပြောပါတယ်။ ဟုတ်ပါရဲ့လားလို့ ဆိုတော့။

**ရသကမှ ဖမ်းရသလား**

မင်းတို့က ဒိပြင်တော့ မဖမ်းပဲနဲ့ ရသကမှ ကြီးကြီးကျယ်ကျယ် ဖမ်းလာရမလား။ ရသကက, သူ့အရှင်ဖို့ သူ လုပ်တဲ့ဥစ္စာ မင်းတို့က ဘာတာဝန်ကြီးလို့တုံးလို့ ဘာညာနဲ့ သူက ဟန်နဲ့ ပန်နဲ့တော့ ပြောသေးရဲ့။ အာ....အရှင်မင်းမြတ်, လူသား စားလို့တော့ မဖြစ်ပါဘူး အရှင်မင်းမြတ်။ လူသား စားလို့ရှိယင်

www.dhammaransi.com



တိုင်းပြည်က ထွက်သွားရပါလိမ့်မယ်၊ "လူသား မစားပဲနဲ့ ရှောင်ပါ"လို့ ပြောတယ်။

**ဇာတ်တူသားကို မစားကောင်းပါ** လူသားစားတယ်ဆိုတဲ့ ဥစ္စာ မကောင်းပါဘူး။ ဇာတ်တူသားကို မစားကောင်းပါဘူး။ ဇာတ်တူသားစားလို့ အာနိသင်ကြီးလဲ သေခဲ့ဘူးပါတယ်။ ဇာတ်တူသား စားလို့ ဟာသံကိုးသောင်းလဲ ပျက်စီးခဲ့ဘူးပါတယ်။ အရှင်မင်းမြတ်....လူသားတော့ မစားပါနဲ့လို့ တောင်းပန်ရှာတယ်။

**လူသား မစားပဲ မနေနိုင်** စစ်သူကြီးရဲ့ နာမည်က "ကာလဟတ္ထိ"တဲ့၊ ကာလဟတ္ထိ မင်းမှသာ ပုံတွေ ပါဠိတွေနဲ့ ပြောတတ်တာ မဟုတ်ဘူး ငါလဲ ပြောတတ်တယ်။ရှေးတုန်းက လိုချင်တာ မရလို့ သေရတဲ့လူတွေ ပြည့်လို့။

ငါလဲ လူသား မရလို့ရှိယင် သေချင်သေမှာ။ငါလဲ လူသား မစားပဲမနေနိုင်ဘူး။"အရှင်မင်းမြတ်....ဒီလိုဆိုယင် တိုင်းပြည်က အရှင်မင်းမြတ်ကို လက်ခံနိုင်မယ် မထင်ပါဘူး။ အရှင်မင်းမြတ် လူသားကို ရှောင်ပါ"။ "မင်းတို့တိုင်းပြည်က လက်မခံလဲ ငါ တိုင်းပြည်မှာမနေရုံပဲရှိတယ်။ငါ လူသားကိုတော့မရှောင်ဘူး"။

**ရသကခေါ်ပြီး တိုင်းပြည်ကထွက်** နောက်ကပါလာတဲ့ လူတွေကလဲ စစ်သူကြီး ဒါလောက်ပြောမနေပါနဲ့။မရှောင်နိုင်လို့ရှိယင် ထုတ်ပါလို့ ဆူကြပြီ။ "ကဲ စစ်သူကြီး ငါ့ကို ရသကရယ်, အိုးကလေးတလုံးရယ်, သန်လျက်ရယ်

www.dhammaransi.com



အဲဒါသာပေးတော့။ ငါထွက်တော့မယ်”လို့ ဆိုတော့ အားလုံး ဝမ်းနဲ ပန်းနဲနေရာက သူ တခါထဲ ရသကကို ခေါ်ပြီးတော့ ထွက်သွားရှာရော့။

**ပေါရိသာဒလို့ နာမည်ဖြစ်** ထွက်သွားတဲ့အခါကျတော့မှ သူ့ကို“ပေါရိသာဒ, ပေါရိသ=လူသားကို+အဒ=စားတဲ့သူ”လို့ နာမည် ဖြစ်တယ်။ ဒါနဲ့ သူတို့ အင်မတန်ကြီးကျယ်တဲ့ ပညောင်ပင်ကြီးတွေ့တယ်။ ဘုန်းကြီးတို့ ဒီ နိုင်ငံမှာ သိပ်မရှိဘူး။ ဟို အိန္ဒိယမှာတော့ တချို့ပညောင်ပင် တွေဟာ တယူဇနာများ ပြန့်ကျယ်သွားသတဲ့။ အမြင်တွေက ထောက်ထောက်, ထောက်ထောက်ပြီးတော့ သွားလိုက်တာ၊ အဲသလောက် ပြန့်ကျယ်တဲ့ ပညောင်ပင်ကြီးတွေ ဟိုမှာတော့ ရှိတယ်။

**ညောင်ပင်ကြီးအောက် ဆရာတပည့်နေကြ** အဲဒီညောင်ပင်ကြီးအောက်မှာ သူတို့ နှစ်ယောက် ဝင်ပြီးတော့ စားတဲချ၊ စားတဲချပြီးတော့ ရသက က ချက် ပေးတယ်။ ပေါရိသာဒက လူတယောက်ရအောင်ရှာလာခဲ့တယ်။ လမ်းသွား လမ်းလာ တွေ့ပြီဆို သူက ဖမ်းလာခဲ့တယ်။ ရသကက ချက်တယ်။ ဆရာ တပည့် ဒီလိုနဲ့ နေလိုက်တာ နောက်တနေ့ တော့ ပေါရိသာဒမှာ လူမရလာဘူး။

**မရ ရသကချိုင်** မရလို့ ပြန်လာတော့ ရသက က ကြည့်ကြည့် ကြည့်ကြည့်ပြီးတော့ဆရာဘယ်မှာတုန်း,မီးသာဖိုပါ။ အိုးသာတယ်ပါ၊ ရသက က ကြောက် ကြောက်, ကြောက်ကြောက်နဲ့ တုန်တုန် ခိုက်ခိုက်နဲ့ အိုးတယ်

www.dhammaransi.com



ပြီးတော့ နေတယ်။ ရေလဲ ပွက်ပွက်ဆူပါရော နောက်ကနေ ရသကကိုလဲ သတ်ပြီးတော့ ရသကရဲ့ အသားတွေ စားလိုက်တာပဲ။ အဲဒါကို အကြောင်းပြုပြီးတော့ ဘုန်းကြီးတို့ ဗမာတွေက “မရ ဒသကချိုင်ဟ”လို့ ပြောကြတယ်။ဒသကမဟုတ်ဘူး၊ ရသကတဲ့၊ လူသားမရတော့ အဲဒီရသကပါ ချိုင်တာပဲ။

**အဲဒီနောက်တော့ တယောက်ထဲ** အဲဒီနောက်တော့ သူ့မှာတပည့်လဲမရှိဘူး၊ တယောက်ထဲ၊ သူ့ဘာသာ လူရှာ၊ သူ့ဘာသာ သူချက်၊ ဒီလိုနဲ့ နေရာက သစ်ပင်ပေါ်က တက်ကြည့်တယ်။

**ပုဏ္ဏားသဌေးကြီး လှည်းငါးရာနဲ့ လာ** တက်ကြည့်တော့ ပုဏ္ဏား သဌေးကြီး တယောက်က လှည်း ငါးရာနဲ့ ကုန်ရောင်း ကုန်ဝယ် ထွက်လာတယ်။ ထွက်လာပြီးတော့ ပုဏ္ဏား သဌေးကလဲ “ဒီလမ်းဟာ ပေါရိသာဒ ဆိုးတယ်”လို့ ကြားတယ်။ပေါရိသာဒကို ငါကာကွယ်ရအောင် ဆိုပြီးတော့ ဒီတောနားကနေတဲ့သူ ငါးရာလောက်ပိုက်ဆံပေးပြီးတော့ မင်းတို့ ဒီတောက လွတ်အောင် ငါ့ကိုပို့။ ဒီတော လွတ်လို့ရှိရင် အသပြာတထောင် ပေးမယ်။ အာ....တောက လူတွေကလဲ“ပို့ပါ့မယ်, ကျုပ်တို့ မကြောက်ပါဘူး”ဆိုပြီး လူငါးရာ လိုက်ခဲ့တယ်။

**စားချင်လိုက်တာ သွားရည်ကျလို့** အဲဒီအချိန်မှာ ပေါရိသာဒက အပေါ်က နေပြီးတော့ သစ်ပင်ပေါ်က တက်ကြည့်။ လှည်းသမားတွေ ရှေ့က သွားလိုက်ကြတာ တယောက်မှ စားချင်စိတ် မပေါက်ဘူး။ နောက်ဆုံးကျတော့

www.dhammaransi.com



တုတ်တုတ်ဝဝ ခုနင်က ပုဏ္ဏားကြီးက လှည်းယာဉ်ကလေးစီးလို့ ဟိုက လူငါးရာလောက်က နောက်က ခြံရံလို့၊ သူက အိအိ အိအိနဲ့ လာနေတယ်။ စားချင်လိုက်တာလေ သွားရည်တွေများ ကျလို့တဲ့။

**ငါဟ-ခြသေ့် ပေါရိသာဒ** ဒါနဲ့ ပုဏ္ဏားကြီးလဲပဲ သူ့အနီးလဲ ရောက်လာရော သစ်ပင်ပေါ်က ဆင်းပြီးတော့ "ငါဟ-ခြသေ့်, ပေါရိသာဒဆိုတာ"လို့ ဆိုပြီးတော့ သန်လျက်ဝင့်ပြီး ဆင်းလာလိုက်တာ နောက်က လိုက်ပို့တဲ့သူတွေ အကုန်လုံး ပြေးပြေးဝပ်တာပဲ၊ ပြေးပြေးဝပ်တော့မှ သူပုဏ္ဏား ကြီး ထမ်းခေါ်သွားပြီးတော့ ပြေးတာကိုး၊ ပြေးရင်းနဲ့ နောက် လှည့်ကြည့်လိုက်တော့ ဘယ်သူမှ မလိုက်လာဘူး ဆိုပြီးတော့ ဖြည်းဖြည်းမှန်မှန်ပဲ ကျောပိုးလာခဲ့တယ်။

**နောက်ကဝိုင်းလိုက်** အဲဒီလို ကျောပိုးလာတော့ ဟိုလူတွေက လွတ်တော့မှ ထကြည့်ကြတယ်၊ "ဟေ့ တို့ပိုက်ဆံတွေယူထားတာ၊ရတာမရတာကထားကွာ မလိုက်ဘူး ဆိုယင် မကောင်းဘူးဟေ့ လိုက်ကြဦးစို့"လို့ ဆိုပြီး အော်ပြီး တော့ နောက်က လိုက်လာကြတာကိုး၊ လိုက်လာပြီးလို့ တော် တော်လေး ရောက်လာတော့ အဲဒီထဲက လူတယောက်က သတ္တိ ကောင်းကောင်းနဲ့ ရှေ့တိုးပြီး လိုက်လာတော့ ပေါရိသာဒက ပြေးတယ်ကိုး၊ သူလဲ ကြောက်တာပါပဲ။

**ပေါရိသာဒ သစ်ငုတ်စူး** ပြေးလို့ ဟိုလူကလဲ တော်တော်လေးရောက်လာ ရော, ပုဏ္ဏာကြီးရော ဘာရော သူထမ်းပြီး တော့ စည်းကြီး ခုန်လိုက်ထာ ဟိုဘက်ကျတော့ သစ်ငုတ်တခုပေါ်မှာ ခြေထောက်က ကျလို့ သစ်ငုတ်စူးပြီး တော့ ခြေထောက် ပေါက်ထွက်သွားတယ်။

ကပျာကယာ နုတ်ပြီးတော့ သူ ပြေးတာပဲ။ ပြေးတော့ နောက်က လူက-ဟေ....လာကြ, လာကြ။ ငါက ပြစ်လို့ ဟိုမှာ တခါထဲ သွေးတွေဖြစ်နေပြီနဲ့ ညာတာ ညာတာ။

**ပုဏ္ဏားကြီး လွှတ်လာ** ဒါနဲ့ နောက်က လူတွေကလဲ ညာသံပေးပြီး တော့ သိပ် အပြေး လိုက်လာတယ်၊ သူလဲ ကြောက်ပြီးတော့ ပုဏ္ဏားကြီး ထားပစ်ခဲ့ပြီး သူ့ချည်း အလွတ်ပြေးပါရော။ ပြေးလို့ ပုဏ္ဏားကြီး ရတော့မှ နောက်က လိုက်လာတဲ့ လူတွေက....တို့ဆရာ ရမှတော့ကွာ သူပုန်ကြီး ဘာနေနေ နေပေစေတော့ဆိုပြီး ရှေ့ဆက်မလိုက်ဘူး။ သူတို့ကလဲ ပြန်ပြီးတော့ သူတို့ဆရာကြီးကိုထမ်းခေါ်သွားတယ်။

**နတ်ကြီးတိုင်တယ်** ပေါရိသာဒလဲ ခြေထောက်ကြီးငုတ်စူး ထားတာနဲ့မို့လို့ဘယ်မှမသွားနိုင်ဘူး။ ညောင်ပင်ရင်း ဝင်ပြီးတော့ အိပ်။ သူ့အိပ်ရာပေါ် အိပ်ပြီး အရှင်နတ်မင်း........ခုနစ်ရက်အတွင်း အကျွန်ုပ်ရဲ့ အနာပျောက် အောင် မ-စပါ၊ အနာပျောက်လို့ ရှိယင် အရှင် နတ်မင်းရဲ့ ပညောင်ပင်ကြီးကို ဇမ္ဗူဒိပ်ရှိတဲ့ ရှင်ဘုရင်တွေရဲ့ လည်ချောင်း

သွေးနဲ့ ဆေးကြောပြီးတော့ ကောင်းပေ့ ဆိုတဲ့ အသားတွေနဲ့ ပူဇော်ပါမယ်လို့ သူက နတ်ကြီး တိုင်တည်ပြီးတော့ ဒီလိုပဲ နေရတယ်။ မသွားနိုင် မလာနိုင်ဘူး။

**နတ်မင်းကယ်တင်လို့ သူထင်နေ**

မစားမသောက်ပဲနဲ့ နေတာ မို့ဆို သူ့ဘာသာ အလိုလို ခြောက်ပြီးတော့ အနာက ခုနစ်ရက် အတွင်း ပျောက်သွားတယ်။ ဒါကို သူက ''အား....နတ်မင်းက ကယ်ဒါပဲ''။ အမှန်က မစား မသောက်ပဲနေလို့ အနာ ခြောက်သွားဒါ။ အနာခြောက်ပြီးတော့ ပျောက်သွားတဲ့ ဥစ္စာ။ နတ်မင်းကယ်တယ်လို့ သူကထင်နေတယ်။

**ရှင်ဘုရင်တွေ ဖမ်းဖို့ထွက်လာ**

ဒါနဲ့ အနာပျောက်လို့ သွားနိုင်တော့ လူသားလေး ဘာလေးတွေ ရှာဘားလို့ အားတွေဘာတွေ ပြည့်လို့ သိပ်ကျေးဇူးများတဲ့ နတ်မင်းပဲ။ ငါဝန်ခံထားတဲ့ အတိုင်း ရှင်ဘုရင်တွေ တော့ ဖမ်းဦးမှပဲလို့ ဆိုပြီးတော့ ရှင်ဘုရင် ဖမ်းဖို့လို့ သူ ထွက်လာတယ်။

**ဘီလူး နဲ့လမ်းမှာ တွေ့ပါရော**

သူထွက်လာတော့ ရှေးဘဝတုန်းက သူနဲ့ အတူတူ လူသား စားဘက် ဘီလူးနဲ့ လမ်းမှာ တွေ့ပါရော။ ဟာ....မိတ်ဆွေပါလားလို့ ဟိုက ဘီလူးက မှတ်မိတယ်။ သူက မသိပါဘူး။ အသင်....ဘယ်သူတုံး၊ ငါနဲ့ မင်းနဲ့ အယင်ဘဝတုံးက အတူတူ လူသားစားနေတာ။ မင်း အခု ဘယ်ဖြစ်နေတုန်းလို့ မေးတယ်။

www.dhammaransi.com



**အကုန်ပြန်ပြော**

အဲသလို မေးတော့၊ သူဖြစ်တဲ့ ရှင်ဘုရင် ဘဝရော ရှင်ဘုရင်ဘဝက လူသားစား လို့ သူထွက်ခဲ့တာရော၊ ယခု လူသားစားဖို့ရန် လုပ်နေတုန်းမှာ ငြောင့်စူးလို့ ဒီလိုဖြစ်နေလို့ နတ်ကို တိုင်တယ်ခဲ့တာ တွေရော့၊ ဒါတွေ အကုန်ပြန်ပြောတာကိုး။ "မိတ်ဆွေ....ကျုပ် ရှင်ဘုရင် တွေ ဖမ်းမလို့၊ လိုက်ပြီးတော့ ကျုပ် ကူပေးစမ်း ပါဦး" လို့ဆိုတော့ဟာ........ငါလဲ ငါ့ကိစ္စနဲ့။မင့် မကူနိုင်ဘူး။ ငါ့မှာ မန္တန်တခုတော့ ရှိတယ်။ ဒီမန္တန်ဟာ သိပ် သတ္တိရှိဒါပဲ။ သိပ် ထက်တာပဲလို့ ဆိုပြီးတော့ မန္တန်ချပေးလိုက်တယ်၊ အဲဒီမန္တန် ချပေးတော့ သူစိတ်ကလဲပဲ စိတ်ဝင်စားလို့လား မသိဘူး။ သိပ် စိတ်အားတက်သွားတယ်။ ဘီလူးလဲ သူ့ကို မန္တန်ပေးပြီး ထွက်သွားတယ်။

**ရှင်ဘုရင်တွေဖမ်းပြီး ညောင်ပင်မှာ ကြိုးနဲ့ဆွဲ**

ဟိုရှင်ဘုရင်ဒီရှင်ဘုရင်တွေဥယျာဉ် ထဲ ပျော်ပွဲစားထွက်နေတုန်းဖမ်း။ ဟိုနား ရေချိုးနေတုန်းဖမ်းနဲ့ အဲ သလို ဖမ်းတဲ့ဥစ္စာ ရှင်ဘုရင်တွေ အတော် များများကြီး ရတယ်။ သုတသောမကျတော့ "ငါ့ဆရာတော့ မဖမ်းပါဘူး" လို့ သူကရှောင်ပြီး ကျန်တဲ့ရှင်ဘုရင်တွေ ဖမ်းပြီးတော့ လက် ဖောက်၊ ညောင်ပင်ကြိုးနဲ့ ဆွဲ၊ ကြိုးနဲ့ဆွဲပြီး ခြေဖျားလေး ထောက်နိုင်ရုံကလေး ကြိုးနဲ့ ဆွဲပြီးထား။အားလုံးရှင်ဘုရင်တွေ ညောင်ပင်ကြိုးဆွဲလို့ ခြေဖျားလေးနဲ့ထောက်လို့ ဒီလိုနေကြရ ရှာတယ်။

www.dhammaransi.com



**နတ်ကစိတ်ပျက်** သူက "အင်း....ရှင်ဘုရင်တွေတော့ ငါ ယဇ်နတ် ပူဇော်ရမှာပဲ" လို့ ဆိုပြီး မီးဖို့ မီးဖိုပြီး တံစို့တွေချွန်နေတယ်။ သူလဲ စားမယ်။ နတ်ကိုလဲ ကောင်းကောင်းပူဇော်မယ်။ ရှင်ဘုရင်တွေ အသားနဲ့ အဲသလိုပြင်နေတော့ ညောင်ပင်မှာနေတဲ့ နတ်က စိတ်ပျက်တယ်ကိုး။

**သိပ်မိုက်တဲ့ အကောင်ကြီးပဲ** သိပ်မိုက်တဲ့ အကောင်ကြီးပဲ။ ငါကလဲ သူ့အနာ ဘာမှ ကုရတာ မဟုတ်ဘူး။ သူ့ဘာသာသူ ပျောက်တဲ့ ဥစ္စာကို ငါ့ကြောင့် ပျောက်တယ်လို့ထင်ပြီး ရှင်ဘုရင်တွေ ဖမ်းထားတယ်။ ဒီရှင်ဘုရင်တွေဖမ်းထားတော့ ဇမ္ဗူဒိပ်ကျွန်းမှာ ကုန်သလောက် ဖြစ်တော့မှာ။ တယ်မိုက်တဲ့အကောင်ပဲ။ သူက ငါ့ညောင်ပင်ကို သွေးနဲ့ဆေးတော့လဲ ငါ့ညောင်ပင် ပိုပြီးတော့ ညှီစော်နံပြီး ရွံစရာဖြစ်ဦးမှာပဲ။

**စတုမဟာရာဇ် နတ်မင်းကြီးတွေဆီသွား** ကျေးဇူး မရှိဒါတွေဒီကောင် လုပ်ပါပြီနဲ့ ညည်းပြီးတော့ စာတုမဟာရာဇ်နတ်မင်းကြီးတွေဆီသွားတယ်။

အရှင် နတ်မင်းတို့........ဒီကောင်ကြီးကို တားပေးစမ်းပါဦး။ အာ-တို့မတားနိုင်ဘူး။ ဘယ်သူတားနိုင်မလဲ။ သိကြားဆီသွား အကြံတောင်းစမ်းပါလားလို့ ဆိုတော့,သိကြားဆီတက်အကျိုး အကြောင်းတွေ ပြောတယ်။

www.dhammaransi.com



**သိကြားမင်းက အကြံပေး** အကျိုးအကြောင်း ပြောတော့ သိကြားမင်းက ဒီကောင်ကြီးတော့ မတားနိုင်ဘူး ငါ အကြောင်းတော့ ပြောပြမယ်။ ပေါရိသာဒဟာ သုတသောမမင်းကို ချိန်ထားတယ်။ သုတသောမမင်းက အင်မတန် ပညာရှိတယ်။ သူဆုံးမလိမ့်မယ်။ ဒီတော့ "သုတသောမမင်းမပါယင် အပူဇော်မခံဘူး"လို့ သင်ကသာ ပြောတော့ ဒီလိုဆိုယင် သူ သုတသောမမင်းကိုဖမ်းရမယ်။ ဖမ်းတဲ့အခါ သုတသောမမင်းက သူ့ကို တရားဟောလို့ နောက်ဆုံးမှာ အားလုံး ချမ်းသာစရာရှိတယ်။ သုတသောမမင်းမပါယင် ငါလက်မခံဘူးလို့သာ သင်က တင်းထားလို့ပြောတယ်။ "အာ....ကောင်းပြီ" ဆိုပြီးတော့ ပြန်လာခဲ့တယ်။

**ငါ ရပ်သားပဲ သင်က မရပ်ဘူး** ပေါရိသာဒက မီးပုံဘက် လှည့်ပြီးတော့ တံစို့တွေ ချွန်နေတယ်။ ချွန်နေတုန်း နတ်က ရသေ့ယောင် ဆောင်ပြီးတော့ ရှပ်ရှပ်ရှပ်ရှပ်နဲ့ နောက်ကသွားတော့ သူကလှည့်ကြည့်။ "တယောက်တလေများ ကိုးပြုတ်ပြီး ထွက်များပြေးသလား" သူက လှည့်ကြည့်တယ်။ ရသေ့မြင်တော့ "အာ-ရသေ့လဲပဲ သူတို့ အပူဇော်ခံထဲကပဲဟ၊ သုတသောမမင်း မပါ အတူတူတော့ သူ့ငါချိုင်မှပဲ" ဆိုပြီးတော့ လိုက်တာကိုး။

**သုတသောမမင်း မပါယင် အပူဇော်မခံဘူး** လိုက်တော့ ဟိုက နတ်က အယောင်ဆောင်ထားတဲ့ ရသေ့ ဆိုတော့ မှီအောင် မလိုက်နိုင်ဘူး။ မလိုက်နိုင်တော့ "အာ-အရှင်ရသေ့ ရပ်ပါ ရပ်ပါ"လို့ ဆိုတော့ ငါ

www.dhammaransi.com



ရပ်သွားပဲ။ မင်းက မရပ်ဘူး။ အာ-ရသေ့လုပ်ပြီးတော့ မုသား ပြောတယ်။ မရပ်ပဲနဲ့ ရပ်တယ်လို့ ပြောတယ်။ အာ-ငါမုသား မပြောဘူး။ သင်ကသာ မုသားပြောတာပါ။ ဘာမုသားပြောလို့ တုံးလို့ဆိုတော့ ဘာလဲ ဇမ္ဗူဒိပ်ရှိတဲ့ တရာ့ တပါးသော မင်းတွေ့ရဲ့ လည်ချောင်းသွေးနဲ့ ပူဇော်မယ်လို့ ဆိုပြီး ခုတော့ အလကား တော်စွလျော်စွမင်းတွေနဲ့ ပူဇော်တာ။ တကယ့် သုတသောမမင်းတော့ မပါဘူး။ ငါအလှူမခံဘူး။ အသင်ကဘယ်သူတုံး။ ငါဒီညောင်ပင်က နတ်ပဲ ဆိုပြီး နတ်ယောင်ဆောင်ပြီး နတ်အသရေနဲ့ပြတော့မှ "နတ်မင်း ဟုတ်လို့ရှိယင် ညောင်ပင် ပြန်ဝင်ပါ။ ကျုပ် သုတသောမမင်းကို ရအောင် ဖမ်းပါ့မယ်" လို့ ပြောတော့ နတ်ကလဲ ညောင်ပင်ဝင်သွားတယ်။

**ဖမ်းဖို့ ရေကန်ထဲ ဆင်းပြီး ပုန်းနေ**

ငါတော့ နတ်ကို သေသေချာချာ မြင်ရပြီ။ ငါ့သခင် ငါ့ကျေးဇူးရှင် အလိုအတိုင်း သုတသောမ မင်းကို ဘာဖြစ်ဖြစ် ဖမ်းရတော့မှာပဲ ဆိုပြီး နက္ခတ်ကြည့်လိုက်တဲ့အခါ နက်ဖြန်ခါ သုတသောမမင်းတို့ရဲ့ ခေါင်းဆေးမင်္ဂလာ ပြုတဲ့အချိန် ဖြစ်တယ်။ ခေါင်းဆေးမင်္ဂလာ ပြုတဲ့အချိန်မှာ ငါသွားပြီးတော့ သုတသောမမင်းကို ဖမ်းမယ်။ ခေါင်းဆေးမင်္ဂလာပြု လာလို့ရှိယင် စောစောကတည်းက စစ်တပ်တွေနဲ့ ဝိုင်းထားမှာ။ အဲဒီတော့ ငါသွားဖို့ခက်လိမ့်မယ်။ စောစောက ငါသွားနှင့်မှဆိုပြီး သုတသောမမင်း ခေါင်းဆေးမင်္ဂလာ ထွက်မဲ့နေ့ရဲ့ ညက သွားပြီး မင်္ဂလာရေကန်ထဲ ဆင်းနေတယ်။ ဆင်းပြီး ကြာဖက်နဲ့ ခေါင်း အသာကလေးအုပ်ပြီး ပုန်းနေတယ်။

www.dhammaransi.com



**သုတသောမမင်း ခေါင်းဆေးမင်္ဂလာ ထွက်အလာ**

နက်ဖြန်ခါ နက္ခတ် ကောင်းတာနဲ့မို့လို့ စစ်တပ် အခြံအရံတွေနဲ့ သုတသောမမင်း ဆင်စီးပြီး ခေါင်းဆေး မင်္ဂလာ ပြုဖို့ရာ ထွက်လာတယ်။ အဲဒီ အခါမှာ သုတသောမမင်းတို့ကလဲ သတင်းကြားပြီးပြီ။ ပေါရိသာဒဆိုတဲ့ လူသားစားဟာ မင်းတွေ ဖမ်းနေသတဲ့ မင်းတွေ ဖမ်းနေသတဲ့ ဆိုတာ ကြားနေပြီ။ ကြားနေတော့ စစ်တပ်နဲ့ သတိရှိစွာ ထွက်လာတယ်။ ထွက်လာလို့ နန်းတော်က ထွက်မိတယ် ဆိုယင်ပဲ တရားဂါထာတွေကို ဆက်ချင်လို့ ခရီးဝေးကလာတဲ့ ပုဏ္ဏား တယောက်နဲ့ တွေ့တယ်။ နာမည်က နန္ဒတဲ့။ သုတသောမမင်းရဲ့ ခေါင်းဆေးမင်္ဂလာနဲ့တွေ့တော့ လမ်းခရီးမှာ တော်တော်မြင့်တဲ့ နေရာ တက်ပြီး "အရှင်မင်းမြတ် အောင်တော်မူပါစေ" လို့ သူတို့ ထုံးစံအတိုင်း ကြွေးကြော်ပေးတယ်။

**တရားဂါထာတွေ ဆက်သချင်လို့ ပုဏ္ဏားလာခဲ့**

သုတသောမမင်းက ဆင်ပေါ်က ဆင်းသွားပြီး ပုဏ္ဏားကိုမေးတယ်။ ဘာကိစ္စလဲ။ ကျွန်တော်မျိုးဆီမှာ ကဿပမြတ်စွာဘုရား လက်ထက်က အဆက်ဆက် ကူးပြီးတော့ ယူလာတဲ့ တရားဂါထာ ၄-ဂါထာ ပါပါတယ်။ အဲဒီ တရားဂါထာတွေကို အရှင်မင်းမြတ်အား ဆက်သချင်လို့ လာခဲ့ပါတယ်လို့ပြောတယ်။ "အာ....ကောင်းပြီ။ ငါ အခုခေါင်းဆေး မင်္ဂလာ ပြုမလို့ထွက်လာတယ်။နက်ဖြန် မနက်ကျယင် ငါ နာမည်၊ ကဲ-ဆရာပုဏ္ဏားကို နေရာကောင်းကောင်း ပေးလိုက်ပါ။ အစား အသောက်ကို ကောင်းမွန်စွာကျွေးလိုက်ပါ"ဆိုပြီးတော့ မှူးကြီး

www.dhammaransi.com



မတ်ကြီးတွေအပ်ပြီး ခေါင်းဆေးမင်္ဂလာ ပြုတဲ့နေရာ ထွက်လာခဲ့တယ်။

**ခုနှယ်ပေါ့တုန်း ငါ့ဖမ်းမှ** ရေကန်တော် ရောက်တယ်ဆိုယင်ပဲ လက်ဝတ်လက်စားတွေ မင်းမြောက်တန်ဆာတွေ ချွတ်လို့ ကိုယ်ဝတ် လဲဝတ်ပြီး ပေါ့ပေါ့ပါးပါးနဲ့ ရေဆင်းချိုး, ခေါင်းပါလျှော်၊ ရေချိုး ခေါင်းလျှော်ပြီး ပြန်တက်လာတဲ့အခါမှာ မင်းမြောက်တန်ဆာတွေ ဘာတွေ ဆင်ဖို့ရန် အလုပ် အကျွေးတွေ အဆင်သင့်အနားရောက်နေကြတယ်။ သုတသောမ ဒီအခြေအနေရောက်တော့ ပေါရိသာဒက စဉ်းစားတယ်၊ "တော်တော်ကြာ ဆင်ပြင်ပြီးလို့ရှိယင် လေးသွားလိမ့်မယ်။ ခုနှယ်ပေါ့တုန်း ငါ့ဖမ်းမှပဲ"ဆိုပြီး ဟိုကခေါင်းလျှော်ပြီး ခေါင်းက ရေတစက်တစက် ဖြစ်တုန်းမှာ အနား သွားပြီး.... "ငါဟ ပေါရိသာဒ"တဲ့လို့ အော်လိုက်တယ်။

**ဆရာဖြစ်ခဲ့တာမို့ ပခုံးပေါ်ထမ်း** ဒီလို အော်လိုက်တယ်ဆိုယင်ပဲ ဆင်ပေါ်မှာ နဂိုက စီးနေတဲ့ ဆင်စီး သူရဲတွေကလဲ သူတို့ကိုမြင်မှာစိုးလို့ဆင်ပေါ်ကတခါတည်းလျှောချကြတယ်။ မြင်းပေါ်က စောင့်ကြပ်နေတဲ့ မြင်းစီးသူရဲတွေကလဲ သူတို့ကိုမြင်မှာစိုးလို့ လျှောချပြီး အကုန်လုံး ဝပ်နေကြတာပဲ။ ဒိပြင် ရှင်ဘုရင်တွေ ဖမ်းတုန်းကတော့ ခြေထောက်နှစ်ချောင်းကိုင်ပြီးတော့ နောက်ပြန်ကျောပိုး ဇောက်ထိုးထားပြီး ဆွဲသွားတယ်။ ဒီသုတသောမမင်းကတော့ ဆရာဖြစ်ခဲ့တာမို့လို့ အသာလေး သူက ငုံ့ပြီးတော့ ပခုံးပေါ်ထမ်းပြီး ဖမ်းလာခဲ့

www.dhammaransi.com



တယ်။ ဘယ်သူမှ ဘယ်စစ်သားမှ မလှုပ်ဝံ့ဘူး။ ဆင်တွေ မြင်း တွေလဲ မလှုပ်ဝံ့ဘူး။

**မျက်ရည်ကျတယ် ထင်တယ်**

သူကလဲ တွေ့ရာ ခုန်ကျော် နင်းဖြတ်ပြီး တော့ လာခဲ့တာ အားလုံး စစ်တပ်တွေ လွန်တော့မှ အေးအေးဆေးဆေး ထမ်း သွားတယ်။ သူတို့နေရာနဲ့ နီးနီးလေး ရောက်တယ် ဆိုယင်ပဲ သူက ခတ်မှန်မှန်သွားတော့ ခေါင်းလျှော်လာတဲ့ဆံပင်ကရေစက် ကျတာကိုး။ ကျတော့မှ "ဩော်........လောကမှာ သေမှာ မကြောက်တဲ့သူ ဘယ်သူမှ မရှိဘူးနော်။ ငါ့ဆရာဖြစ်ခဲ့တဲ့ သုတ သောမတောင် ကြောက်ရှာလို့ ငိုတယ်ကိုး, မျက်ရည်ကျတယ် ကိုး"လို့ ဖမ်းသွားယင်း မျက်ရည်ကျတယ် ထင်နေတယ်။

**ပညာရှိ သူတော်ကောင်းများ လွှမ်းလဲမလွှမ်းရပါ**

အမှန်တော့ မျက်ရည်ကျတာ မဟုတ် ပါဘူး။ ခေါင်းက ခေါင်းလျှော်လာတဲ့ အရည် ကျတာပါ။ ဒါနဲ့ သူက ထမ်းယင်းပြောတယ်။ အရှင်မင်းမြတ်.... အသင်တို့လို သူတော်ကောင်းတွေ ပညာရှိတွေကတော့ သေမှာ များ ကြောက်ဖို့ မကောင်းဘူးနော်။ သေမှာ မကြောက်ပါ နဲ့လို့ သူက အောက်ကနေများ အားပေးသေးတယ်။ မကြောက် ပါနဲ့, သားတော် သမီးတော်တွေ လွမ်းပါသလား။ တိုင်းပြည်ကို လွမ်းပါသလား။ ပညာရှိ သူတော်ကောင်းတွေဆိုတာ လွမ်းလဲ မလွမ်းရပါဘူး။

www.dhammaransi.com



**တရားမနာရတာ ငါ့စိတ်ထဲ စနောင့်စနင်းဖြစ်** အဲဒီလို ပေါရိသာဒကပြောတော့ "ပေါရိသာဒ-ငါ မလွမ်းပါဘူး။ တိုင်းပြည်လဲ ငါမလွမ်းဘူး။ သားတော်, သမီးတော်, ဆွေတော်, မျိုးတော်တွေလဲပဲ ငါမလွမ်းဘူး။ ငါ့စိတ်ထဲ စနောင့်စနင်း ဖြစ်နေတာကတော့ နက်ဖြန်ခါ တရားနာပါ့မယ်လို့ ပုဏ္ဏားတယောက်ဆီ ငါပဋိညာဉ် ပေးခဲ့တယ်။ အဲဒီတရား မနာရတာတခုပဲ။ ငါ့စိတ်ထဲမှာ စနောင့်စနင်း ဖြစ်နေတယ်။ ပေါရိသာဒ....ငါ့ကိုလွှတ်ပါ။ ငါအဲဒီတရားနာပြီးတော့ ပြန်လာခဲ့မယ်လို့ ပြောတော့, အာ....သေဘေးမှ လွတ်ပြီးမှ ပြန်လာတယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး။ ဘယ်သူမဆို သေဘေးက လွတ်ပြီးယင် သေမဲ့နေရာ လာရိုးမရှိပါဘူး။

**ငါဘယ်တော့မှ မုသားမပြောဘူး** "ပေါရိသာဒ.... ငါ့ကို အောက်ချဉီး, အောက်ချဉီး"ဆိုတော့မှ သူအောက်ချတယ်။ ပေါရိသာဒ....ငါ့ကို သင် ငယ်ငယ်ကသိတယ်နော်။ ငါလူမှန်းသိတဲ့ အခါကစပြီးတော့ ဘယ်တော့မှ မုသားမပြောဘူး။ ငါအမြဲတမ်း မှန်ကန်တဲ့ စကားကို ပြောတယ်။ သင်နဲ့ ငါနဲ့ တက္ကသိုလ်မှာ ပညာသင်တုန်းက မုသားပြောဘူးတယ်လို့ သင် တွေ့သလား။ ငါ ဘယ်တော့မှ မုသားမပြောဘူး။

**ငါ သစ္စာဆိုမယ်** ငါ မင်းယုံအောင်လို့လေ သစ္စာဆိုမယ်။ သင်ကိုင်ထားတဲ့ သန်လျက်ကို ငါကိုင်ပြီးတော့, ဓားကို ငါကိုင်ပြီးတော့, လှံကို ငါကိုင်ပြီးတော့, သစ္စာ

www.dhammaransi.com



ဆိုမယ်။ ငါ မုသားသာ ပြောလို့ရှိယင် ဒီလို ထီးတွေ နန်းတွေနဲ့၊ ကိုယ်ရံတော်တွေနဲ့ အစောင့်အရှောက်တွေနဲ့ နေရတဲ့ ဘဝမျိုး ဘယ်တော့မှ မဖြစ်ပါရစေနဲ့လို့ အဲဒီလို ငါ သစ္စာဆိုပါမယ်။

**ပြန်လွှတ်မှပဲလို့ စဉ်းစား**

အဲဒီ သစ္စာထက် ပိုပြီးတော့ သစ္စာဆိုချေချင်သေးတယ် ဆိုယင်၊ ငါ သစ္စာ ဆိုမယ်လို့ ပြောတော့၊ ပေါရိသာဒက ဆရာလဲ ဖြစ်ခဲ့ဘူးတယ်။ အမှန်လဲ ချစ်ပါတယ်။ နတ်က မပါယင် မကြိုက်ဘူးဆိုလို့သာ ဖမ်းရတာ။ ငါရဲ့ မိတ်ဆွေ ရှင်ဘုရင်တွေဆိုတာ ဒီလို သစ္စာဆိုနေဖို့မလိုဘူး။ ယခုသစ္စာဆိုမယ်လို့ ပြောပြီး ရှင်ဘုရင်များ မပြုထိုက်တာကို ပြုရှာတယ်။ ကဲလေ- သုတသောမ ပြန်လာလဲ လာရောပေါ့၊ မလာလဲ မလာပေါ့။ ငါတော့ သူသွားချင်တဲ့ နေရာတော့ ပြန်လွှတ်မှ ပဲလို့ စဉ်းစားတယ်။ ကောင်းတယ်နော်၊ ကောင်းတယ်။ လူတွေကို သတ်ပြီးတော့ လူသားစားနေပေမဲ့ ကောင်းတဲ့ဘက်က ဘယ်လောက်ကောင်းတယ်ဆိုတဲ့ဥစ္စာကို ဆက်ပြီးတော့ သတိထားလိုက်ကြစမ်းပါ။

**ပြန်ဖြစ်အောင်တော့ ပြန်ခဲ့ပါနော်**

ကဲ....ဒါဖြင့် မိတ်ဆွေ ပြန်ပါတော့။ ပြန်ပြီးတော့လေ လာဖြစ်အောင် လာပါနော်။ ပေါရိသာဒ စိတ်သာချ၊ ငါ တရားလေးဂါထာ နာပြီးလို့ရှိယင်တော့လေ လာကို လာခဲ့မယ်လို့ဆိုတော့ ကဲ— ပြန်တာပေါ့လို့ဆိုပြီး၊ အရှင်မင်းမြတ်.... ပြန်ဖြစ်အောင်တော့ ပြန်ခဲ့ပါနော်။ နတ်ကလေ အရှင်မင်းမြတ် မပါယင် လက်ခံမှာ မဟုတ်လို့ပါလို့ ပြောလိုက် သေးတယ်။

www.dhammaransi.com



အေး၊ အေး....လာခဲ့မယ်။ နက်ဖြန်ခါ မင်း ယဉ်ပူဇော် အမှီကို ငါပြန်လာခဲ့မယ် ဆိုပြီးတော့ ပြန်သွားရော။

**ဘယ်လောက်စိတ်က ကောင်းနေတုံး** ပေါရိသာဒကတော့- ပြန်လာလဲ လာရောပေါ့လေ၊ မလာလဲပဲ နတ်ကျေနပ်လောက် အောင်တော့ ငါ့ရဲ့ လက်မောင်းသွေး ဖောက်ပြီးတော့၊ ဒါ သုတသောမမင်းရဲ့ အစားကျုပ် လက်မောင်းသွေးကို ဖောက်ပူဇော်တာ ပါလို့ ပြောမယ်။ ဘယ်လောက် စိတ်က ကောင်းနေတုံး။ သုတသောမမင်းအပေါ်မှာ ဘယ်လောက် စိတ်ကောင်းနေတုံး။ လာချင်လဲ လာပေါ့လေလို့၊ သူလိုလိုမယ်မယ်သာ မှာလိုက်တာ။ စိတ်ကတော့ လာချင်မှ လာပါစေတော့ပဲ သဘောထားတယ်။

**နန်းတော်ပြန်ရောက်၍ ဆရာပုဏ္ဏားကိုပူဇော်** စစ်သည်တော် တပ်သားများ ကလဲ သုတသောမမင်း ပြန်လာ လိမ့်မယ်လို့ ထင်တာနဲ့ပဲ ဥယျာဉ် ထဲက စောင့်နေကြတယ်။ အဆင်သင့် ပြန်လာတာ မြင်တာနဲ့ ဝိုင်းရံပြီးတော့ အကျိုးအကြောင်းများ မေးပြီး နန်းတော် ပင့်သွားကြတယ်။ နန်းတော်ရောက်တော့ သူ့ရဲ့ အဆောင်တော်မှာ သူဘာမှ ဒိပြင် အလုပ်မလုပ်သေးဘူး။ ကိုင်း....မနေ့တုန်းက ဆရာပုဏ္ဏားကို ပင့်ပါ။ ကဲ ရေမိုးများ ချိုးပေးကြပါ။ မုတ်ဆိတ်တွေ ကျင်စွယ်တွေ ပြုပြင်ပေးကြပါလို့ ပြောတယ်။ ဆရာပုဏ္ဏား ရေမိုးချိုးပြီးပြီဆိုတော့ သူ့ဖို့ချက်လာတဲ့ ပွဲတော်ကို သူမစားဘူး။ ကဲ-တရား ပူဇော်တဲ့အနေနဲ့ ဆရာပုဏ္ဏားကို ဆက်ပါလို့ ပြောပြီး အဆက်ခိုင်းတယ်၊ ပုဏ္ဏားက စားတယ်။

**ဆရာကို ဆရာမှန်း သိသူ** ပုဏ္ဏားစားပြီးတော့မှ သုတသောမက နိမ့်တဲ့ နေရာကလေးမှာ ထိုင်ပြီးတော့ ပွဲတော်တယ် တယ်။ ဆရာကို ဆရာမှန်းသိပြီး, နေရာအမြင့်က ထားပြီးတော့ နေထိုင်စားသောက်တဲ့ အစီအစဉ်လေးတွေကို သတိထားလိုက်စမ်းပါ။ သူ စားသောက်ပြီးလို့, ဆေးကြောပြီးတော့ "ကိုင်း အရှင်ဆရာ....မနေ့က ဟောမယ်ဆိုတဲ့ တရားကို ချီးမြှင့်ပါ" ဆိုပြီးတော့ သူက အောက်ကနေလို့ တရားဟောမယ့် ပုဏ္ဏားကို ရာဇပလ္လင်ပေါ်က ထားလို့ တရားနာတယ်။

**တရားစာအုပ်ကို ယူတော့မယ်ဆိုတော့** ပုဏ္ဏားကလဲပဲ သူ့ရဲ့ လွယ်အိတ် ထဲမှာ ပါလာတဲ့ တရားစာအုပ်ကို ယူတော့မယ်ဆိုတော့ သူ့လက်ကို စင်ကြယ်အောင် ဆေးကြောပြီးတဲ့အပြင် နံ့သာရေတွေ ဘာတွေနဲ့ သုတ်လိုက်သေးတယ်။ နံ့သာရေတွေ ဘာတွေနဲ့ လက်ကို ပွတ်တိုက်ပြီးတော့မှ ရှိရှိသေသေ လက်နှစ်ဖက်နဲ့ ဆွဲထုတ်လိုက်တယ်။ ဆွဲထုတ်ပြီးတော့ "အရှင်မင်းမြတ်....ဒီတရားဟာလေ ကဿပမြတ်စွာဘုရားလက်ထက်, ကဿပမြတ်စွာဘုရား ဟောတော်မူတဲ့ တရားကို အဆင့်ဆင့် ကူးလာလို့ ကျွန်တော်မျိုးများ ရခဲ့တာပဲ။ အဲဒီတရားကို အရှင်မင်းမြတ် နာစိုက်တော်မူပါ" လို့ဆိုပြီးတော့ သူ့ရဲ့ပါလာတဲ့စာအုပ်ကို ဖွင့်ပြီးတော့....။

**ပုဏ္ဏားက တရားဟော**

သကိံဒေဝ သုတသောမ, သဗ္ဘိ ဟောတိ သမာဂမော၊

သာ နံ သင်္ဂတိ ပါလေတိ, နာ-သဗ္ဘိ ဗဟု သင်္ဂမော။

www.dhammaransi.com



သုတသောမ- သုတသောမ အမည်ရတဲ့ မင်းမြတ်၊ သဗ္ဘိ- သူတော်ကောင်းတို့နှင့်၊ သကိံ ဒေဝ-တကြိမ် တခါလောက်သာ လျှင်၊ သမာဂမော-ပေါင်းဆုံရ, တွေ့ရခြင်းသည်၊ သာခု- ကောင်းမြတ်လှပါပေ၏၊ သာသင်္ဂတိ- ထိုသူတော်ကောင်းတို့နှင့် တကြိမ်တခါလောက် ပေါင်းလိုက်ရခြင်းသည်။ နံ-ထို သူတော် ကောင်းနဲ့ ပေါင်းတဲ့သူကို၊ ပါလေတိ- အမြဲမပြတ် စောင့် ရှောက်ရှိနေပါ၏၊ အသဗ္ဘိ-မသူတော်တို့နှင့်၊ ဗဟု- အကြိမ် များစွာ၊ သင်္ဂမော-ပေါင်းဆုံရခြင်းသည်၊ န ပါလေတိ-မစောင့် ရှောက်နိုင်ပါ။

**သူတော်ကောင်းနဲ့ ပေါင်းရတာ အင်မတန်ကောင်း**

"အရှင်မင်းမြတ်....သူတော် ကောင်းနဲ့ ပေါင်းရတဲ့ ဥစ္စာ ဟာ အင်မတန် ကောင်းပါ တယ်။ တနေရာမှာ သူတော်ကောင်း စစ်စစ်နဲ့ တကြိမ်တခါတည်း တွေ့ရတယ်ဆိုပါတော့။ အဲဒီတခါတည်းတွေ့ရတဲ့ဥစ္စာဟာမမေ့နိုင် အောင် ကောင်းပါတယ်။ ဘယ်တော့မှ အဲဒီ သူတော်ကောင်းနဲ့ မိတ်ဆွေပျက်သွားတယ်လို့ မရှိပါဘူး။

## မသူတော်တွေနဲ့ မိတ်ပျက်လွယ်

သကိံဒေဝ သုတသောမ, သဗ္ဘိ ဟောတိ သမာဂမော၊
သာ နံ သင်္ဂတိ ပါလေတိ, နာသဗ္ဘိ ဗဟု သင်္ဂမော။

မသူတော်တွေနဲ့ ပေါင်းတဲ့ အခါကျတော့ ကနေ့ပေါင်း, နက်ဖြန်ပေါင်း။ တအိမ်ထဲနေ ဘယ်တော့မှ စိတ်မချရဘူး။

www.dhammaransi.com



မသူတော်တွေနဲ့ ပေါင်းရတဲ့ ဥစ္စာဟာ မိတ်ဆွေ အင်မတန်ပျက်လွယ်ပါတယ်။

**သူတော်ကောင်းနဲ့ မိတ်မပျက်** သူတော်ကောင်းတွေနဲ့ ပေါင်းရ တာက တော့ တခါလောက် ပေါင်းလိုက် ရတယ် ဆိုလို့ရှိယင် ဘယ်တော့မှ မိတ်မပျက်ပါဘူး။ အဲဒီ တခါလောက် ပေါင်းတာက စောင့်ရှောက်ပြီးတော့ အမြဲနေသလိုပဲ။ သူပြောတဲ့ စကားလေး နားထဲက ကြားလို့၊ သူ့မျက်နှာလေး မျက်စိထဲ မြင်လို့၊ သူ့ရဲ့ ချိုချိုသာသာ ပြောသံ ဆိုသံ ပုံသဏ္ဌာန်လေး သတိရလို့။ ဘယ်တော့မှ မပြယ်ပါဘူး။ သုတသောမက နားထောင်လို့ "စိတ်ထဲက အင်း.... အင်းနဲ့" တရားကို သဘောကျလွန်းလို့။

### သူတော်ကောင်းနဲ့သာ ပေါင်းပါ

သဗ္ဘိရေဝ သမာသေထ, သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ၊
သတံ သဒ္ဓမ္မ မညာယ, သေယျော ဟောတိ န ပါပိယော။

သဗ္ဘိရေဝ သူတော်ကောင်းတို့နှင့် သာလျှင်၊ သမာသေထ-ပေါင်းသင်းဆက်ဆံ၍နေရာ၏၊ သဗ္ဘိဝေ-သူတော်ကောင်းတို့နှင့် သာလျှင်၊ သန္ထဝံ-အတူသွား အတူလာ, အတူစား အတူနေမှုကို၊ ကုဗ္ဗေထ-ပြုရာ၏။

တရားတော်က "သွားယင်လဲ သူတော်ကောင်းနဲ့ အတူတူသွား၊ စားယင်လဲ သူတော်ကောင်းနဲ့ အတူတူစား၊ နေယင်လဲ သူတော်ကောင်းနဲ့ အတူတူနေ၊ စကားပြောယင်လဲ သူတော်ကောင်းနဲ့ အတူတူ စကားပြောပါ"လို့ ဆိုလိုတယ်။

**သူတော်ကောင်းနဲ့ ပေါင်းရတာ အရှုံးမရှိ**

သတံ-သူတော်ကောင်း တို့၏၊ သဒ္ဓမ္မံ-ဟောပြော ညွှန်ပြ, ဆုံးမတဲ့ သူတော်ကောင်း တရားကို၊ အညာယ-မိမိ စိတ်မှာ, ကောင်းစွာလိုက်နာ၍ သိသည်ရှိသော်၊ သေယျော-ဘယ်အခါမှ အရှုံးမရှိပဲ အမြတ်သာလျှင် ရနိုင်ပါ၏၊ န ပါပိယော-ဘယ်အခါကမှ ရှုံးတယ်ဟူ၍ မရှိနိုင်ပါ၊ သူတော်ကောင်း နဲ့ ပေါင်းကြည့်လို့ ရှုံးတယ်လို့ ဘယ်တော့မှမရှိဘူး၊ အမြတ် သာ ရပါတယ်။ ဒါကြောင့် သူတော်ကောင်းနဲ့ အတူသွားပါ။ အတူလာပါ၊ အတူနေပါ အတူထိုင်ပါ၊ သုတသောမမင်းက အောက်ကထိုင်လို့ ရိုရိုသေသေ နားစိုက်လို့, စဉ်းစားလို့ တရား နာနေတယ်။

## ရှင်ဘုရင်ရဲ့ ရထားတွေ အိုရ

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ, အထော သရီရမ္ပိ ဇရံ ဥပေတိ၊
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ, သန္တော ဟဝေ သဗ္ဘိပဝေဒယန္တိ၊

သုဘသောမ-သုဘသောမ မင်းမြတ်၊ သုစိတ္တာ-အလွန်တရာ ဆန်းကြယ်အောင် ပြုလုပ်အပ်ကုန်သော၊ ရာဇရထာ-ရှင်ဘုရင် တို့ရဲ့ စီးတော် ရထားတို့သော်မှလည်း၊ ဝေ-စင်စစ်ဧကန်, အမှန် အားဖြင့်၊ ဇီရန္တိ-ဆွေးမြေ့ယိုယွင်း, အိုမင်းကြရပါကုန်၏။

ရှင်ဘုရင့်ရထားတွေ ဘယ်နည်းနဲ့မှ တသက်လုံး မပျက်စီးနိုင် အောင်လို့ ဗိသုကာ အကျော်အမော် တွေက ဆိုကြပါစို့, အင်ဂျင်နီယာ အကျော်အမော်တွေက ဆောက်လုပ်ထားပေမယ် လို့ ဆွေးမြေ့တာပါပဲ။

www.dhammaransi.com



**ခန္ဓာကိုယ်လဲ အိုရ**

သရီရမ္ပိ-သူသူ ငါငါတို့ရဲ့ ခန္ဓာ ကိုယ်သည် လည်း၊ ဇရံ-ဆွေးမြေ့ ယိုယွင်း အိုမင်းခြင်း သို့၊ ဥပေတိ-ကပ်ရောက်ရပါ၏၊ မာန်မာန ယစ်ပြီးတော့ ငါကျန်းမာတယ်။ ငါအသက် ငယ်သေးတယ်။ ငါ ခွန်အားဗလ ရှိတယ်လို့, ဒီလို မာန်ယစ်နေပေမယ်လို့ အို မှာပဲ။ ဒီခန္ဓာကိုယ်ဟာ ခိုင်ခံ့တယ်, တည်မြဲတယ်, တည်တံ့ တယ်လို့ ဘယ်တော့မှ မရှိပါဘူး။

**သူတော်ကောင်းတရား အိုတယ်လို့မရှိ**

သတံ-သူတော်ကောင်း တို့၏၊ ဓမ္မော စ-သူတော်ကောင်း တရားသည်ကား၊ ဇရံ-ဆွေးမြေ့ ယိုယွင်း, အိုမင်းခြင်း သို့၊ နဥပေတိ-ဘယ်တော့မှ မကပ်ရောက်ပါ။....သူတော်ကောင်း တရား အိုသွားတယ်လို့ ဘယ်တော့မှ မရှိပါဘူး။ သူတော် ကောင်းတရား နာနေတယ် သေသွားတယ်လို့ မရှိပါဘူး။ သူတော်ကောင်း တရားက ဘယ်တော့မှ မအိုနိုင်ပါဘူး။ ဆိုပါ တော့ သီလ စင်ကြယ်မှု ဆိုတဲ့ သူတော်ကောင်းတရား ဘယ် တော့မှ မအိုဘူး။

**သီလဆိုတာ အိုသွားတယ်လို့မရှိ**

သီလံ ယာဝဇရာ သာဓု - ယာဝဇရာ- ငယ်သည်မှ စ၍ အိုသည့် တိုင်အောင်၊ သာဓု-မပျက်နိုင်ပဲ ခိုင်မြဲ ကောင်းမြတ် တဲ့ တရားသည်ကား၊ သီလံ-ကိုယ်ကျင့်သီလ, ငါးပါး ရှစ်ပါး ဆိုတဲ့ သီလမျိုးပေတည်း၊ ဘယ်တော့မှ သူတော်ကောင်းတရား မှန်သမျှ သီလပဲပြောပြော, ဒါန အစစ်ပဲပြောပြော, ဘာဝနာပဲ

www.dhammaransi.com



ပြောပြော ဘယ်ဘော့မှ အိုသွား တယ်လို့ မရှိဘူး။ ကြည့်စမ်း....မင်းစီးတဲ့ ရထားကြီး အိုတယ်, အသုံး မကျလို့ ပြစ်ထားရတယ်။ ရှင်ဘုရင်များရဲ့ ခန္ဓာကိုယ် အိုပြီးတော့ သေသွားရတယ်။ သူတော်ကောင်းတရား အိုသွားတယ်လို့ ဘယ်တော့မှ မရှိပါဘူး။ သူတော်ကောင်း တရားကတော့ အမြဲပဲ ဘောင့်တောင့်တင်းတင်း နေတဲ့ သူလိုပဲ, အမြဲ ပျိုပြီးတော့ နေပါတယ်။

**အတုအယောင်တွေ မပြုလေနဲ့** သန္တော-သူတော်ကောင်းတို့ သည်ကား၊ ဟဝေ - စင်စစ်၊ သဗ္ဘိ – ဘယ်တော့မှ မပျက်စီးနိုင်တဲ့ နိဗ္ဗာန်တရားကို၊ ပဝေဒယန္တိ-ဟောပြော ညွှန်ပြတော်မူကြ ကုန်၏။........သုဘသောမက နားထောင်လို့ ဟုတ်တယ်, သူတော်ကောင်းတရားတွေ မအိုနိုင်ဘူး၊ တို့ခန္ဓာတွေ, တို့အသုံးအဆောင်တွေကတော့ အိုကြတယ်၊ ပျက်စီးကြတယ်, သေကြတယ်၊ သူတော်ကောင်းတရားလို့ ဆိုတဲ့ သီလတို့, ဒါနတို့, ဘာဝနာတို့ ဘယ်တော့မှ မအိုဘူး။ စင်စစ် ကလေးသာပြု, အတုအယောင်တွေသာမပြုလေနဲ့ အစစ်သာပြု။

**သီလရှိတဲ့မိန်းကလေး တယောက်** မိန်းကလေးတယောက် ငယ်ငယ် ရွယ်ရွယ်က သီလရှိတယ်လို့ဆိုတယ်။ တော်တော်လေး အချိန်အရွယ် ရောက်တော့လဲ သီလရှိတယ်လို့ ဆိုပြန်တယ်။ အိုးနဲ့ အိမ်နဲ့ ဖြစ်ပြန်တော့လဲ သီလရှိတယ်လို့ ဆိုပြန်တယ်။ အဖိုးအဖွားအရွယ် ရောက်ပြန်တော့ သီလရှိပြန်တယ်။ သေခါနီးကျတော့ သီလရှိပြန်တယ်။

www.dhammaransi.com



ဒီသီလ ဘယ်တော့မှ မအိုဘူး, ပိုပြီး ပျိုတောင်မှ ပျိုလာသေးတယ်။ သီလပိုပြီးတော့ အားရှိတောင် လာသေးတယ်။

**လိမ်မပြောဘူး ယုံတော့** အမယ်လေး ငါးနှစ်သမီးကလေး သီလရှိတော့ သူက အသက်ကလေးကသာ ငါးနှစ် ရှိသေးတယ်, လိမ်မပြောဘူး သိလား။ ဒီကလေးမလေးဟာ ဘယ်သူလောင်းလား, ဘာလား မပြောတတ်ဘူး။ လိမ်မပြောတတ်ပါဘူး, သိလား။ ဆယ်နှစ်လောက် ကျတော့လဲ မဟုတ်ဘူး၊ သူက ငယ်ငယ်ထဲက မလိမ်တတ်တာ။ နောင်အသက်နှစ်ဆယ်လောက် ဘယ့်လောက်ရောက်တော့လဲ သူပြောယင်တော့ ယုံတော့။ သူက ကလေးထဲက မလိမ်တာ, အိမ်ထောင်နဲ့ ဘာနဲ့ နေပြန်တော့လဲ, အို....သူပြောလို့ရှိယင် ယုံတော့။ ရောင်းတာဝယ်တာကစ သူပြော ယုံတော့။ သူ ဘယ်တော့မှ မလိမ်ဘူး။

**လေးစားဆိုက်သော ဖွားဖွား** နောက် အဖွားတွေ ဘာတွေ ဖြစ်လာတော့လဲ အမယ်လေဘယ်သူတို့တော့လေ ငယ်ငယ်ကလေးထဲက မုသားမပြောဘူး၊ သူ့အသက်တွေ ဘာတွေများ သတ်ဖို့ဆိုတာ မပြောနဲ့။ ပိုးမွှားတိရစ္ဆာန်တောင် နာနာ မဖြစ်စေဘူး။ အင်မတန် ကောင်းတာပဲလို့ သိတဲ့လူတွေက ကြည်ညိုကြတယ်, လေးစားကြတယ်။ သူ့ရဲ့ သီလက ပိုပြီးတော့ တောင့်တင်းလို့ မအိုတဲ့ပြင် ပျိုတောင် ပျိုနေသေးတယ်။ သေခါနီးကျတော့လဲ အဲဒီသီလက သူ့ကို “အို-ဖွားဖွား, ဘာကြောက်စရာရှိတုံး”လို့ အားပေးတဲ့ အနေမျိုးနဲ့ ဖြစ်နေတယ်။

www.dhammaransi.com



**စိတ်ထဲမှာ ကြည်လို့** သုတသောမက သဘောကျ, တရား နားစိုက်နာလို့, ဘုရားအလောင်းလဲ ဖြစ်ပြန်, ကတ်ကတ်သပ်သပ် ရှားရှားပါးပါး အဆင့်ဆင့်ကူး လာလို့ရတဲ့ ကဿပမြတ်စွာဘုရားလက်ထက်က တရားတော်ကိုလဲ နားထောင်ပြီးတော့ နေရပြန်တယ်။ အင်မတန် စိတ်ထဲမှာကြည် လို့။ ပုဏ္ဏားက ဆက်ပြီးဟောတယ်။

နဘဉ္စ ဒူရေ ပထဝီ စ ဒူရေ,

ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ၊

တတော ဟဝေ ဒူရတရံ ဝဒန္တိ,

သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။

နဘဉ္စ-ကောင်းကင်သည်လည်း၊ ဒူရေ-မြေကြီးမှ ဝေးလှပါ၏၊ ပထဝီစ-မြေကြီးသည်လည်း၊ ဒူရေ ကောင်းကင်မှ ဝေးလှပါ၏၊ သမုဒ္ဒဿ - သမုဒ္ဒရာ ဤမှာဘက်၏၊ ပါရံ - ထိုမှာဘက် ကမ်းကို၊ ဒူရေ-ဝေးသည်ထက် ဝေးလှ၏ဟူ၍၊ အာဟု-ဆိုကြ ကုန်၏၊ သတဉ္စ-သူတော်ကောင်းတို့၏၊ ဓမ္မောစ-သူတော်ကောင်း တရားသည်လည်းကောင်း၊ အသတံ-မသူတော်တို့၏၊ ဓမ္မောစ- မသူတော်တရားသည်လည်းကောင်း၊ တတော-ထိုမိုးနဲ့ မြေကြီး ဝေးကွာသည်ထက်၊ တတော-ထို သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ဝေးကွာသည်ထက်၊ ဒူရတရံ-သာ၍ ဝေး၏ဟူ၍၊ ဝဒန္တိ-ပြောဆိုညွှန်ပြ, ဟောပြတော်မူကြကုန်၏။

www.dhammaransi.com



**လောက အဝေးကြီးတွေထက် ပိုဝေးတာက** လောကမှာ အဝေးကြီးတွေ လျှောက်ကြည့်စမ်း, မြေကြီးနဲ့ ကောင်းကင်ဟာ ဝေးတယ်။ ကောင်းကင်ဆိုတာ နဲနဲကလေးလောက် မြေကြီးကလွတ်ယင် ကောင်းကင်ပါပဲ။ ဒါပေမဲ့ မြေကြီးအနေနဲ့ ကောင်းကင်ရဲ့ အနေကို ယှဉ်စပ်လို့ မရဘူး။ မြေကြီးက တကယ်ထဲ ထူပိန်းပိန်းကြီး။ ကောင်းကင်က ဟာလာဟင်းလင်း ဘာမှမရှိဘူး။ သဘောချင်း အင်မတန် ဝေးနေတာပဲ။ သမုဒ္ဒရာရဲ့ ဒီဘက်ကမ်းနဲ့ ဟိုဘက်ကမ်းဆိုယင်လဲ ဘယ့်နှယ်မှ စပ်လို့မရဘူး။ အဲဒီထက် ပိုဝေးတာက သူတော်ကောင်းတရားနဲ့ မသူတော်တရား ယှဉ်စပ်လို့ မရပါဘူး။ သီလကို စောင့်ထိန်းပြီး နေတာက သူတော်ကောင်းတရား။ သူ့အသက် သတ်လို့, သူ့ဥစ္စာခိုးလို့, မတရားလိမ်လို့, အဲဒါက မသူတော်တရား။ လိမ်တယ်, မလိမ်ဘူး။ ဘယ့်နှယ်မှ စပ်လို့မရဘူး။ တခုပဲ ဖြစ်ရမယ်။ လိမ်သလား, လိမ်တယ်။ အကုသိုလ်, ဒါ မသူတော်တရားပဲ။ လိမ်တာဟာ မလိမ် မဖြစ်နိုင်ဘူး။ သတ်တာဟာ မသတ်တာ မဖြစ်နိုင်ဘူး။ အင်မတန် ဝေးတာပဲ။ တခုနဲ့တခု ယှဉ်စပ်လို့ မရဘူး။

**သုစရိုက်နဲ့ ဒုစရိုက်** သတံ-သူတော်ကောင်းတို့၏၊ဓမ္မောစ-သုစရိုက်တရား ဆယ်ပါးသည်လည်းကောင်း၊ အသတံ ဓမ္မောစ-မသူတော်တို့၏ ဒုစရိုက်ဆယ်ပါး, ယုတ်မာသောတရားသည်လည်းကောင်း၊ တတော-ထို မိုးနဲ့ မြေကြီး ဝေးကွာသည်ထက်၊ တတော-ထို သမုဒ္ဒရာ ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်း ဝေးကွာသည်ထက်၊ ဒူရတရံ-သာ၍ ဝေး၏ဟူ၍၊ ဝဒန္တိ-ပြောဆိုညွှန်ပြ ဟောတော်မူကြပါကုန်၏။

www.dhammaransi.com



**သူတော်ကောင်းက ကျေးဇူးရှာတင်** အဲဒီလိုပြောလိုက်တော့ သုတသောမမင်း သဘော ပေါက်လို့ သူတော်ကောင်းနဲ့ မသူတော် သိပ်ကွာတာပဲ။ ဘယ်နှယ်မှ ငပ်လို့ မရဘူး။ သူတော်ကောင်း တရားနဲ့ မသူတော် တရား ဘယ့်နှယ်မှ ငပ်လို့မရဘူး။ ပေါရိသာဒဆီက ခွင့်တောင်းလို့ ရခဲ့တာ ပေါရိသာဒ ကျေးဇူးပါပဲ။ သိပ် ကျေးဇူးတင်တာပဲ။ ဒီတရားတွေ နာရတဲ့ဥစ္စာ ပေါရိသာဒ ကျေးဇူးပါပဲ။ ကြည့်စမ်း သူတော်ကောင်းက, သူတော်ကောင်းက။

**နန္ဒပုဏ္ဏားကိုလဲ ကျေးဇူးတင်** သတံ ခမ္မောစ-သူတော်ကောင်းတို့၏ သုစရိုက်တရားသည်လည်းကောင်း၊ အသတံ ခမ္မောစ-မသူတော်တို့၏ ယုတ်မာသော ဒုစရိုက်တရားသည်လည်းကောင်း၊ တတော-ထို မိုးနဲ့ မြေကြီး, သမုဒ္ဒရာ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ဝေးကွာသည်ထက်၊ ဒူရတရံ-သာ၍ ဝေး၏ဟူ၍၊ ဝဒန္တိ-ပြောဆို ညွှန်ပြ, ဟောပြတော်မူကြပါကုန်၏လို့ တွေးပြီးတော့ ပေါရိသာဒကိုလဲ ကျေးဇူးတင်လို့။ ယခု ဒီတရားတွေ ဟောပြပြီးတော့ နေတဲ့ နန္ဒပုဏ္ဏားကိုလဲ ကျေးဇူးတင်လို့။

**တဂါထာကို တထောင်ပူဇော်** "ဆရာ....ဒီဂါထာ တွေကို ဒိပြင် ဒိပြင် မင်းများ ဟောပြတုန်းက ဘယ်လောက်များ ဆုတော် လာဘ်တော် ရပါတုံး" မေးတော့ "အာ....အရှင်မင်းမြတ်.... တဂါထာ တဂါထာကို တရာ တရာ ဆုချကြပါတယ်။ တရာ တရာ ပူဇော်ကြပါတယ်"၊ မဟုတ်ပါဘူး, မဟုတ်ပါဘူး, ဒီဂါထာ တရာတန်တဲ့ ဂါထာ

www.dhammaransi.com



မဟုတ်ပါဘူး။ ကြည့်လိုက်တာ ပုဏ္ဏားကို ငါဘာမျှ တရားကို ပူဇော်ရပါ့မတုံး။ ပုဏ္ဏားကသာ အကယ်၍ ကျက်သရေရှိလို့ ရှိယင်ဖြင့် ရှင်ဘုရင် စည်းစိမ်တောင် ပူဇော်နိုင်ပါတယ်။ ပုဏ္ဏား ကလဲ အဲသလောက်တော့ ဘုန်းကံ မရှိပေဘူးနော်-လို့ ဆိုပြီး တော့ "ကိုင်း ဆရာ....တဂါထာကို တထောင်ကျ ပူဇော်ပါ့ မယ်"လို့ ဆိုပြီးတော့ အသပြာထောင်ထုပ် လေးထုပ်ကို ရှေ့မှာ ချပြီးတော့ တရားပူဇော်တယ်။

ထီးနန်းပြန်အပ် တရားပူဇော်ပြီးလို့ "ကိုင်း....ဆရာ ပုဏ္ဏား ကိုလဲ နေရပ်ကို ချမ်းချမ်းသာသာ ပြန်ပို့ ကြပါ"လို့ မှူးကြီး မတ်ကြီးတွေကို ခိုင်းပြီး သူလဲပဲ အားလုံး နှီးစပ်တဲ့ သူတွေကို ကောင်းမွန်စွာ ဆုံးမပြီးတော့ မယ်တော် ခမည်းတော်တို့ဆီ သွားတယ်။ သွားပြီးတော့ သားတော်က ပြန်လာတယ်ဆိုပေမဲ့ ပေါရိသာဒ ခွင့်တောင်းပြီးတော့ ပြန်လာ ခဲ့ရပါတယ်။ ယခုသားတော်ပြန်သွားပါမယ်။ ထီးနန်းကိုခမည်း တော်များပဲ ပြန်ပြီး အုပ်ချုပ်ပါတော့လို့ ဆိုပြီး ထီးနန်းအပ် တော့ "ဟေး- ဒီဒမြလက်ထဲက လွတ်ပြီးတော့ ဘာလို့ ပြန်ရ မှာတုံး။ ဒီကောင့်ကို တို့စစ်တပ်နဲ့ ဝိုင်းပြီးတော့ မွန့်မွန့်ညက် ညက် ချေမယ် မပြန်ရဘူး"အာ....ဒီလိုမဟုတ်ပါဘူး။ "ပြန်လာ ခဲ့ပါ့မယ်"ဆိုတဲ့သစ္စာဟာ ရှိပါတယ်။ သူ့ ကျေးဇူးလဲ အင်မတန် ကြီးပါတယ်, ပြန်ပါရစေ မပြန်လို့ မဖြစ်ပါဘူး။ သစ္စာဟာ အင်မတန်ကြီးကျယ်ပါတယ်။ ဒီလိုဆိုပြီးတော့ သူ့ရဲ့ သစ္စာကို စောင့်ထိန်းပြီး တခါတည်း မယ်တော် ခမည်းတော်တွေကို ဝပ်ချ ပြီး ထွက်လာတာပဲ။

www.dhammaransi.com



**ဝမ်းမြောက်ဝမ်းသာ ပြန်သွား**

နောက်က တိုင်းသူ ပြည်သားတွေ မျက်ရည် စက်လက်နဲ့ လိုက်လာတယ်။

"မလိုက်ခဲ့နဲ့ မလိုက်ခဲ့နဲ့ ငါ ပြန်မှာ။ မလိုက်ခဲ့နဲ့ မလိုက်ခဲ့နဲ့" လို့ ဆိုပေမယ့် အားလုံး လိုက်လာကြတယ်။ ဒီလို ပြောမရလို့- "ကဲ ငါ့အမိန့်ပဲဆိုပြီး မြေကြီးကို ရေးခြစ်ပြီးတော့ "ငါ့ကို ချစ်လို့ရှိယင် ဒီဟာ မကျော်ကြနဲ့" လို့ ပြောတယ်။ ဒါတောင် ပြင်းပြင်းထန်ထန် မပြောဘူး။ "ငါ့ကို ချစ်ယင် မကျော်ကြပါနဲ့" ဒီလိုဆိုတော့ ကျော်တဲ့လူက မချစ်ရာ ရောက်မှာစိုးလို့ အားလုံးရှေ့ကို မတိုးပဲနဲ့ ငိုပြီးတော့ အကုန်လုံး ရပ်နေလိုက်ကြရတယ်။ ဒါနဲ့ သုတသောမမင်းလဲပဲ သူ့တာဝန်တွေ ကျေပြီဆိုပြီးတော့ ပေါရိသာဒ ရှိတဲ့နေရာ စိုက်စိုက် စိုက်စိုက်နဲ့ ဝမ်းမြောက်ဝမ်းသာ သွားတယ်။ ဟိုကျတော့ သတ်မယ်ဆိုတာ သိသားပဲ ဝမ်းမြောက်ဝမ်းသာ ပြန်သွားတယ်။

**ပေါရိသာဒလဲ ဝမ်းမြောက်ဝမ်းသာ**

ပေါရိသာဒကလဲပဲ ကနေတော့ ယဇ်ပူဇော်တော့မှာမို့ မီးပုံကြီးကို အကြီးအကျယ် ဖိုပြီးတော့ တံစို့တွေ သပ်နေတယ်။ နောက်ကျောခိုင်းပြီးတော့ မီးပုံကြီးဘက်ကို လှည့်လို့၊ မီးပုံကြီးကလဲပဲ ညောင်ပင်နဲ့ ခပ်လှမ်းလှမ်း။ ညောင်ပင်မှာ မီးခိုးတွေ ဘာတွေ စွဲမှာစိုးလို့ ညောင်ပင်လဲ သူ ရိုသေသောအားဖြင့် ညောင်ပင်နဲ့ လှမ်းလှမ်းကလေး ဘေးနား လာပြီး မီးဖိုတယ်။ သူက ညောင်ပင်ဘက် လှည့်ပြီးတော့ မီးဖိုဘက်လှည့်ပြီးတော့ တံစို့တွေလုပ်နေတယ်။ နောက်က ရှပ်ရှပ် အသံကြားလို့ လှည့်ကြည့်လိုက်တဲ့ အခါ သုတသောမမင်း လာနေတာ

www.dhammaransi.com



မြင်တော့ ဝမ်းသာ အားရနဲ့ ထပြီး "အရှင်မင်းမြတ် ကြွလာ တယ်ကိုး, ဝမ်းမြောက်လိုက်တာ"။ သူ့ နဂိုတော့ မလာချင် နေပစေတော့လို့ အောက်မေ့ရှာတယ် ဝမ်းမြောက် လိုက်တာ။ နတ်မင်းကလေ အရှင်မင်းမြတ် မပါယင် လက်ခံမှာ မဟုတ်ဘူး သိလား။

**အသက်ဆက် သစ္စာချစ်** အဲဒီလို စကားစမြည် ပြောပြီးတော့ သူ အံ့ဩတဲ့ စိတ် ဖြစ်လာတယ်။ ငါက သတ်မယ်လို့ ဆိုဒါလဲ သူအသိသား။ မီးပုံလဲ သူ အမြင် သား။ တံစို့တွေ လုပ်နေတာလဲ သူမြင်သွားသား။သတ်မယ်မှန်း သိရက်သားနဲ့ မကြောက်ပဲ သူ ပြန်လာတာကတော့ ဟိုနာခဲ့တဲ့ ဂါထာတွေကြောင့်ထင်တယ်။.... ငါပြန်လာတာက သစ္စာပဲလေ။ သင့်ကို ပြန်လာမယ်လို့ ပြောတယ် မဟုတ်လား။ အဲဒီတော့ ငါ သစ္စာနဲ့ ပြန်လာခဲ့တာပဲလို့ သုတသောမမင်းက ပြောတယ်။ သစ္စာနဲ့ ပြန်လာခဲ့တာပဲ။

**နာခဲ့တဲ့တရား ဟောဖို့ပြော** ငါက သတ်မှာလဲ သူသိရက်သား ပြန်လာ တယ်။ သူ မကြောက်တာတော့ နာခဲ့ရတဲ့ တရားကြောင့် နေလိမ့်မယ်။ အဲ....အရှင်မင်း မြတ်.... ယဇ်ပူဇော်တာကတော့ ထားပါတော့။ ဒါကတော့လဲ ဘာမှ ပြောစရာမရှိပါဘူးလေ။ အချိန်ကျ ပူဇော်ရုံပဲ။ ယဇ်မပူ ဇော်ခင်"အရှင်မင်းမြတ်ရဲ့တရား, နာလာတယ်ဆိုတဲ့ တရားကို ကျွန်တော့်ကို ဟောပါဦး"လို့ ပြောတယ်။ ဟိုကလဲ နာလာခဲ့ တယ်။ ငါတရားနာပြီး တဂါထာလျှင် တထောင်ကျ ပူဇော်ခဲ့

www.dhammaransi.com



တယ်။ ပြီးတော့မှ လွှတ်လွှတ်ကျွတ်ကျွတ် ကြွေးကင်း မြီကင်း ဘေးကင်း ရန်ကင်း, ငါပြန်လာခဲ့တယ်လို့ ပြောတယ်။

**သူများသာ သတ်နေတာ သူက သိပ်ကြောက်** ဒီတရား သိပ်ကောင်းလိမ့်မယ်။ ငါ ဒီတရားနာချင်တယ်။ မကြောက်တဲ့ တရား ဖြစ်လိမ့်မယ်။ သူက သူများ သာ သတ်နေတာ။ သူက ကြောက်လိုက်တာမှ သိပ်ကြောက် တယ်။ မကြောက်တဲ့တရား ဖြစ်လိမ့်မယ်။ “အရှင်မင်းမြတ်.... အဲဒီတရား ဟောပါ” လို့ ပြောတော့ သုတသောမ မင်းက ပြောတယ်။

အဓမ္မိကဿ လုဒ္ဒဿ, နိစ္စံ လောဟိတပါဏိနော၊
နတ္ထိ သစ္စံ ကုတော ဓမ္မော, ကိံ သုတေန ကရိဿသိ။

အဓမ္မိကဿ-မတရား အမှုတွေချည်း ပြု၍ နေသော၊ လုဒ္ဒဿ-သူတပါးကို သတ်ဖြတ်၍ အင်မတန်မှ ရက်စက်လှစွာသော၊ နိစ္စံ-အမြဲမပြတ်၊ လောဟိတပါဏိနော-လက်မှာ သွေးစွန်း၍ နေသော၊ (တုယှံ-သင်ကဲ့သို့သော လူသားစားအား၊) သစ္စံ-မှန်ကန်သော စကားသည်၊ နတ္ထိ-မရှိတော့၊ ဓမ္မော-သစ္စာမှ တဆင့်တက်၍ ရအပ်သော တရားသည်၊ ကုတော အတ္ထိ-အဘယ်မှာ ရှိပါတော့အံ့နည်း၊ (တုယှံ-သင်ကဲ့သို့သော လူယုတ်မာ တယောက်အား၊) သုတေန-အကြားအမြင် များဖို့ရန်ဖြင့်၊ ကိံ ကရိဿသိ-ဘာလုပ်တော့လတ္တံ့နည်း။

www.dhammaransi.com



**သစ္စာ မရှိလျှင် ဗဟုသုတတန်ဖိုးမရှိ** 　သင် ဘာအသုံးကျမှာတုံး, သင်က သစ္စာရှိတဲ့ အကောင် မဟုတ်၊ သင့် လက်ကလဲ သွေးစွန်းနေတဲ့လက်၊ဒီလို လူက သစ္စာလဲ မရှိ၊ တရားလဲ မစောင့်၊ အကြားအမြင် ဗဟုသုတတွေလိုက်ရှာနေလို့ ဘာလုပ်ဖို့တုံး, ဘာမှ သင့်မှာတန်ဖိုး မရှိပါဘူး။ ဗဟုသုတ တည်စရာကိုယ် သင် မဟုတ်ဘူးလို့ ပြောတော့။....

နတ္ထိ သစ္စံ ကုတော ဓမ္မော,
ကိံ သုတေန ကရိဿသိ။

"သစ္စံ-သစ္စာဆိုတဲ့ တရားသည်၊ နတ္ထိ-မရှိ"လို့ ဆိုတဲ့ စကားလေးကို ကောက်ချက်ချတယ်။ နေစမ်းပါဦး။ အရှင်မင်းမြတ်က သစ္စာစကား တယ် ပြောတာကိုး၊ သစ္စာက ဘယ့်လောက် တန်ဖိုးရှိလို့တုံး။

ယေကေစိ-မေ အတ္ထိ ရသာ ပထဗျာ,
သစ္စံ တေသံ သာဓုတရံ ရသာနံ။

ပထဗျာ - တမြေပြင်လုံး၌၊ ယေကေစိ-ကြွင်းမဲ့ဥဿုံ, အလုံးစုံကုန်သော၊ ဣမေ ရသာ-ဤ အရသာတို့သည်၊ အတ္ထိ-ရှိကုန်၏၊ တေသံ ရသာနံ-ထို တမြေပြင်လုံးမှာရှိတဲ့ အရသာတို့တွင်၊ သစ္စံ - သစ္စာဆိုတဲ့ အရသာကို၊ သာဓုတရံ-အကောင်းမြတ်ဆုံးဟူ၍၊ (ဝဒန္တိ-ဟောပြောကြလေကုန်၏။)

လောကမှာ အရသာတွေရှိတယ်၊ ဘာအရသာတွေရှိရှိ, အဲဒီ အရသာတွေက သစ္စာအရသာကို တခုမှ မမီဘူး။ သစ္စာမရှိသည်နဲ့ တပြိုင်နက် အကုန်လုံး ပြယ်တာပဲ။

www.dhammaransi.com



**ဆရာ တပည့် သစ္စာရှိယင်**

ဘုန်းကြီးတို့တတွေ ဆိုကြစို့။ ဆရာ တပည့်၊ တယောက်နဲ့ တယောက် အင်မတန် ယုံကြည်ပြီးတော့ နေကြတယ်။ သစ္စာရှိရှိနဲ့ နေလို့ရှိယင် တယ်ကောင်းတယ်။ ဘာ စားရစားရ၊ ဘာသောက်ရသောက်ရ ဆရာကလဲ တပည့်အပေါ် သစ္စာရှိ၊ တပည့်ကလဲ ဆရာ့အပေါ် သစ္စာရှိလို့ တယ်ကောင်းတယ်။ တယောက်နဲ့တယောက် သစ္စာ မရှိဘူးဆိုတဲ့ တနေ့မှာ ဘာမှမယုံရဘူး။ ဟော့....သူ့ရွှေစကား မပြောနဲ့နော်၊ သူ့အနားမှာ ဒီဟာ မပြောနဲ့နော်။

**သမီး ခင်ပွန်း သစ္စာရှိ**

အိမ်မှာ သမီးခင်ပွန်း အတူတူနေကြတယ်။ သစ္စာရှိပြီဆိုယင် ဘယ်သွားသွား စိတ် စနောင့်စနင်း မရှိဘူး။ အမျိုးသားက ဘယ်သွားသွား "အို အင်မတန်သစ္စာရှိတဲ့ ငါ့ယောကျ်ား။ အမျိုးသမီးက ဘယ်သွားသွား၊ အို....အင်မတန် သစ္စာရှိတယ်။ လူဆိုး သူဆိုးတွေနဲ့ တွေ့မှာစိုးလို့သာ အစောင့်အရှောက်နဲ့ သွားရတာ။ သူကတော့ သစ္စာ အင်မတန်ရှိတယ်။ သိပ်စိတ်ချမ်းသာတာပဲ။ သိပ်အရသာ ရှိတာပဲ။ သစ္စာသာ မရှိဘူးဆိုလို့ရှိယင် အကုန်လုံး မေတ္တာတွေ ပြယ်ကုန်တာပဲ။

**သစ္စာ၌ တည်ပြီး နိဗ္ဗာန်ကူးရ**

ပထဗျာ- တမြေပြင်လုံး၌၊ တေသံ ရသာနံ- ထို ရှိရှိသမျှ အရသာ တို့တွင်၊ သစ္စံ- သစ္စာဆိုတဲ့ အရသာသည်၊ သာဒုတရံ - အကောင်းမြတ်ဆုံး ပါပေတည်း။ သမဏ ဗြာဟ္မဏာ-သူတော်သူမြတ်ဖြစ်ကြတဲ့ ရဟန်း ပုဏ္ဏား တို့သည်၊ သစ္စေ-မှန်ကန်တဲ့

www.dhammaransi.com



သစ္စာစကား၌၊ ငှိတာ-တည်ကြကုန်သည်ဖြစ်၍၊ ဇာတိမရဏာသာ-အိုနာ သေရေး, ဒုက္ခဘေး၏၊ ပါရံ-ဟိုဘက်ကမ်းဖြစ်တဲ့ နိဗ္ဗာန်ကို၊ တရန္တိ-လွန်မြောက်တော်မူကြပေကုန်၏။

**သစ္စာအတိုင်းသာ နေစမ်းပါ** အားလုံး ပုဂ္ဂိုလ်တွေ သစ္စာကစပြီးတော့ လွန်မြောက်ကြရတယ်၊ ဘုန်းကြီးတို့ ဆိုပါတော့ ရှင်သာမဏေဝတ်ခါနီးမှာ တပည့်တော် အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ လွတ်ပါရခြင်းအကျိုးငှါ ရှင်သာမဏေပြုဖို့ရန် သင်္ကန်း ပေးသနားတော်မူပါ”လို့ ဆိုကြတယ်။ သံသရာက လွတ်မြောက်ဖို့ရန် အဲဒီ သစ္စာအတိုင်းသာ နေစမ်းပါ သံသရာက လွတ်ကို လွတ်သွားမှာ။ အခု အမျိုးသမီးတွေ “တပည့်တော် မဂ်ဖိုလ်နိဗ္ဗာန် မြန်မြန်ရပါလို့ရဲ့”လို့ ဟိုနေရာမှာ ဆုတောင်း, ဒီနေရာမှာ ဆုတောင်းကြတယ်၊ သူတို့ သစ္စာအတိုင်းသာ မဂ်ဖိုလ်နိဗ္ဗာန် မြန်မြန်ရအောင် နေမယ်ဆိုလို့ ရှိယင် မြန်မြန်ကိုရမှာပဲ မဂ်ဖိုလ်နိဗ္ဗာန်။

**သင်္ကန်းလဲရပြီးရော** ခုတော့မဟုတ်ဘူး၊ ပါးစပ်ကပြောတော့ ဘုန်းကြီးတို့ ဘုန်းကြီးတွေလဲ “သကလဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ”တဲ့၊ “တပည့်တော် အလုံးစုံသော သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ဖို့ရန် တပည့်တော်အား အဲဒီသင်္ကန်းကို ပေးသနားတော်မူပါ”လို့ ဆိုတယ်။ သင်္ကန်းလဲ ရပြီးရော ဆော့ချင်လဲ ဆော့တာပဲ၊ လွှားချင်လဲ လွှားတာပဲ၊ သစ္စာမှ မတည်ပဲနဲ့ ဘယ့်နှယ်မှ သံသရာက မလွတ်နိုင်ဘူး။

www.dhammaransi.com



**ပါးစပ်ကတော့ တမျိုးပဲ** အားလုံး အမျိုးသား အမျိုးသမီး တွေလဲပဲ "နိဗ္ဗာန် မြန်မြန် ရရပါလို၏"လို့တော့ ပြောတယ်။ သို့ပေမယ်လို့ ပါးစပ်ကတော့ တမျိုးပဲ၊ ခုနက ငါးပါးသီလတောင်မှပဲ တည်ချင်မှတည်မယ်။ နိဗ္ဗာန်ရောက်ကြောင်းပါပဲလို့ ဆိုပေမဲ့ ငါးပါးသီလကို ထိန်းချင်မှ ထိန်းမယ်။ သစ္စာကို သာမန်မှတ်လို့ မရဘူး၊ ဒါကြောင့်-သစ္စေ-သစ္စာ၌၊ ဌိတာ-တည်ကြကုန်သည်ဖြစ်၍၊ ဇာတိမရဏာဿ-အိုနာ သေရေး, ဆင်းရဲဘေး၏၊ ပါရံ-ဟိုဘက်ကမ်းဖြစ်တဲ့ နိဗ္ဗာန်ကို၊ တရန္တိ-ကူးခပ်နိုင်ကြကုန်၏လို့။

**တရားနာချင်အောင် နှိပ်ကွပ်ဆောင်** ပေါရိသာဒက သစ္စာ ဘာအသုံးကျလို့တုံးလို့ မေးတော့ ဒါကြောင့် သစ္စာကို ငါ အရေးတကြီး ပြုပြီးတော့ "သင့်ဆီ ငါပြန်လာပါ့မယ်"လို့ ဆိုတဲ့အတိုင်း ငါပြန်လာခဲ့တယ် မဟုတ်လား။ သင်က သစ္စာမှမရှိပဲနဲ့ သင့်မှာ ဘယ်တရားမှ ရှိမှာမဟုတ်ဘူး။ သစ္စာမရှိလို့ တရားမရှိတဲ့သူကို သုတတွေ ဘာတွေ ကြားနာချင်တယ်တွေ ဘာတွေ လုပ်မနေနဲ့။ ဘယ်တရားမှ သင်နဲ့ မတော်ပါဘူး"လို့ ပြောတော့ စိတ်မဆိုးဘူး သူ စိတ်မဆိုးဘူး။ ဘာပြုလို့ စိတ်မဆိုးတုံး၊ သုတသောမက ပေါရိသာဒအပေါ်မှာ အပြောသာ ခပ်ကြမ်းကြမ်းပြောနေတာ၊ တရားတော့ ဟောချင်နေပြီ။ မေတ္တာက သိပ်ရှိနေပြီ။ ပေါရိသာဒ အပေါ်မှာ၊ ဒီကောင်တော့ နဲနဲကလေး နှိမ်ပေးပြီး တရားဟောမှ ဖြစ်မယ်ဆိုတဲ့ အနေမျိုးနဲ့ တရားနာချင်အောင် နှိမ်နေတာ။ သူစိတ်မဆိုးဘူး။

www.dhammaransi.com



**အဲဒီ တရားတော့ နာချင်ပါတယ်**

သူဟောတဲ့တရားတော့ သိပ်ကောင်းမှာပဲ၊ သူမကြောက်ဘူး၊ ခုဟိုမှာ မီးပုံကြီးလဲ သူမြင်သား။ ဒီမီးပုံကြီးထဲမှာ တံစို့တွေနဲ့ ကင်မယ်လို့ တံစို့တွေလုပ်နေတာလဲ သူမြင်သား။ အဲဒါလဲ သူ့မျက်နှာက ကြောက်တဲ့မျက်နှာမျိုး မဟုတ်ဘူး။ သိပ်ရဲတာပဲ။ အဲဒီတရားတော့ နာချင်ပါတယ်။ အရှင်မင်းမြတ် ဒီတရားကို ဟောစမ်းပါ။....

သုတွာ ဓမ္မံ ဝိဇာနန္တိ, နရာ ကလျာဏပါပကံ၊
အပိ ဂါထာ သုဏိတွာန, ဓမ္မေ မေ ရမတေ မနော။

“အရှင်မင်းမြတ်.... ဟောပါ” တရားနာပြီးလို့ ရှိယင်လေ ကျွန်တော့် စိတ်ဟာ ကောင်းချင် ကောင်းသွားမှာ သိလား။ တရားကို နာရတဲ့အခါမှာ ကောင်းတယ်ဆိုတာကိုသိကြပါတယ်။ ဒီတော့ ခု အရှင်မင်းမြတ်ရဲ့ ဂါထာတွေ နာရလို့ရှိယင်လေ ကျုပ်စိတ် ကောင်းချင် ကောင်းသွားမှာပါ။ ဒီတော့ “တရားဟောပါ”လို့ ဆိုတော့....ကောင်းပြီ, ဒီလိုဆိုယင်တော့ “ဟောချိန်တန်ပြီ”လို့ ကြံပြီး ကောင်းပြီမောင်, တရားနာမယ်ဆိုယင် ရိုရို သေသေနာပါ။ “ကောင်းပြီ နာပါ့မယ်”ဆိုတော့ ခုနကတရား ပြန်ဟောတာပဲ။

## သူတော်ကောင်းနဲ့ ပေါင်းယင် အမြတ်ထွက်

သကိံ ဒေဝ ပေါရိသာဒ, သဗ္ဘိ ဟောတိ သမာဂမော၊
သာ နံ သင်္ဂတိ ပါလေတိ, နာ သဗ္ဘိ ဗဟု သင်္ဂမော။

www.dhammaransi.com



"ပေါရိသာဒ.... သူတော်ကောင်းတို့နဲ့လေ, တကြိမ်လောက် ပေါင်းရတယ်ဆိုယင် သိပ် ကျေးဇူးများတာပဲ။ ဟို သူယုတ်မာ တွေနဲ့ အကြိမ်ကြိမ် ပေါင်းနေနေမယ်လို့ ဘယ်တော့မှ စိတ် မချရဘူး။ ဒါ့ကြောင့် သူတော်ကောင်းနဲ့ ပေါင်းပါ" လို့။....

သဗ္ဘိရေဝ သမာသေထ, သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ၊

သတံ သဒ္ဓမ္မ-မညာယ, သေယျော ဟောတိ နပါပိယော။

သူတော်ကောင်းနဲ့ ပေါင်းပါ, မရှုံးပါဘူး။ သူတော် ကောင်းနဲ့ပေါင်းယင် အမြတ်ထွက်မှာပဲ, မရှုံးပါဘူး။

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ,
အထော သရီရံပိ ဇရံ ဥပေတိ၊
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ,
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

အားလုံးလေ မပျက်စီးနိုင်အောင် အင်မတန် ကြိုးစား မင်းစား လုပ်ထားတဲ့ ရှင်ဘုရင်တွေရဲ့ ရထားကြီးတွေတောင် ပျက်စီးရတယ်နော်, ဆွေးမြေ့ရတယ်နော်။

**ဒီ ခန္ဓာကိုယ်** အားလုံး မအိုအောင် မနာအောင် မသေ အိုရ နာရ **သေရ** အောင် ကြိုးစား မင်းစားနဲ့ စောင့်ရှောက် ပြီးတော့ထားတဲ့ ခန္ဓာကိုယ်လဲ အိုရတယ်, နာရတယ်, သေရတယ်နော်၊ သူတော်ကောင်းတို့ရဲ့ တရားဟာ ဘယ်တော့မှ မအိုနိုင်ဘူး၊ သူတော်ကောင်းတို့ရဲ့ နောက်ဆုံး "နိဗ္ဗာန်"ဆိုတဲ့ တရားဟာလေ ဘယ်တော့မှ မသေနိုင်ပါဘူး၊

www.dhammaransi.com



ပေါရိသာဒက လူညံ့မှ မဟုတ်ပဲနဲ့။နဂိုတုန်းကတည်းကတက္ကသိုလ်မှာ ပညာသင်လာတာ။စဉ်းစားလို့ သဘောကျလို့။

## မြေကြီးနဲ့မိုး ဝေးသလို

နဘဉ္စ ဒူရေ ပထဝီ စ ဒူရေ၊
ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။

ဟို သမုဒ္ဒရာရဲ့ ဟို ဘက်ကမ်း ဒီဘက်ကမ်း ဝေးသလို မြေကြီးနဲ့မိုး ဝေးသလို့ သူတော်ကောင်း တရားနဲ့ မသူတော်တို့ရဲ့ တရားဟာလဲ နီးလို့မရဘူး၊အင်မတန် ဝေးပါတယ်။

**ဒီမင်းရဲ့အသားကိုတော့ ငါမစားထိုက်ဘူး**

အဲသလို တရား ဟောလိုက်တော့ ပေါရိသာဒ ကျေးဇူး တင်လိုက်တာတဲ့၊ သုတသောမ ရှင်ဘုရင်ကို အဖေလို့ အဖေချစ်သလို ချစ်ပြီး ကျေးဇူးတင်လိုက်တာတဲ့။ ကောင်းလိုက်တာ တရားကောင်းလိုက်တာ၊ ငါ့ အပေါ်မှာ ကျေးဇူးများလိုက်တာ။ သူ့စိတ်ထဲ သိပ်ချစ်တယ်။ "ဒီလောက် သူတော်ကောင်းစိတ် ရှိတဲ့ မင်းကိုတော့ ငါ ဘယ်နည်းနဲ့မှ မစားထိုက်ဘူး။ သူတော်ကောင်းစိတ် ဒီလောက် ရှိတဲ့ မင်းရဲ့ အသားကို ငါစားယင် ငါလဲ သက်သာမှာ မဟုတ်တော့ဘူး။

**မင်းဆီကဆု** သူ့ စိတ်သဲ ဒီလောက် ဖြစ်ပြီးတော့
**ငါမတောင်းချင်ဘူး** ကျေးဇူး တင်လွန်းလို့ "အရှင်မင်းမြတ် ဂါထာ ၄-ဂါထာ ပူဇော်စရာ ကျုပ်မှာ ဘာမှ ပူဇော်ဖွယ်ပစ္စည်းမရှိပါဘူး။ ဒါ့ကြောင့် အရှင်မင်းမြတ်.... ဂါထာ ၄-ဂါထာ အတွက် ဆု လေးမျိုး ပေးပါရစေ။ အဲဒီဆုကို တောင်းပါလို့ ဆိုတော့ သုတသောမမင်းက သင်က သစ္စာရှိတဲ့သူ မဟုတ်ဘူး။ ဘော်တော်ကြာတော့ "အား.... ဒီဆုတော့ မပေးနိုင်ဘူးလေး ဘာလေးနဲ့ ဆိုလို့ရှိယင် ဘယ်သူကလာပြီး တရား ဆုံးဖြတ်မှာတုံး။ ငါက တောင်းတယ် သင်က မပေးဘူးလို့ ငြင်းနေတယ်၊ ဘယ့်နှယ်လုပ်မှာတုံး၊ ဒီတော့ မင်းဆီ ငါ ဆုမတောင်းချင်ပါဘူး၊ မင်းဆုပေးလို့ ဖြစ်မှာမဟုတ်ပါဘူး။

**အသက်စွန့်ပြီး** "ဟာ မဟုတ်ပါဘူး တောင်းပါ၊ တောင်းပါ၊
**ပေးပါ့မယ်** ကျုပ် အသက် စွန့်ပြီးတော့ ပေးပါ့မယ် ဆုပေးပါရစေ၊ သူကတရားဂါထာတွေ ကြည်ညိုလို့ သုတသောမမင်းကိုလဲ ချစ်လို့ ဆုပေးပါရစေ၊ မပေးနိုင်တဲ့ဆုကို မရှိစေရဘူး။ အိုလေ-အသက်စွန့်ပြီးတော့ ပေးပါ့မယ်။

**အသက်တရာ** ကောင်းပါပြီ၊ ဒါဖြင့် "ပေါရိသာဒ....
**အနာမရှိတာကိုမြင်လို** သူတော်ကောင်းဟာ သူတော်ကောင်းတရားနဲ့ မှ ပေါင်းလို့ ရတယ်နော်။ ပညာရှိတဲ့ သူဟာ ပညာရှိနဲ့မှ ပေါင်းလို့ ရတယ်နော်။ "ငါ ပထမဆု တောင်းမယ်။ အသင့်ကိုလေ အသက်တရာ အနာမရှိဒါကို ငါမြင်ချင်တယ်"လို့ ပထမ ဆု တောင်းလိုက်တယ်။

www.dhammaransi.com



**ကြီးကျယ်လိုက်တဲ့ မေတ္တာ**　“အမလေး အံ့ဩစရာ ကောင်းလိုက်တာ နော်၊ ငါက သူ့ကို သတ်မယ်လို့ ဖမ်းလာခဲ့တယ်။ သူက ငါ့ကို အသက်တရာ အနာမရှိ, ကျန်းကျန်း မာမာနဲ့ မြင်ချင်ပါ သတဲ့။ “အမလေး.... ကြီးကျယ်လိုက်တဲ့ မေတ္တာ”လို့ ဆိုပြီးတော့ “ပေးပါတယ်, ပေးပါတယ်” ဒီဆုလဲ ပေးပါတယ်။ ဒါ သူသဘောမပေါက်ဘူး။ သင့်ကို အသက်တရာ အနာမရှိတာကို ငါမြင်ချင်တယ်လို့, ဆိုတော့ “ငါလဲ အသက်တရာ အနာမရှိပဲ နေချင်တယ်”လို့ ဆိုတာပေါ့။ ငါ့ကို မသတ်ပါနဲ့လို့ ဆိုတဲ့ အဓိပ္ပာယ်လဲ ရောက်သွားတယ်။ ဒါ သူသဘောမပေါက်ဘူး။ “ပေးပါတယ်, ပေးပါတယ်, သတ်လဲ သတ်တော့မှာ မဟုတ်တော့ပါဘူး”

**၂။ ဟောဒီ ရှင်ဘုရင်တွေကို မသတ်ပါနဲ့**　“ပေါရိသာဒ....ငါ ဒုတိယဆု တောင်းမယ်နော် “အခု သင် ဖမ်းထားတဲ့ ရှင်ဘုရင် တွေဟာ လေ အသီးအသီး တိုင်းပြည်မှာ အားကိုးစရာ ရှင်ဘုရင်တွေ ဖြစ်တယ်။ ခု သင်က ညှဉ်းဆဲပြီးတော့ ထားလိုက်တာ အကုန်လုံး ပင်ပန်းနေရှာကြတယ်။ သူတို့ရဲ့ တိုင်းသူ ပြည်သားတွေ ဆိုတာ ဘယ့်လောက် ဒုက္ခရောက်မယ် မသိကြဘူး။ ဒါ့ကြောင့် မို့လေ သင် ဟောဒီ ရှင်ဘုရင်တွေကို မသတ်ပါနဲ့။ သူတို့ရဲ့ အသားကို သင် မစားပါနဲ့”။ အာ....ကောင်းပါပြီ, ကောင်းပါပြီ, မသတ်ပါဘူး, မစားပါဘူး။

www.dhammaransi.com



**နားစွင့် ထောင်နေကြ** ဒီက နှစ်ယောက်ပြောနေတဲ့ အသံကို ဟိုက ကြိုးနဲ့ လက်ဖောက်ပြီး ချည်ထားတဲ့ ရှင်ဘုရင်တွေ မကြားတချက်, ကြားတချက် နားစွင့်ထောင်ကြတယ်။ "ဟော့....သုတသောမတော့ ပေါရိသာဒကို ချွတ်နေပြီ ထင်တယ်"။ သူတို့ဟာ သူတို့ မျက်ရိပ် မျက်ကဲနဲ့ "တို့တော့ သေမှာတော့ မဟုတ်ဘူးနဲ့ တူတယ်။ တို့တော့ သတ်မှာတော့ မဟုတ်တော့ဘူးနဲ့ တူတယ်။ သုတသောမတော့ ဟိုမှာ ပြောနေပြီ။ အင်း....မသတ်ပါနဲ့တို့, ဘာနဲ့တို့' ဆိုတဲ့ ဒီစကား တခွန်းတလေကို ဟိုက ကြားကြတယ်။ နားစွန် နားဖျားလဲ ကြားတယ်။ သူတို့ဟာသူတို့ မျက်ရိပ်မျက်ကဲနဲ့ တော်တော်လဲ အားတက်နေကြတယ်။ ဟိုကလဲ "ကောင်းပါပြီ မသတ်ပါဘူး မသတ်ပါဘူး"။

**၃။ သူတို့တိုင်းပြည် ပြန်ပို့ပါ** "ပေါရိသာဒ.... မသတ်ပေမယ်လို့ တော်တော်ကြာ ဒီရှင်ဘုရင်တွေ သူ့တိုင်းပြည် မပြန်ရဘူး။ တောထဲမှာပဲ ငါနဲ့ အတူတူနေရမယ်လို့ဆိုယင် ခက်မယ်။ ဒီတော့ ငါ တတိယ ဆုတမျိုးတောင်းဦးမယ်။ "တောင်းပါ, တောင်းပါ"။ "ဒီ ရှင်ဘုရင်တွေကိုလေ သင်က တကတဲ ကြိုးဖြေပြီးတော့ သူတို့ တိုင်းပြည်ကို သူတို့ ပြန်ပို့ပါ"လို့ "အာ....ပို့ပါ့မယ်, ပို့ပါ့မယ်" စိတ်က အင်မတန် နူးညံ့နေပြီပေါ့လေ, တရားဂါထာနဲ့ ပြီးတော့ သုတသောမမင်းရဲ့ မေတ္တာနဲ့စိတ်က အင်မတန် နူးညံ့ နေပြီ။ "ပို့ပါ့မယ်, ပို့ပါ့မယ်"။

www.dhammaransi.com



## သင့်ကြောက်လို့ ပုန်းနေကြရ

ပေါရိသာဒ....ငါ စတုတ္ထဆု တောင်းပါမယ်၊ "တောင်းပါ၊ တောင်းပါ"။

ဆိဒ္ဓါ တေ ရဋ္ဌံ ဗျထိတာ ဘယာ ဟိ,
ပုထူ နရာ လေ-ဏမနုပ္ပဝိဋ္ဌာ၊
မနုဿမံသံ ဝိရမေဟိ ရာဇ,
ဧတံ ဝရာနံ စတုတ္ထံ ဝရာမိ။

ပေါရိသာဒ-ပေါရိသာဒ၊ တေ - သင်၏၊ ရဋ္ဌံ - တိုင်းနိုင်ငံသည်လည်း၊ ဆိဒ္ဓါ-အပေါက်အကြားတွေ များ၍နေလေ၏၊ (ပေါရိသာဒ သင်မရှိလို့မို့လေ သင့်တိုင်းပြည်လဲပဲ ချောက်ချားပြီး ပေါက်ကြားနေတယ်နော်)၊ ပုထူ နရာ-များစွာသော လူတို့သည်၊ ဘယာ-သင့်ရန်မှ ကြောက်ကြကုန်သည်ဖြစ်၍၊ ဗျထိတာ-တုန်တုန်ခိုက်ခိုက် ဖြစ်ကြကုန်လျက်၊ လေဏံ-ပုန်းအောင်းရာဖြစ်တဲ့ အရပ်ဒေသသို့၊ အနုပဝိဋ္ဌာ-ကိုယ်စီကိုယ်င ဝင်ပြေး၍ နေကြရလေကုန်၏။ (သင့်ကြောက်လို့ ဟိုတိုင်းပြည် ဒီတိုင်းပြည်ကလူတွေလဲ ကောင်းကောင်း မနေဝံ့ရဲကြဘူး သိလား၊ ကလေးတွေ လက်ဆွဲပြီးတော့ ကြောက်တာနဲ့မို့လို့ ဟိုတောကြို တောကြား သွားနေရတယ်၊ ဒီတောကြိုတောကြား သွားနေရတယ်။)

**၄။ လူသားမစားဖို့ စတုတ္ထဆု တောင်းတော့**

ရာဇ-ပေါရိသာဒ အမည်ရတဲ့ ငါ့ညီ မင်းမြတ်၊ မနုဿမံသံ-လူသားကို၊ ဝိရမေဟိ-ရှောင်ကြဉ်စမ်းပါလေလို့-လူသားမစားဖို့ စတုတ္ထဆု တောင်းတော့

www.dhammaransi.com



ပေါရိသာဒကလေ လက်ခုပ်များ တီးတီးပြီးတော့ "အမလေး.... အဲဒီဆုတော့မလုပ်ပါနဲ့, အဲဒီဆုတော့ မတောင်းပါနဲ့၊ ဒိပြင်ဆု လဲ့ တောင်းစမ်းပါ၊ ကျုပ်လေ အဲဒီလူသားကို ချစ်လွန်းလို့ တိုင်းပြည်ကိုစွန့်ပြီး ဒုက္ခခံပြီး တောထဲနေရတာပါ၊ ဒီတော့ အဲဒီ ဆုတော့ မတောင်းပါနဲ့ ဒိပြင်ဆု တောင်းစမ်းပါလို့ ပြောတော့။

**မင်းကိုယ်မင်း ချစ်တာလား လူသားကို ချစ်တာလား** "ပေါရိသာဒ-ချစ်ဆိုတဲ့ဥစ္စာ ပထမ ကိုယ့်ကိုယ်ကိုချစ်တာ။ ကိုယ့်ကိုယ်ကို ချစ်တာထက် ဒုတိယ လူသားကို မင်းချစ်တယ်လို့ ပြောနေတယ်" နာနာ စဉ်းစားကြည့်စမ်း။ "မင်းကိုယ်မင်း ချစ်တာလား, လူသားကို ချစ်တာလား"ဆိုတာ မင်း စဉ်းစားကြည့်စမ်း။ မင်းကိုယ်မင်း ချစ်တယ်လို့ ဆိုပြီးတော့ မင်းချစ်တဲ့ လူသားတွေကို မင်း စားနေလို့ရှိယင် သေ ရဲသွားမယ်။ ငရဲကျတော့ မင်းကိုယ့်မင်း ချစ်ရာရောက်ဦးမလားလို့ ဆိုတော့၊ ငိုတာပဲ သူ။ "အမလေး မပေးလဲ အခက်ပါပဲ ဒီဆုဟာ၊ ပေးပြန်လို့ရှိယင်လဲ ဒီအတွက်ကြောင့် တိုင်းပြည်က သူ ထွက်လာခဲ့ရတာ၊လူသားမစားရတော့ဘူးဆိုလို့ရှိယင်သေရတော့မလောက် ဖြစ်ပြီ၊ ငိုလို့....အရှင်မင်းမြတ်-ဒိပြင်ဆု တောင်းစမ်းပါဦး၊ ဒိပြင်ဆု တောင်းစမ်းပါဦး၊ ဒိပြင်ဆုကို ကျုပ်ပေးပါ့မယ်၊ ဒီဆုကို ရှောင်ပြီးတော့ တောင်းစမ်းပါဦး"။

**အစက ငါမပြောဘူးလား** "ပေါရိသာဒ....ငါမပြောဘူးလား အစက မင်းကို။ ငါက ဒီဆုပေးပါလို့ဆိုတယ်၊ မင်းက မပေးနိုင်ဘူးလို့ ငြင်းနေတယ်။ ဘယ်ရိုး

www.dhammaransi.com



သွား ဘယ်ဆီသွားပြီးတော့ တို့တရားဆုံးဖြတ်မှာတုံး၊ ဘယ်သူက ဆုံးဖြတ်ပေးမှာတုံးလို့ ငါမပြောဘူးလား၊ အဲဒီတုန်းကတော့ မင်းက သေသေ ကြေကြေ ပေးပါ့မယ်၊ တောင်းသာ တောင်းပါ''လို့ ပြောလို့ ငါတောင်းတာလို့ဆိုတော့၊ အာ-မပေးလဲ မဖြစ်၊ သူ့စကားကလဲ မှန်တယ်၊ အသေခံပြီးတော့ ပေးပါ့မယ် လို့ သူပြောခဲ့တယ်၊ သူတို့ ဟိုရှေးက ရှင်ဘုရင်တွေက တကယ်လဲ သစ္စာတော့ စောင့်သေးတာပဲ၊ ဒါနဲ့ နောက်ကျတော့....

## ပေါရိသာဒ ဆုပေးပြီ

အဒ္ဒါ ဟိ သော ဘက္ခော မမ မနာပေါ,
တေဿ ဟေတုမှိ ဝနံ ပဝိဋ္ဌော၊
သစေ စ မံ ယာစသိ တေမတ္ထံ,
တေမှိ တေ သမ္မ ဝရံ ဒဒါမိ။

အဒ္ဒါ-မချွတ်ကေန်, အမှန်စင်စစ်၊သော ဘက္ခော-ထိုလူသား ဆိုတဲ့ အစာသည်၊ မမ-ကျုပ်နိုပ်၏၊ မနာပေါ-အမြတ်နိုးဆုံးအစာ ဖြစ်ပါပေ၏၊ တေဿ-ဤ လူသားဆိုတဲ့ အစာ၏၊ ဟေတုမှိ-အကြောင်းကြောင့်၊ ဝနံ - ဤတောသို့၊ ပဝိဋ္ဌော - ဝင်လာခဲ့ရ ပါ၏၊ တေမတ္ထံ-ဤ လူသားမစားဖို့ဆိုတဲ့ အကြောင်းကို၊ မံ- ကျွန်ုပ်ကို၊ သစေ ယာစသိ-အကယ်၍ ရှောင်လွှဲ၍မနေပဲ တောင်း တော့သည် ဖြစ်အံ့၊ သမ္မ-အဆွေ၊ တေ-သင် မင်းမြတ်အား၊ တေမှိ ဝရံ-ဤလူသားမစားရဘူးဆိုတဲ့ ဆုကိုလည်း၊ ဒဒါမိ- မပေးပဲမနေပဲ ပေးပါဘော့အံ့သတည်း။

သာဓု....သာဓု....သာဓု

www.dhammaransi.com



ဒီကျတော့ နတ်တွေပါ သာဓုခေါ်တယ်။ နတ်တွေကလဲပဲ ဝမ်းသာလိုက်တာ ညောင်ပင်စောင့်နတ်ကလဲ သာဓုခေါ်တယ် ဝမ်းသာအားရနဲ့။ သာဓုသံတွေ ကြားရတော့ ရှင်ဘုရင်တွေကလဲ "ဟိတ်.... တို့တော့ လွတ်တော့မှာပဲဟေ့.... သူတို့ကလဲ ဘာမှန်းမသိ ညာမှန်းမသိနဲ့ ပျော်"လို့၊ ဒါနဲ့ ပေါရိသာဒက မျက်ရည်တွေနဲ့....။

**ငါးပါးသီလပေး** "ပေါရိသာဒ....မင်း လူသား မစားတော့ဘူးကိုး၊ သူတော်ကောင်းတို့ရဲ့ လမ်းတော့ ပထမရောက်လာပြီ။ ငါးပါးသီလမင်းပေးမယ်ကွာ၊ ငါးပါးသီလယူပါ"လို့ ပြောတော့၊ "ပေးပါဆရာ၊ ပေးပါဆရာ"နဲ့ ပြောယင်း သူ့အနားမှာ ပေါရိသာဒကလေ၊ ကလေးလေး ဝပ်နေသလို မျက်ရည်တွေနဲ့ ဒူးတုပ်နေတယ်။ အဲဒီတွင် သုတသောမမင်းက ငါးပါးသီလ ချပေးတယ်၊ "ပါဏာတိပါတာ ဝေရမဏီ"ဆိုဒါမျိုးပေါ့၊ ပေါရိသာဒက လိုက်ဆိုတယ်။

နောက် ငါးပါးသီလပြီးလို့ နတ်တွေ ဝမ်းသာလိုက်တာ။ ပေါရိသာဒကို သုတသောမမင်း ချွတ်လို့ရဒါ။ ဒီလောကကြီးထဲမှာ ဘယ်နတ်ချွတ်လို့မှ မရဘူး၊ ဘယ်ဗြဟ္မာချွတ်လို့မှ မရဘူး၊ ပေါရိသာဒကို သုတသောမ ချွတ်ပေလို့သာ ရတယ်လို့ နတ်တွေကလဲ ကျေနပ်လို့။

**ကြိုးဖြေဖို့** ကိုင်း....ပေါရိသာဒ၊ အားလုံး မင်းတွေ **သုတသောမ ခေါ်** ဆင်းရဲကြပြီနော်၊ ကိုင်း....အားလုံး မင်းတွေကို ဖြေပေးပါ၊ ကြိုးတွေကို ဖြေပေးပါလို့ဆိုတော့ ပေါရိသာဒက စဉ်းစားတယ်၊ ငါက ရှင်ဘုရင်

www.dhammaransi.com



တွေ ကြိုးသွားဖြေလိုက်ယင် ရှင်ဘုရင်တွေက ဒီကောင်ဟာ ရန်သူပဲလို့ ဆိုပြီးတော့ ဝိုင်းချယင် ငါဘယ့်နှယ် လုပ်ပါ့မလဲ။ ဒီလိုဆိုယင် ငါကတော့ ဘယ်တော့မှ ပြန်ပြီး မလုပ်တော့ဘူး။ ငါသာ အသေခံမှာပဲလို့ တွေးပြီးတော့။

ဒီတော့ သုတသောမမင်းပါမှ ဖြစ်မှာပဲလို့ တွေးပြီးတော့ အရှင်မင်းမြတ်-ကျုပ်တို့ ၂-ယောက် သွားဖြေရယင် မကောင်းဘူးလားလို့ ပြောတယ်။ သနားစရာ သိပ်ကောင်းတယ်။ အရှင်မင်းမြတ်လဲ လိုက်ပါဦးလေ။

**သူ့ကို ရန်မူကြမှာလား**

"အား.... ကောင်းပြီ, ကောင်းပြီ လိုက်မယ်, လိုက်မယ် ဆိုပြီးတော့ နှစ်ယောက်သွားလို့ ဟိုနား ရောက်တော့မှ နေဦး နေဦး, ပေါရိသာဒ နေဦး" လို့ ပြောတယ်။ သုတသောမမင်းကလဲ ဟို ရှင်ဘုရင်တွေ စိတ်မချဘူး။ ဖြေပြီးလို့ ရှိယင် သူတို့က ဝိုင်းပြီး ပြန်ချယင်တော့ အခက်သားပဲလို့ တွေးမိတယ်။ တွေးမိတော့ ပေါရိသာဒ, နေရစ်ဦး နေရစ်ဦး ဆိုပြီး သူရှေ့ကသွားတယ်။ သူသွားတယ်ဆိုယင်ပဲ ဟိုက ရှင်ဘုရင်တွေက ဝမ်းသာလိုက်တာ, သုတသောမ လာတယ် ဆိုယင်ပဲ အားလုံး မင်းမြတ်တို့....ကျုပ် ပေါရိသာဒကို ဆုံးမလို့ ပေါရိသာဒ ယဉ်ကျေးသွားပြီ။ အသင်တို့ကို သူလာပြီးတော့ ဖြုတ်ပေးလိမ့်မယ်။ အသင်တို့ကို ဖြုတ်ပေးတော့ အသင်တို့ကပြန်ပြီး မကျေမနပ်နဲ့ သူ့ကို ရန်မူကြမှာလား။

www.dhammaransi.com



**ရန်မမူပါဘူး ကြိုးဖြုတ်ပေးပါ** ရန်မမူပါဘူး, မမူပါဘူးလို့ အားလုံးက ပြောတယ်။ ကောင်းပြီ, သင်တို့ ပဋိညာဉ်ပေးကြပါ။ "ပေးပါတယ် ပေးပါတယ်" အားလုံးကလဲပဲ လွှတ်တယ်ဆိုယင်ပဲ ဝမ်းသာလှပြီ။ ပေးပါတယ် ပေးပါတယ်။ ဒါပေမဲ့ ကျုပ်တို့က အားမရှိဘူးနော်။ သူ့ကို အကုန်လုံး မပြောနိုင်ဘူး။ အရှင်မင်းမြတ်က ကျုပ်တို့ကိုယ်စား သူ့ကို နားလည်အောင် ပြောလိုက်စမ်းပါ, ဘယ့်နှယ်မှ ရန်မမူဘူးလို့ဆိုဒါ သူ့ကိုပြောလိုက်စမ်းပါလို့ ဆိုတော့....

**ကြိုး ဖြုတ်ပြီး အသာလေးချ** သုတသောမက....ပေါရိသာဒ, လာ သွားစို့ လို့ ဆိုတော့ ပေါရိသာဒက သုတသောမမင်း ပါယင် သူကလဲ ရဲနေတာကို။ တခါထဲရှင်ဘုရင်တယောက် နဂိုတုန်းက လက်ဖောက်ပြီးတော့ ချည်ထားတဲ့ ကြိုးကို ဖြုတ်ချလိုက်တယ်။ တခါထဲ အောက်ကျ ပြီးတော့ ရှင်ဘုရင်ဟာ တုံးကနဲ လဲဒါပဲ, အားက မရှိပဲကိုး။ ဟာ ပေါရိသာဒ.... ဒီလိုမလုပ်နဲ့, နေဦး နေဦး, ဆိုပြီးတော့.... နောက်တယောက်ကျတော့ သုတသောမမင်းက သားငယ်လေး ပွေ့ထားသလိုပွေ့တယ်။ အေး....သာသာလေးဖြတ်, သာသာ လေးဖြတ်၊ သန်လျက်ထက်ထက်နဲ့ သာသာလေး လှီးဖြတ်ပြီး တော့မှ အမေ့ပေါ် အိပ်နေတဲ့ သားကလေး အိပ်ရာက နိုးမှာ စိုးလို့ အမေက သာသာလေး သိပ်သလို, မြေကြီးပေါ် သာသာလေး ချတယ်။

www.dhammaransi.com



**ဘုန်းကြီး ကြည်ညိုလိုက်တာ** အားလုံး မင်းတွေ ဒီလိုပဲ အကုန်လုံး သက်သက် သာသာနဲ့ ဖြုတ်, ကျေးဇူး တင်လိုက်တာ။ ဘုန်းကြီးက ကြည်ညို လိုက်တာလေ, သူတို့ လုပ်ပုံကိုင်ပုံတွေ။ ဒီတွင်အားလုံးမင်းတွေ တကထဲ ကျေကျေနပ်နပ်နဲ့နေတော့ ပေါရိသာဒနဲ့ သုတသောမ မင်းက ကြိုးတွေသာ ဖြုတ်တာကိုး။ ကြိုးသီထားတဲ့ နေရာက အနာပေါက်ကလေးတွေ နေရာက ကြိုးဖြုတ်ရဦးမှာ။ ဒီတော့ နားဖောက်တဲ့ ကလေးများမှာ ကြိုးကလေးတွေ တပ်ထားတော့ အဲဒီကလေး နာမှာစိုးလို့ နားကြိုးကို သာသာလေးဖြုတ်သလို, သူတို့ ၂-ယောက်ကလဲ သာသာကလေး လိုက်ပြီးတော့ ဖြုတ် တယ်။ သာသာလေး ဖြုတ်ပြီးတော့ ရေတွေ ဘာတွေဆေးလို့၊

**သစ္စာဆိုပြီး ဆေးလိမ်းယာဂုတိုက်** ပေါရိသာဒ...., ဟို သစ်ပင် တပင်က သင်ခေါက်ကလေး ယူခဲ့စမ်း။ ဘာ သစ်ခေါက် ဖြစ်ဖြစ် ယူခဲ့စမ်း။ ဟို ကျောက်ပြားပေါ်မှာ သွေးစမ်း။ သွေးစမ်းဆိုတော့ သွေးတယ်။ သွေးပြီးသားဖြစ်တဲ့ ဆေးမြင်ကလေးတွေရဲ့ အနှစ်ကလေးများ လိုပေါ့။ သုတသောမမင်းကလဲ သစ္စာဆိုပြီးတော့ လိမ်းလိုက် တာလေ အနာတွေကို ပျောက်လို့။ အားတော့ ဘယ်သူမှမရှိဘူး။ ယာဂုကြိုတယ်, ယာဂုကြိုတော့ အဖတ် မပါစေရဘူး။ အရည် တွေချည်း တိုက်တယ်။ နက်ဖြန် မနက်စောစော ယာဂုတိုက် အရည်ချည်းပဲ အဖတ် မပါဘူး။ နေ့လယ် ယာဂုတိုက် အရည် ချည်းပဲ။ ညနေကျလဲ ယာဂုတိုက် အရည်ချည်းပဲ။ "ရည်မန်း" ဆိုဒါမျိုးပေါ့။ နက်ဖြန်ခါတတိယမြောက်နေ့ကျမှ ယာဂုအဖတ် ကလေး ထည့်ပြီးတော့ တိုက်တယ်။

www.dhammaransi.com



**ကျွန်တော်လိုက်လို့မဖြစ်ဘူး သေမှာ** ဒီလိုပဲ တရက် နှစ်ရက် ယာဂု တိုက်လို့ သူတို့ အားရှိပြီ ဆိုပါတော ပြန်ကြစို့နဲ့။ သုတသောမ မင်းက....ပြန်ကြစို့ရဲလား, အားလုံး ကိုယ့်နိုင်ငံ ကိုယ်ပြန်ရမှာ။ ကဲ ပေါရိသာဒလဲ ကိုယ့်နိုင်ငံ ကိုယ်ပြန်ရအောင် သွားစို့ရဲ့လို့ ဆိုတော့။....အမယ်လေး ကျွန်တော်လိုက်လို့ မဖြစ်ဘူး။ ဆရာ တို့သာ သွားကြတော့။ အားလုံး မိတ်ဆွေများသာ ကိုယ့်နိုင်ငံ ကိုယ်ပြန်ကြတော့။ ကျုပ်လိုက်လို့ မဖြစ်ပါဘူး။ ကျုပ် အပြစ် တွေက ကြီးလှပါပြီ။ သွားကြတော့ သွားကြတော့။ ကျုပ်ဒီမှာ ပဲ သစ်ဉသစ်ဖုကလေးတွေ သစ်ရွက်ကလေးတွေ စားပြီးတော့ နေရစ်တော့မယ် သွားကြတော့။ အာ....ပေါရိသာဒ, ဒီလိုနေလို့ ဘယ်ဖြစ်မလဲ။ လိုက်ခဲ့ လိုက်ခဲ့ လိုက်ခဲ့။ မလိုက်ပါရစေနဲ့တော့။ သင့်နိုင်ငံကို တို့ပြန်ပို့မယ်။ မလုပ်ပါနဲ့, ကျုပ်တို့ နိုင်ငံကလဲ ရန်သူတွေ ဖြစ်နေပါပြီ။ကျုပ်သာ သွားလို့ရှိယင်ဖြင့် တယောက် လေ ခဲတလုံးစီပေါက်တာနဲ့ ကျုပ်သေမှာ။

**ယူထားတဲ့ သီလ ကျုပ် မဖျက်ပါ** ကျုပ်ကလဲပဲ သူတို့ကို ပြန်ပြီးတော့ ဘာမှ မလုပ်ပါဘူး။ကျုပ်သီလ ကျုပ်ထိန်းမှာပါ။ အရှင် မင်းမြတ်ဆီက ယူထားတဲ့ သီလကို ကျုပ် မဖျက်ပါဘူး။ ကျုပ်ကိုတော့ တိုင်းပြည်က ခဲတလုံးစီ ပေါက်တာနဲ့ သေပါလိမ့်မယ်။ ကျုပ် မလိုက်ပါရ စေနဲ့။ ဒီမှာပဲ ကျုပ်နေရစ်ပါ့မယ်။ အရှင်မင်းမြတ်တို့နဲ့လဲ နောက်ထပ် တွေ့ရမှာမဟုတ်ပါဘူး။ ကျုပ်မြတ်နိုးတဲ့ လူသားလဲ မစားရလို့ ကျုပ်လဲ အသက်ရှည်မှာ မဟုတ်ပါဘူး။ အသက်မရှည်ပေမယ်

www.dhammaransi.com



လို့လဲ ကျုပ်သိလ မဖျက်ပါဘူး။ ကျုပ် ဒီမှာပဲနေရစ်မယ်လို့ ဆိုတော့။

**ငါ့နိုင်ငံတဝက်ခွဲပြီး ပေးမယ်** သုတသောမမင်းကတွေးတယ်ကိုး "ပေါရိသာဒ ငါ့စကားတွေ သိပ်နားထောင်တယ်။ သူ့ကိုတော့ နဂိုစည်းစိမ် ပြန်မရယင် ငါတာဝန် ရှိတယ်"လို့ တွေးတယ်။ ပေါရိသာဒ....ဒီလို နေရစ်လို့ ဘာဖြစ်မလဲ၊ လိုက်ခဲ့လိုက်ခဲ့၊ သင့်ကိုတောင်မှ ငါက နားလည်အောင် ပြောနိုင်သေးတဲ့ဥစ္စာ သင့် တိုင်းသူပြည်သားတွေ ငါ နားလည်အောင် ဘာမပြောနိုင်ပဲ ရှိရမှာလဲ။ လိုက်ခဲ့လိုက်ခဲ့၊ ငါပြောလို့မရဘူး ဆိုလို့ရှိယင်ဖြင့် ငါ့နိုင်ငံကို တဝက်ခွဲပြီးတော့ ပေးမယ်။ လိုက်သာ လိုက်ခဲ့ပါ၊ သဘောကျလိုက်ထာလေ တကထဲ သူတော်ကောင်းတွေ၊ ဒါနဲ့"မလိုက်ပါရစေနဲ့တော့ အရှင်မင်းမြတ်၊ အရှင်မင်းမြတ်ရဲ့ နိုင်ငံလဲပဲ "ငါ့အမေသတ်ဖူးတာ ဟောဒီ ပေါရိသာဒဟာ"ဆိုပြီး"ကျုပ်ရန်သူတွေ ဖြစ်နေပါပြီ။ အရှင်မင်းမြတ်နိုင်ငံလဲ မလိုက်ပါရစေနဲ့တော့"လို့ ပေါရိသာဒကလဲ ငြင်းတယ်။

**လိုက်သာ လိုက်ခဲ့ပါ** ဒါနဲ့ သူပြန်ပြီးတော့ ဒီ ပေါရိသာဒ မပါလို့တော့ မဖြစ်ပါဘူးလို့ ဆိုပြီးတော့ "ပေါရိသာဒ....သင့်နိုင်ငံ ဗာရာဏသီပြည်ဆိုတာ သာမန်နိုင်ငံမဟုတ်ဘူး။ ဗာရာဏသီပြည်ဆိုတဲ့ဥစ္စာ စားကောင်းသောက်ဖွယ်တွေ အင်မတန်ပေါတဲ့ပြည်၊ စားချင်တဲ့ အစာတွေ စားလို့ရတယ်။ သင့်ရဲ့နန်းတော် သင့်ရဲ့ အိပ်ရာနေရာကလဲ အင်မတန်မှ သာယာတယ်။ ဘေးက မောင်းမမိဿံ အခြွေအရံ တွေဟာ

www.dhammaransi.com



ဟိုတုန်းကဆိုယင် သင့်အလိုလိုက်ပြီးတော့ ယုယကြတယ်။ သင့်ရဲ့ တိုင်းသူပြည်သားတွေကလဲ သင့်စကားကို နားထောင်ကြတယ်။ ဒီတော့ သင်တို့တိုင်းပြည်ဟာလေ အင်မတန် ပျော်စရာကောင်းတဲ့ တိုင်းပြည်။ အဲဒီတိုင်းပြည်ကို ပြန်ပြီးနေရအောင် လုပ်မယ်။ မနေရဘူးဆိုယင် ငါ့တိုင်းပြည်ကို တဝက်ခွဲပေးပါ့မယ်,လိုက်သာ လိုက်ခဲ့ပါလို့ ဆိုတော့ သူနဲ့နဲ့လိုက်ချင်စိတ် ပေါက်လာတယ်။ ဒါဖြင့် လိုက်ပါတော့မယ်။

**တရားကို ပြန်သတိရ** သူတော်ကောင်းနဲ့ ပေါင်းရတာများ သိပ်ကောင်းတယ်နော်။ကြည့်စမ်း အခု အရှင် သုတသောမမင်းက ပထမဆုံး ကျုပ်ကို မကောင်းတဲ့ အကျင့်တွေ ချွတ်ပစ်တယ်။ မကောင်းတဲ့အကျင့်တွေ ချွတ်ပြီးတော့ကို ကျုပ်ကို နဂိုစည်းစိမ် ပြန်ပြီးတော့ရအောင် လုပ်ပေးမယ်လို့ ဆိုပြန်တယ်။ "သူတော်ကောင်းတွေနဲ့ ပေါင်းရတာ ကောင်းလိုက်ထာ"လို့ တရားကို ပြန်သတိရတယ်။

**ရသကနဲ့ ပေါင်းလို့ လူသားစားမိ** "သမ္ဘိရေဝ သမာသေထ, သမ္ဘိ ကုဗ္ဗေထ သန္ထဝံ"ဆိုဒါကို သိပ်သဘောကျသွားတယ်။ ကျုပ်လေ ပထမ သူယုတ်မာ ရသကနဲ့ ပေါင်းရလို့ ဒီလူသားစားမိတာ။ သူဟာသူ ကြိုက်တာကိုတော့ သိပ်သတိမရဘူး။ ရသက က လူသားချက် ကျွေးလို့ ကျုပ် လူသားစားမိတာ။ အဲဒီလူသား စားမိရာက တောပုန်း ဒမြကြီး ဖြစ်လာပြီးတော့ ကျုပ် မကောင်းမှုတွေ

ပြုမိတယ်။ သူယုတ်နဲ့ ပေါင်းရတဲ့ ဥစ္စာဟာ ကြာလေတွေးလေ ဆိုးဝါးလေပါပဲလားလို့ သူ့စိတ်ထဲက တွေးပြီး လိုက်ပါ့မယ်၊ လိုက်ပါ့မယ် ဆိုပြီးတော့။

**တောထဲက တိုင်းပြည်ပြန်**

တခါထဲ သုတသောမမင်း ခေါင်းဆောင်ပြီး တော့ တရာ့တပါးသောမင်းတွေ ဆိုပါတော့ အကုန်လုံး ထွက်လာခဲ့ကြတယ်။ တောထဲက ထွက်လာပြီးတော့ သုတသောမမင်းက စစ်တပ် မပါလို့ရှိယင် ဟိုကျတဲ့အခါ နဲနဲအခက်အခဲရှိမှာစိုးလို့ သူ့တိုင်းပြည်ရဲ့ အစွန် အဖျားသွားတယ်။ တိုင်းပြည်ကလူတွေက သိတာနဲ့မို့လို့ "ဟာ တို့မင်းမြတ် ပြန်လာပြီ" ဆိုပြီးတော့ နန်းတော်အပြေးသွားပြီး တော့ သံတော်ဦး တင်ကြတယ်။ သံတော်ဦး တင်ကြတော့ နန်းတော်က စစ်တပ်ကြီးပါ ထွက်ပြီးတော့ လိုက်လာခဲ့တယ်။

**မြို့ဘံခါးတွေ ပိတ်မထားနဲ့ဖွင့်ပေး**

ဒါနဲ့ စစ်ဘပ် ခြံရံပြီးတော့ သုတသောမမင်းက ခေါင်းဆောင်ပြီး ပေါရိသာဒရဲ့ မူလနိုင်ငံ ဗာရာဏသီပြည် သွားတယ်လို့ ဆိုယင်ပဲ ဟိုကကြားပြီး သုဘသောမမင်းဟာ ပေါရိသာဒကို ဆုံးမပြီးတော့ ခေါ်လာသတဲ့လို့ တိုင်းသူပြည်သားတွေ ကြားတယ်။ မြို့သူ မြို့သားတွေ ကြားတယ်ဆိုယင် ရှင်ဘုရင်ဆီသွား သံတော်ဦး တင်တဲ့သူကတင်၊ မြို့တံခါးတွေ ပိတ်ထားသူ ကပိတ်၊ အဝင်မခံဘူး။ ဒီရှင်ဘုရင်ကိုတော့ အဝင်မခံဘူး။ မြို့ဘံခါးတွေ ပိတ်ထားတယ်။ နောက်မြို့နားရောက်တော့ တံခါးတွေကို ပိတ် ထားလို့ သုတသောမမင်းက အမတ် ၂-ယောက် ၃-ယောက်

www.dhammaransi.com



လောက် ခေါ်ပြီးတော့ တံခါးမှူးကို သွားပြောတယ်။ ငါသုတသောမမင်း၊ တံခါးဖွင့်ဆိုတော့ ဟိုက နဲနဲကြောက်ပြီးတော့ ရှင်ဘုရင်ဆီသွား သံတော်ဦးတင်တယ်။ အဲဒီအခါမှာ လုပ်နေတဲ့ ရှင်ဘုရင်ကလဲပဲ ပေါရိသာဒရဲ့ သားတော် ရှင်ဘုရင်၊ သုတသောမမင်းက တံခါး အဖွင့်ခိုင်းနေပါတယ် လျှောက်တင်တော့ ဟိုကလဲပဲ မင်းကလေး ဖြစ်နေပြန်လို့ ဆိုတော့ "ဟာ-ဖွင့်လိုက် ဖွင့်လိုက်။ စစ်သူကြီးကလဲ ဖွင့်လိုက်၊ ဖွင့်လိုက်"လို့ ဆိုတော့ တခါထဲ တံခါးဖွင့်ပေးတယ်။

**နန်းတော်ပေါ်တက်ပြီး တရားဟော**

တံခါးဖွင့်ပေးလို့ သုတသောမမင်းက အမတ် ၂-ယောက် ၃-ယောက် လောက် နောက်က ခေါ်ပြီးတော့ နန်းတော်ပေါ် တက်သွားတယ်၊ ရာဇပလ္လင်ပေါ် ထိုင်ပြီးတော့ သင်တို့က တံခါးများ ပိတ်ထားတယ်လို့ ရှိရတယ်။ လာပါ၊ မိဖုရားတွေ လာပါ၊ သားတော် လာပါ။ စစ်သူကြီးလာပါ။ မိဖုရားကြီး ခသားတော်က ဒီရှင်ဘုရင်ရဲ့သား။ သူတို့တတွေနဲ့ မိဖုရားကြီး ကြီးပွားလို့ အဲဒီဂုဏ် ဘယ်ကရခဲ့သလဲ။ နဂိုတုန်းက ဗြဟ္မဒတ်ကပေးတဲ့ ဂုဏ်တွေပဲ။ အခု သူလာတယ် ဆိုလို့ရှိယင် ဘယ်လောက် ကျေကျေနပ်နပ် လုပ်ဖို့ကောင်းသလဲ။ "ရှင်ဘုရင်ကလေး...မိဘဆိုတဲ့ဥစ္စာ မပြစ်မှားရဘူး။ မိဘကို ပြစ်မှားတဲ့သူဟာ အပါယ်ငရဲရောက်တာချည်းပဲ။ မိဘကိုဦးစားပေးပြီးတော့ လေးစားတဲ့ပုဂ္ဂိုလ်တွေဟာ သုဂတိရောက်ကြရတယ်။ ဒါကြောင့် အသင်ကလေ ရှင်ဘုရင် ဖြစ်နေပေမယ်လို့ ငါ့ခမည်းတော်ပဲ ဆိုပြီးတော့ခ မည်းတော်ကို ဦးစားပေးပါ"။

www.dhammaransi.com



**ကျေးဇူးရှင်ကို ကျေးဇူးဆပ်**

စစ်သူကြီး....စစ်သူကြီးနဲ့ ရှင်ဘုရင် ဖြုဟ္မဒတ္တဟာ နဂိုတုန်းက အင်မတန် ချစ်တဲ့ မိတ်ဆွေနော်။ ငယ်ငယ်က အတူတူကြီးလာကြတာနော်။ ငယ်ငယ်က အတူတူကြီးလာပြီးတော့ အသင်စစ်သူကြီးကိုပဲ သူက စစ်သူကြီးအရာ မြှောက်စားတယ်နော်။ အဲသလောက် ကျေးဇူးရှိတဲ့သူကို ခုလာတော့ တံခါးပိတ်ထားတယ်ဆိုတဲ့ ဥစ္စာ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ရာရောက်မလား, မရောက်ဘူး။ ဒီတော့အားလုံး သူတော်ကောင်းတွေလုပ်ကြနော်၊ ပေါရိသာဒလို့ ဆိုပေမဲ့ ငါ့သုံးမထားလို့လေ, အခု ဘာပြစ်မှ မရှိဘူး။ အားလုံး သူတော်ကောင်းကြီး ဖြစ်နေပြီ။ သူတော်ကောင်း ကိစ္စတွေကို သူလုပ်နေပြီ။ သင်တို့ အကုန်လုံး လက်ခံကြပါ-လို့ ဆိုတော့....သားတော်ကရော, မိဖုရားကရော, စစ်သူကြီးကရော "ကောင်းပါပြီ, လက်ခံပါမယ်"လို့ ဆိုပြီးတော့....

**ကြိုဆိုပြီး မင်းမြှောက်**

တိုင်းသူပြည်သားတွေပါ မောင်းကြေးနင်းခတ်ပြီး....ငါတို့ရဲ့ ရှင်ဘုရင်ဟောင်း ပြန်လာတယ်။ ဘာမှ ဘေးရန်မရှိတော့ဘူး။ သုတသောမမင်းဆုံးမလို့ အကုန်လုံး ကောင်းနေပြီ။ ငါတို့ရှင်ဘုရင်ကို ကြိုရမယ်လို့ ကြွေးကြော်တယ်။ တိုင်းသူပြည်သားတွေကလဲ ကျေနပ်လို့။ မင်းမြှောက်တန်ဆာပါ တပါထဲယူပြီးသကာလ အကုန်လုံး ထွက်လာပြီး မြို့အပြင်ဘက်မှာ မင်းမြှောက်တန်ဆာတွေ ဆင်ပြီးတော့ ဘိသိက်သွန်းပြီး ရှင်ဘုရင်မြှောက်ကြတာပါပဲ။

ဆိုင်ရာ ဆိုင်ရာ ရှင်ဘုရင့်အရာ မြှောက်ပြီးတော့ တိုင်းပြည်သဲ

**တိုင်းပြည်ပြန်** ဝင်သွားပြီး အားလုံးပါလာတဲ့ ရှင်ဘုရင်တွေရော, သုတသောမမင်းရော, ကျေကျေနပ်နပ် ဝမ်းမြောက် ဝမ်းသာနဲ့ ချမ်းချမ်းသာသာ နေထိုင်ကြတယ်။ ဒီလို နေလာရာက တလလောက် ကြာတော့မှ- "ကိုင်း!...တို့ တတွေလဲပဲ ပြန်တော့မယ်, အားလုံး ရှင်ဘုရင်တွေကလဲ ကြားလို့ ဟိုတိုင်းပြည်, ဒီတိုင်းပြည်က စစ်တပ်တွေကလဲ ရောက်လာကြပြီ။ သူတို့ ရှင်ဘုရင်တွေ လာပြီး ကြိုကြပြီလို့ ပြောပြီး ကိုယ့်စစ်တပ်နဲ့ကိုယ်ရတဲ့ ရှင်ဘုရင်တွေက စစ်တပ်နဲ့ ပြန်သွားကြပြီ။ စစ်တပ် မပါသေးတဲ့ ရှင်ဘုရင်တွေကို သုတသောမမင်းက သူ့စစ်တပ် ခွဲပြီးတော့ ပေးလို့ ဆိုင်ရာ ဆိုင်ရာတိုင်းပြည် ပြန်ကြတယ်။

**ပြန်ခါနီး ဆုံးမ** အားလုံး ပြန်ခါနီးကျတော့ သုတသောမမင်းက ဆုံးမတယ်။ အသင်တို့....သူတော်ကောင်း အဖြစ်နဲ့ နေကြပါနော်။ ကိုယ့် တိုင်းသူပြည်သားတွေကို တရားသဖြင့် အုပ်ချုပ်ကြပါနော်။ တိုင်းပြည်ရောက်တဲ့ အခါကျလို့ရှိယင် တရားသော မင်းများ ဖြစ်ကြပါနော်-လို့ ပြောတော့။ တချို့ရှင်ဘုရင်တွေက ဝပ်ချ, သုတသောမမင်းကိုဖက်, ဝမ်းမြောတ်ဝမ်းသာ နှုတ်ဆက်ပြီးတော့ ဘျေးဇူးတင်လွန်းလို့, အရှင်မင်းမြတ်ရဲ့ ဩဝါဒအတိုင်း နေပါ့မယ်လို့ ပြောပြီးတော့ ကိုယ်စီကိုယ်င ဝမ်းမြောက်ဝမ်းသာနဲ့ ပြန်သွားကြတယ်။

www.dhammaransi.com



**ဘုန်းကြီးတို့ ဘုရားလက်ထက် ကျတော့** ပြန်သွားကြပြီး တရားသဖြင့် မင်းပြုကြလို့၊ အားလုံး မင်းတွေဟာ သေသည့် အခြားမဲ့မှာ သုဂတိဘဝ ရောက်ကြတယ်။ နောက်ဆုံး ပေါရိသာဒ ဆိုတဲ့ ဗြဟ္မဒတ္တမင်းတောင်မှ သုတသောမမင်းရဲ့ ဩဝါဒ အတိုင်း နေပြီးသကာလ သုဂတိဘဝ ရောက်ရတယ်။ အဲဒီမင်းတွေကလေ ဘုန်းကြီးတို့ ဘုရားလက်ထက်ကျတော့ သုတသောမ မင်းက ဘုန်းကြီးတို့ ဘုရားရှင်ဖြစ်တယ်။ အားလုံး မင်းတွေက မြတ်စွာဘုရားရဲ့ ပရိသတ်တွေ ဖြစ်တယ်။ ခုနက သိကြား မင်းကအရှင်အနုရုဒ္ဓါ ဖြစ်တယ်။ ဟိုညောင်ပင်မှာနေတဲ့ နတ်က အရှင် မဟာကဿပကြီး ဖြစ်တယ်။ ပေါရိသာဒလို့-ဆိုတဲ့ ဗြဟ္မ ဒတ္တမင်းကတော့ အင်္ဂုလိမာလ လာဖြစ်ပြီးတော့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံရတယ်။

**ပေါရိသာဒတောင် ရဟန္တာဖြစ်** ဒါ့ကြောင့် ဘုန်းကြီးက ဘာပြောချင် သလဲလို့ ဆိုတော့၊ ယနေ့ ဆိုပါတော့ ပေါ့။ ဒီတရားကို သတိရလို့ရှိယင် “ငါ သူတော်ကောင်းဖြစ်မယ်၊ ဇမ္ဗူဒိပ်မှာ အမိုက်ဆုံး”လို့ သမုတ် ရတဲ့ ပေါရိသာဒတောင်မှ သုတသောမ ဘုရားလောင်းမင်းရဲ့ တရားကို နာပြီးတော့ သူတော်ကောင်းဖြစ်ပြီး နောက် ဆုံး အင်္ဂုလိမာလ ဘဝနဲ့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံရသေး တယ်။

www.dhammaransi.com



**တကယ့် သူတော်ကောင်း ဖြစ်အောင်လုပ်**

ဒီတော့ တို့ဟာ ဒီလောက်တောင် လဲပဲ လွန် လွန် ကြူး ကြူး မမိုက်ခဲ့ဘူး။ ပေါရိသာဒဟာ သီလစောင့်တဲ့ အခါတုန်းက သီလကို ထိန်းမိတဲ့ အခါက စပြီးတော့ ငါ့ကို သတ်တောင်မှ ဒီသီလ မဖျက်ပါဘူးလို့ ပြောတယ်။ တို့ကလေ ငါးပါးသီလကို ဘာပြုလို့ ရဲရဲဝံ့ဝံ့ မထိန်းပဲ ရှိရမလဲ။ တို့ငါးပါးသီလ ထိန်းမှာပေါ့။ ဘယ်မုသားကလေး ဘာ့ကြောင့် ထိန်းမရဘူးလို့ ဆိုဒါတွေ မရှိစေရဘူး။ မုသားနဲ့ ဆိုင်ရာဆိုလို့ရှိယင် ဘာ့ကြောင့် ညာ့ကြောင့် မုသားပြောရတယ်လို့ ခြွင်းချက် မထားပဲနဲ့။ ငါလေ တကယ့်သူတော်ကောင်း ဖြစ်အောင် လုပ်မယ်။ အဲသလို သူတော်ကောင်းဖြစ်အောင် လုပ်လို့, ငါ သာမန်လူတွေထက် သာသာလျှင် သံသရာက လွတ်တဲ့သူ ဖြစ်မှာပဲလို့ဆိုပြီး ကြိုးစားကြပါ။ ဒါ့ကြောင့်....

## ပါရမီ ဖြည့်ကျင့်တော့မည်

သံသာရမှာ သာမညေန, န မုစ္စေယျ တဟိံ တဟိံ၊
ဂတိံ ဂတိံ ဘဥ္စန္တော ပိ, သဥ္စယဿာမိ ပါရမိံ။

တဟိံ တဟိံ-တွေ့ကြုံ ဆုံကြ, ဘုံဘဝဝယ်, ကြုံရလေတောင်း, သေ-င်းပြောင်းအာရုံ, အဖုံဖုံ၌၊ သာမညေန-သူများနည်းတူ, သူ့မူမပျက်, သူ့ထက်မသာ, လိမ်မာဟန်မျှ, စံမပြ လောက်သေးပါမူကား၊ သံသာရမှာ-မဟာပြဟွေ, လျှာကုဋေဖြင့်, ရှာဖွေမှန်းဆ, ဂဏန်းပြဖို့, နှမ်းမျှမလွယ်, တကယ်မှန်စွာ, မကြုံသာသည့်, သံသရာခရီး ကန္တာကြီးမှ၊ န မုစ္စေယျ-ဘုန်းစ

www.dhammaransi.com



ကံချွန်, သမ္ဘာမန္တန်၍, တံခွန်ဆောက်ကိုင်, မလွန်မြောက်နိုင်သေးရာ၊ အမုတ္တာတ္တာ-လွတ်ဖို့ဝေးရှဲ့, မတွေးနဲ့တော့, ဘေးတကွဲ့စုံ့, အဖုံဖုံ ဇာတ်ပြား၍, ထပ်မနား အပါယ်ခရီး၌, တလည်ထဲလည်နေရမည့် အရေးကြောင့်၊ ဂတိ ဂတိ-ဒေဝမနုဿ, နိရယနှင့်, ပေတ တိရစ္ဆာန်, လားရန်အရှိ, ငါးတန်သော ဂတိကို၊ ဘဋ္ဋနတ္ထာပိ-ကောင်းရာမြန်းလင့်, စခန်းသင့်လည်း, ငြမ်းဖြင့်တက်ပြီး, ငြမ်းဖျက်နည်းသို့, ဖျက်ဆီးလွန်မြောက်, နိဗ္ဗာန်ရောက်ဖို့ အကျိုးငှါ၊ ပါရမီ-နိဗ္ဗာန်နန်းခွင်, စခန်းဝင်ဖို့, လမ်းစဉ်အကျ, ဒါန စသည်, ပါရမီအကျိုး, ကောင်းမှုမျိုးကို၊ သဒ္ဓယိဿာမိ, တမြင့်ထဲမြင့်, ဆင့်ကဲတင်ဖို့, အသင့်မကွာ, ချင့်စာတိုးပွါး, တမျိုးအားဖြင့်, ကြိုးစားဖြည့်ကျင့်ပါတော့မည် ဘုရား။

သာဓု....သာဓု....သာဓု။

မဟာသုတသောမ-ပေါရိသာဒ

တရားတော် ပြီးပြီ။

www.dhammaransi.com

## အထက်တန်းရောက်တာ ငြိမ်း

လူ တော်တော် ချမ်းချမ်းသာသာ ဖြစ်နေပြီ ဆိုပါ တော့၊ အို….ဒါငြိမ်း၊ အထက်တက်ဖို့ရာ, ရပ်နေဖို့ မဟုတ်ဘူး။ ခံစားဖို့ မဟုတ်ဘူး, အထက်တက်ဖို့။ အမျိုးသမီး တော်တော် အထက်တန်းကျကျ ဖြစ်နေပြီ ဆိုပါတော့, အို….ဒါငြိမ်း။ ဒီအထဲက ကုသိုလ်ပါရမီ တွေအများကြီး စုဆောင်းသွားရမယ်။

## အမြတ်သာ ရပါတယ်

သူတော်ကောင်းနဲ့ ပေါင်းကြည့်လို့ ရှုံးတယ်လို့ဘယ် တော့မှ မရှိဘူး။ အမြတ်သာ ရပါတယ်။ ဒါ့ကြောင့် သူတော်ကောင်းနဲ့ အတူသွားပါ, အတူလာပါ, အတူ နေပါ အတူထိုင်ပါ။

## သေသည်အထိ ကောင်းစေချင်

နတ်တွေ ဘာတွေ ကြည်ညိုတယ် ဘာတယ်ဆိုတဲ့ ဥစ္စာ ကြည်ညိုချင်လဲ ကြည်ညိုမှာပေါ့။ ဒါလဲပဲ မမျှော် ပါနဲ့။ မမျှော်လောက်ပါဘူး။ ဒါပေမဲ့ သေခါနီး ကိုယ့်ဟာကိုယ် အားရပါးရ သေရမှာတော့ ပျော်စရာ ကောင်းလိုက်တာ၊ အဲဒီအထိ ဘုန်းကြီးက မျှော်ပြီး တော့ ကောင်းစေချင်လွန်းလို့။

www.dhammaransi.com

# ရွှေဟင်္သာမင်း တရားတော်

**ဘဝကောင်း စိတ်မချရ** ဒီဘဝမှာ စားဝတ်နေရေး အရေးကြီးတယ်။ တခါ ဒီဘဝကလွန်သွားပြီးတော့ မိမိတို့ရောက်ရမဲ့ဘဝကို တမျိုးမဟုတ်တမျိုး ကောင်းသောဘဝမှာ ရောက်နိုင်ဖို့ အရေးကြီးတယ်။ ဒီလိုတဘဝကောင်းလေးတင်လဲ စိတ်မချရဘူး။ ဘဝများစွာ နေရစေကာမူ သူတော်ကောင်းဖြစ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ အရေးကြီးတယ်။ အဲဒီအရေးတွေဟာ ခုနှယ်က ကြိုးစားထားမှ ဖြစ်တယ်။

**လက်တွေ့မြင်လို့ ကြိုးစားကြ** ရှေးတုန်းက သူတော်ကောင်းတွေ ကြိုးစားကြတယ်။ သူတို့ဘယ်လိုနည်းနဲ့ ကြိုးစားနိုင်ကြတုံးလို့ ဆိုတော့ ဘုန်းကြီးတို့ သူတော်ကောင်း အလောင်းအလျာတွေ နောက်လာမယ့် ဘဝတွေကို မြင်တယ်ကိုး။ ဘာပြုလို့ မြင်တုံးဆိုတော့ တချို့က လက်တွေ့အဖြစ်နဲ့မြင်တယ်။ အဲဒီလက်တွေ့အဖြစ်နဲ့ မြင်တဲ့ ပုဂ္ဂိုလ်တွေက သိပ်ကြိုးစားတာပဲ။ ဘယ်သူတွေ လက်တွေ့အဖြစ်နဲ့ မြင်လို့ ကြိုးစားကြသတုံးဆိုတော့ တေမိမင်းကို နဲနဲကလေး ပြန်သတိထားရမယ်။

**ထီးဖြူကြီးမြင်လို့ ရှေးဖြစ်တွေပြန်သတိရ** တေမိမင်း ဆိုတဲ့ ဘုရားအလောင်း ပုဂ္ဂိုလ်ဟာ တေမိမင်းဘဝ မရောက်ခင်တုန်းက နတ်ပြည်မှာ။ နတ်ပြည် မရောက်ခင်တုန်းက ငရဲမှာ။ ငရဲမရောက်ခင်တုန်းက ရှင်ဘုရင့်

www.dhammaransi.com



ဘဝပဲ။ တောမိမင်းသားလေးဘဝ ရောက်လာတော့ လသား ကလေး, တလလောက် ဘယ်လောက်ရှိသေးတယ်။ ဒီလောက် အရွယ်ကလေးမှာ အိပ်ပြီးတော့ နေတုန်း, အိပ်ရာကနိုးလို့ မျက်လုံးကလေး ဖွင့်လိုက်တော့ ထီးဖြူကြီးမြင်လို့ သူ ရှေးဟောင်း နှောင်းဖြစ်တွေ ပြန်သတိရသွားလိုက်တာ။

**သံဝေဂဖြစ်** အော်....ငါ ထီးဖြူကြီးဆီ ရောက်နေပြန်ပြီကိုး။ ရှေးတုန်းက ထီးဖြူဆောင်းခဲ့လို့ ရှင်ဘုရင်လုပ် ခဲ့လို့ ထိုရှင်ဘုရင်ဘဝမှာ တိုင်းသူပြည်သားအတွက်လို့ ဆိုပြီး မသင့်မတော်ပြုခဲ့ရတာတွေ, နှိပ်ကွပ်ခဲ့ရတဲ့ကိစ္စတွေပါ တွေးပြီး တော့ ငါရှင်ဘုရင်လုပ်ခဲ့တဲ့အတွက် အနှစ် နှစ်သောင်းလောက် ငရဲကျခဲ့တယ်။ ဒီထီးဖြူကြီး လာပြန်ပကောလို့ တွေးပြီးတော့ ကလေးကလေး ညှိုးသွားလိုက်တာ ပန်းကလေး ညှိုးသွား သလိုပဲ။

**နတ်သမီးကအကြံပေး** အဲဒီတော့ ထီးချက်စောင့် နတ်သမီးက ရှေးတုန်းက မိဘဖြစ်ဖူးလို့ "ငါ့သား ထီးဖြူကြီးကို မလိုချင်လို့ရှိယင် ထီးနန်းကို မလိုချင်လို့ရှိယင် စကားမပြောနိုင်တဲ့ အ,အကလေး။ လမ်းမသွားနိုင်တဲ့ အဆွံ့ ကလေး။ နားမကြားတဲ့ အထိုင်းကလေးဟန် ဆောင်လိုက်ပါ။ အ,အကို ထီးနန်းမအပ်ပါဘူး။ အဆွံ့အထိုင်းကို ထီးနန်းမအပ် ပါဘူး"လို့ ပြောတော့မှ သဘောကျသွားတယ်။

**ငရဲကြောက်လို့**
**ဆွံ့-အ-ယောင်ဆောင်**

သဘောကျပြီးတော့ ကနေ့က စပြီး "ငါ အ - ယောင်, ဆွံ့ - ယောင် နားပင်းယောင် ဆောင်မယ်" လို့ အဓိဋ္ဌာန်လိုက်တာ ဘယ်လောက်ကြာတုံးလို့ ဆိုတော့ တော မထွက်ရမချင်း, ဒီ ထီးဖြူက မလွတ်မချင်း, ငါဟန်ဆောင်မယ်လို့ အဓိဋ္ဌာန်လိုက်တာ တဆယ့်ခြောက်နှစ် ကြာတယ်။ ငရဲကို သေသေချာချာ ဇာတိဿရဉာဏ်နဲ့ မြင်တဲ့ ပုဂ္ဂိုလ်က ငရဲကို ကြောက်လွန်းလို့၊ သူ့သူ့ငါငါ အင်မတန် လိုချင်တောင့်တ နေတဲ့ လောကီ အာရုံထဲမှာ ထိပ်တန်းအကျဆုံး ဖြစ်တဲ့ ရှင်ဘုရင်ဘဝကိုတောင် စွန့်သွားတယ်။ တကယ်မြင်တော့ မနေနိုင်ဘူး။

**အလောင်းတော်**
**သာမိနမင်း**

တခါ.... ဘုန်းကြီးတို့ ဘုရားအလောင်း သာမိနမင်း ဖြစ်တယ်။ သာမိနမင်း ဖြစ်တုန်းက အင်မတန်မှ တရားသံဖြင့် မင်းပြုပြီးတော့ တိုင်းသူပြည်သားတွေလဲ လူကောင်း သူကောင်းတွေ ဖြစ်အောင် စောင့်ရှောက်ပြီး နေတဲ့အတွက်ကြောင့် အဖိုးကြီးတွေ, အဖွားကြီးတွေ အရင်သေသွားကြ၊ တာဝတိံသာနတ်ပြည်ရောက်၊ နောက် အဖိုးတွေ, အဖွားတွေ သေသွားကြ, တာဝတိံသာ နတ်ပြည်ရောက်။

**နတ်ပြည်ကျတော့**
**ဂုဏ်ကျေးဇူးပြော**

တာဝတိံသာ နတ်ပြည်ကျတော့ သူတို့က ပြောကြတယ်။ တို့မင်းတရားရဲ့ ကျေးဇူးကြောင့် ကောင်းကောင်း နေခဲ့တာ, ခု နတ်ပြည်မှာ ချမ်းသာလိုက်တာ။ ဟိုတယောက်ကလဲ ကျုပ်လဲ

www.dhammaransi.com



မင်းတရားရဲ့ ကျေးဇူးကြောင့်ပဲ။ သာဓိနမင်းရဲ့ ကျေးဇူး ပြောလိုက်ကြတာ၊ ဟိုကပြော, ဒီကပြောနဲ့ စုံနေတာပဲ။

**နတ်ပြည်အပင့်ခိုင်း** အဲဒါနဲ့ သိကြားမင်းနဲ့တကွ နတ်အများက သာဓိနမင်းကြီးကို ကြည့်ချင်တယ်၊ တွေ့ချင်ကြတယ်။ ဒီလောက် သူတော်ကောင်းတဲ့ ရှင်ဘုရင်ကို နတ်ပြည်ပင့်ကြစို့ရဲ့လို့ ဆိုပြီးတော့ မာတလိကို အပင့်ခိုင်းတယ်။ နတ်ပြည် ရောက်လာတော့ နတ်ပြည်စည်းစိမ်နဲ့နေတယ်။ နတ်တွေကို တရားဟောတယ်။

**ဘုန်းကံကုန်လို့ ငြီးငွေ့** အဲသလိုနေရာက အတော်ကလေးကြာတော့ နတ်ပြည်မှာ ပြင်းလာ ငြီးငွေ့လာတယ်။ ငြီးငွေ့လို့, ပြန်တော့မဲ့အကြောင်း ပြောတော့, သိကြားမင်းက.... "နေပါဦး အရှင်မင်းရဲ့ ဘုန်းကံကုန်လို့ပါ။ ကျွန်ုပ်ရဲ့ ဘုန်းကံနဲ့ နတ်ပြည်စည်းစိမ်ကို ခွဲပေးပါ့မယ်, နတ်ပြည် နေပါဦး"လို့ တောင်းပန်တော့ မလိုချင်ဘူး။

**ဘုံဗိမာန်တွေကြည့်ပြီး ကုသိုလ်ပြုချင်** နတ်ပြည်မှာ ဘုံဗိမာန်တွေနဲ့, ဗိမာန်ပိုင်ရှင်တွေ နေကြတာကို ကြည့်လိုက်တော့, အားလုံး - ကုသိုလ်ရှင်တွေ ဖြစ်နေတယ်။ ကုသိုလ်ရှင်တွေက ဒီလိုကုသိုလ်ရဲ့အကျိုးကို ခံစားနေရတာကို မြင်တော့ ကျွန်ုပ်လဲပဲ အရှင်သိကြားမင်း ပေးတဲ့ ကမ်းတဲ့ စည်းစိမ်ကို မလိုချင်ဘူး။ ကျွန်ုပ်ကိုယ်တိုင် ကုသိုလ်တွေ

www.dhammaransi.com



ကို ပြန်ပြီးတော့ ပြုဦးမယ်လို့ ဆိုပြီးတော့ နှတ်ပြည်မှာ မနေပဲနဲ့ နှတ်စည်းစိမ်တွေကို မယူပဲနဲ့ ကုသိုလ်ပြုဖို့ရန် လူ့ပြည်ကို ဆင်းလာတယ်။

လက်တွေ့သမားတွေက တယ်ကောင်းတယ်။ ကုသိုလ်ကို မပြုရမနေနိုင်ဘူး။ အကုသိုလ်တွေပြုခဲ့မိလို့ မှားလာတဲ့ပုဂ္ဂိုလ်ဖြစ်တုန်းကလဲ အကုသိုလ်တွေ သိပ်ကြောက်တာပဲ။ ကုသိုလ်အကျိုးတွေမြင်တဲ့ ပုဂ္ဂိုလ်ကျတော့လဲ ကုသိုလ်တွေ သိပ်ပြုချင်တာပဲ။

## နတ်ပြည် ဖြဟ္မာ့ပြည်ရောက်ဖို့ ဂုဏ်တွေ ငါ့မှာလဲရှိ

ယေဟိ သဒ္ဓါဒိဂုဏေဟိ, ဒေဝတာ ဒေဝတ္တံ ဂတာ၊
မယှံပိ တေ သံဝိဇ္ဇန္တိ, အဟော မေ ဂုဏဝန္တတာ။

ဒေဝတာ-စတုမဟာ, ဝတိံသာနှဲ, နတ်ရွာ ခြောက်လီ, ဖြဟ္မာ့ပြည်ဝယ်, ကိုယ်စီစံစား, နတ်ဖြဟ္မာ အများတို့သည်၊ ယေဟိ သဒ္ဓါဒိဂုဏေဟိ-သဒ္ဓါသီလ, မျှားသုတနှဲ့, စာဂပညာ, စဉ်လာလောက်လုံ, အကြင်ကျေးဇူးဂုဏ်တို့ကြောင့်၊ ဒေဝတ္တံ-ရောဂါမကပ်, ဥပါဒ်မတွယ်, စားသောက်ဖွယ်ရေး, နေထိုင်ရေးနဲ့, မင်းဘေးစိုးတာ, ကင်းစင် ကွာလတ်, ဖြဟ္မာနတ်၏ အဖြစ်သို့၊ ဂတာ-ဤလူ့ပြေမှ စုတေကြွယင် ဓဏမနေ့ ကပ်ရောက်ကြရလေကုန်ပြီ၊ မယှံပိ-ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို, ဤငါ့ကိုယ်မှာလည်း၊ တေ ဂုဏာ-နတ်ဖြဟ္မာ

www.dhammaransi.com



နန်း, ကပ်ခါမြန်းဖို့, စခန်းလောက်လုံ့, ထိုကဲ့သို့သော ကျေးဇူးဂုဏ်တို့သည်၊ သံဝိဇ္ဇန္တိ-အမြဲမပြတ်, သတိချပ်သဖြင့်, မလတ်ပုံသေ, ရှိကြပေကုန်၏၊ မေ-ငါ၏၊ ဂုဏဝန္တတာ-သဒ္ဓါသီလ, စသည်လောက်လုံ့, ဂုဏ်ပေါင်းစုံသူ၏ အဖြစ်သည်။ အဟော ဝတ-တမလွန်ရေး, ကြံတိုင်းအေးဖို့, လေးလေးပင်ပင်, အစဉ်မျိုးမှန်, ဩော်....အဖိုးတန်လေစွ တကား။

သာဓု....သာဓု....သာဓု။

**ကိုယ့်ကိုယ်ကို တွေးကြည့်ကြ** ယေဟိ သဒ္ဓါဒိဂုဏေဟိ-သဒ္ဓါ သီလ, များသုတနဲ့, စာဂ ပညာ, စဉ်လာ လောက်လုံ့, အကြင် ကျေးဇူးဂုဏ်တို့ကြောင့်.... ကိုယ့်ကိုယ်ကို တွေးကြည့်ကြ။ ငါ့သဒ္ဓါတရားဟာ ဘယ်လောက်ကောင်းတုံး။ ငါ့သဒ္ဓါတရားဟာ ဘယ်လောက်ထိအောင် ယုံကြည်ချက်ရှိသလဲလို့ ကိုယ့်ကိုယ်ကို တွေးကြည့်ကြ၊ ယုံလဲယုံကြည်ရတယ်။ အကြမ်းစား စဉ်းစားပြီးတော့ ကြည့်လိုက်လို့ ရှိယင်ကံဟာ တော်တော်ဆန်းကြယ်ပါလား။

**ရုပ်ချင်းလဲ မတူ စိတ်ချင်းလဲမတူ** ပတ်ဝန်းကျင်ကို ကြည့်လိုက်လို့ရှိယင် တမိတဖထဲကပေါက်ဖွားတဲ့သားတွေ သမီးတွေ, ရုပ် အရေအဆင်းချင်းမတူကြဘူး။တချို့က သန့်သန့်ရှင်းရှင်း ရှိတယ်။ တချို့က အရုပ်ဆိုးတယ်။ စိတ်အနေအထားချင်းလဲ မတူကြဘူး။ ဒီမိ ဒီဖက ဆုံးမပြီးတော့ ပေးဒါ။

www.dhammaransi.com



ဒါပေမယ်လို့ တယောက်ကတော့ စိတ်နေ စိတ်ထားကောင်းတယ်။ ဟိုတယောက်ကတော့ စိတ်နေစိတ်ထား တော်ရုံကလေး ရှိတယ်။ ဟိုတယောက်ကတော့ စိတ်နေစိတ်ထားညံ့တယ်။ တမိ တဖထဲ, တဆွေ တမျိုးထဲ, အဲဒါတောင်မှ စိတ်ချင်းမတူဘူး။

**ကံချင်းလဲ မတူ** ဉာဏ်ပညာကျပြန်တော့လဲတယောက်က ကောင်းတယ်။တယောက်ကလေးတယ်။ ဒါတွေဟာ ဘာကွာနေတုံးလို့ ဆိုယင်တော့, ဟိုရှေးတုန်းက မိမိတို့ ပြုလာတဲ့ ကံတွေက မိမိတို့ သန္တာန်မှာ လိုက်ပြီးတော့ ပါနေလို့။ အဲဒီ ရှေးက ပြုထားတဲ့ အကောင်း အဆိုး ကံတွေကြောင့် ဒီမှာ လာပြီးတော့ အကောင်း အဆိုး ကွဲကြရတယ်။ သဒ္ဓါက ယုံကြည်ဖို့, ယုံကြည်ဖို့။ ကံနဲ့ ကံရဲ့ အကျိုးကို ယုံကြည်ဖို့။

**ကုသိုလ်မှန်း အကုသိုလ်မှန်းသိရ** တို့ဒီဘဝကို မရောက်ခင်တုန်းက ဟို လွန်ခဲ့တဲ့ ဘဝတွေ များစွာ ရှိပေလိမ့်မယ်။ ခု အထိုက်အလျောက်ကံကောင်း ထောက်မလိုက်လို့ ဒီမိ ဒီဖနဲ့, ဒီဆွေ ဒီမျိုးနဲ့, ဒီရပ် ဒီရွာမှာ ကုသိုလ် ကောင်းမှုကို ကုသိုလ်ကောင်းမှုမှန်း နားလည်တယ်။ မကောင်းတာတွေကို မကောင်းတဲ့အကုသိုလ်တွေမှန်း နားလည်တယ်။ လူလိမ္မာတွေဆိုတဲ့ဥစ္စာ ဘယ်လိုလူတွေကို လိမ္မာတယ်လို့ ဆိုတယ်။ ဒါတွေ ယုံကြည်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ထားမှာ သဒ္ဓါတရား ပါပြီးတော့ နေတယ်။

www.dhammaransi.com



**သီလရှိတာနဲ့ မရှိတာကွာ**

တို့ဟာ အကယ်၍များ ပေါ့လေ ငါးပါးသီလကိုမှ မလုံလိုက်ပဲနဲ့ ချွတ်ချွတ်ချော်ချော် နေလိုက်လို့ရှိယင် အို-လာမဲ့ ဘဝဟာ စိတ်မချရဘူး။ လာမဲ့ဘဝမှာ ပါဏာတိပါတကြောင့် မကောင်းတဲ့ အကျိုးတွေပေးမယ် စသည်အားဖြင့် တွေးပြီးတော့ သီလချင်း မတူလို့ တယောက်တယောက်၊ရုပ်အဆင်းချင်း တူပေမဲ့ အကျိုးပေးချင်း မတူဘူး။ အမျိုးအဆွေချင်း တူပေမယ်လို့ အကျိုးပေးချင်း မတူဘူး။ တယောက်က ကျန်းမာရေးကောင်းတယ်။ တယောက်က ကျန်းမာရေး မကောင်းဘူး။ ဒီမိ ဒီဖနဲ့, ဒီအဆွေ ဒီအမျိုးနဲ့, ဒီအစား ဒီအသောက်နဲ့ စားသောက် နေတာ။ အဲဒါတွေ ဘာကွာသလဲ ရှေးတုန်းက သီလရှိတာနဲ့ မရှိတာနဲ့ ကွာလာပေလိမ့်မယ်။ ယုံကြည်မှုက, ယုံကြည်မှုက။

**အလှူဒါနထဲ အကုသိုလ်တွေပါနေ**

ယေဟိ သဒ္ဓါဒိ ဂုဏေဟိ-သဒ္ဓါ သီလ, များသုတနှင့်၊အကြားအမြင်များတယ် ဆိုတဲ့ဥစ္စာ တန်ဖိုး ရှိလိုက်တာ, တန်ဖိုးရှိလိုက်တာ။ ခု အလှူ လှူတာများပဲ ကြည့်ဦးတော့။ အကြားအမြင်နဲတဲ့သူတွေဟာ သူများပြုလို့ အလှူဒါန ပြုတယ်သာ ဆိုတယ် တော်တော်ကြာလို့ သူ့အလှူဒါန စစ်ကြည့်လိုက်တော့ စိတ်နေ စိတ်ထားက မကောင်းတာနဲ့, ပစ္စည်းဥစ္စာတွေ ရှာရဖွေရတာက မတော်တာနဲ့ ဒီအလှူဒါန အတွင်းမှာ စိတ်ဆင်းရဲရတာတွေနဲ့ စိတ်ဆိုးရတာတွေနဲ့။ အို ဒါန်ပြုတယ်လို့ ပစ္စည်းတွေသာ အကုန်ခံလိုက်တယ်။အကုသိုလ်တွေ အများကြီး ဒီဒါနထဲမှာ ခြံရံနေပါပကောလို့ မြင်ရတယ်, မြင်ရတယ်။

www.dhammaransi.com



**အလှူဒါန ပြုတဲ့အခါမှာ** တော်တော် နားလည်တဲ့ ပုဂ္ဂိုလ်တွေက အလှူဒါနပြုတဲ့အခါမှာ စိတ်ချမ်းသာဖို့ အရေးကြီးတယ်။ အလှူဒါန ပြုတဲ့အခါမှာ စိတ်ကြည်ဖို့ အရေးကြီးတယ်။ ဘေးပတ်ဝန်းကျင်က နားလည်တဲ့ သူတွေကလဲပဲ အို....အလှူ့ဒကာတွေ စိတ်မဆင်းရဲစေနဲ့။ အလှူ့အမတွေ စိတ်မဆင်းရဲစေနဲ့။ အလှူ့ဒကာ အလှူ့အမတွေ စိတ်ကြည်လင်ပါစေ။ စိတ်ချမ်းသာပါစေ ပိုပြီးတော့စိတ်ထက်သန်ပါစေ သဒ္ဓါတရားတွေ ပိုပြီးတော့ ထက်သန်ပါစေနဲ့လို့ ဘေးက ဘီက ပြောပေးကြတယ်။ အဲဒါတွေ အကြားအမြင်ဗဟုသုတများလို့ပဲ။

**ဝမ်းမြောက်ဝမ်းသာ ပြုပြင်ကြ** ယေဟိ သဒ္ဓါဒိဂုဏေဟိ-သဒ္ဓါ သီလ များသုတနှင့် စာဂပညာ....၊ အဲဒီလို အကြားအမြင် များတော့ ပြုပြင်ရတာတယ်ကောင်းကိုး။ ပြုပြင်ရတဲ့သူတွေကလဲ ဝမ်းမြောက်ဝမ်းသာ ပြုပြင်ကြတယ်။ တို့လဲ ဒီထဲ ကုသိုလ်တွေ အများကြီးရသွားတာပဲလို့ ဒီလိုအနေမျိုးနဲ့ ပြုပြင်ကြတယ်။ အဲဒီလို အကြားအမြင်ဗဟုသုတတွေ။ စာပေဗဟုသုတတွေ, လူကြီးသူမတို့ရဲ့ဗဟုသုတတွေ, ဆရာကောင်းသမားကောင်းတို့ရဲ့ ဗဟုသုတတွေက ရလာတော့ စိတ်တွေလေ ကောင်းသထက်ကောင်းတဲ့ပုဂ္ဂိုလ်တွေဝိုင်းရံပြီးတော့ ကုသိုလ်ပြုရတယ်။ ကုသိုလ်ရှင်တွေမှာ စိတ်ချမ်းသာလို့, သဒ္ဓါတရားတွေ တိုးလို့။ ကုသိုလ်စေတနာတွေ များလို့ စိတ်ကောင်းသွားတယ်။

www.dhammaransi.com



**ဂင်္ဂါမြစ်ကမ်းမှာ ထမင်းအိုးတွေတယ်ပြီး**

ယေဟိ သဒ္ဓါဒိ ဂုဏေဟိ-သဒ္ဓါ၊ သီလ များ သုတနှင့် စာဂ ပညာ၊ တယ်.... စွန့်ကြဲ ပေးကမ်း ချင်တယ်။ "ဟို ရှေးတုန်းကသူတော်ကောင်းကြီးတွေများ စွန့်ကြဲပေးကမ်းလိုက် ကြတာ၊ ဘုရားအလောင်းကြီးများ တဘဝတုန်းက ဂင်္ဂါမြစ် ကမ်းမှာ ထမင်းအိုးကြီးတွေတယ်ပြီးတော့ မြို့ရွာနယ်ပယ်အမျိုး မျိုးကလာလာသမျှတွေ တခါထဲချက်ပြီးတော့ ကျွေးနေတာပဲ။ အဲဒီလောက်များ ကျွေးရှာကြတယ်။ ဒီလောက်များ လှူရှာကြ တယ်။ စွန့်ကြဲပေးကမ်းမှုတွေ ရက်ရောလိုက်ကြတာ" နဲ့ စိတ်က တွေးပြီးတော့ သိပ်ပြီးထက်သန်တာပဲ။

**စကားချိုချိုပြော**

နောက် ပညာနဲ့စပ်ပြီး ကြည့်လိုက်တော့လဲ အသိအလိမ္မာတွေ....တို့လိမ္မာမှုစကားပြော တွေ ကောင်းကောင်းပြောနော်။ ငယ်ရွယ်ပေမယ်လို့ စကား ပြောကောင်းကောင်းပြောနော် ကောင်းကောင်းပြောတော့လဲ ဒီစကားပဲ။ သူတပါး နားဝင်တာပဲ။ ကြမ်းကြမ်းတမ်းတမ်း ပြောတော့လဲ ဒီစကားပဲ။ ဒီအဓိပ္ပာယ်ပဲ ရတယ်။ တို့ ချိုချို သာသာ ပြောမယ်နော်။

**ကိုယ်နဲ့ ပတ်ဝန်းကျင် ချမ်းသာရေး**

တို့လေ ဒီခန္ဓာကိုယ်ကြီးဟာ ကိုယ့်ရဲ့ ချမ်းသာရေးသာမဟုတ်ဘူး။ ပတ်ဝန်း ကျင်ရဲ့ ဆွေတွေ မျိုးတွေ ချမ်းသာ ရေး၊ အောက်က ကလေးတွေ ချမ်းသာရေး၊ အထက်က လူကြီး တွေ ချမ်းသာရေး၊ ပတ်ဝန်းကျင်က မိတ်ဆွေ သင်္ဂဟတွေ ချမ်း သာရေး၊ ငါတယောက် အကြောင်းပြုပြီး ငါတို့တတွေလောက်

www.dhammaransi.com



အကြောင်းပြုပြီး ပတ်ဝန်းကျင် ချမ်းသာတယ်ဆိုယင် ဘယ်လောက် ကောင်းမလဲနော့ ပညာက အလိမ္မာက အဲသလို သိရတယ်။

**အလိမ္မာတွေ နတ်ပြဟ္မာဖြစ်**

ယေဟိ သဒ္ဓါဒိဂုဏေဟိ-သဒ္ဓါ သီလ, များ သုတနှင့်, စာဂပညာ စဉ်လာ လောက်လို့, အကြင် ကျေးဇူးဂုဏ်တို့ကြောင့်၊ ဒေဝတ္တံ-ရောဂါမကပ်, ဥပဒ်မတွယ်, စားသောက်ဖွယ်ရေး, နေထိုင်ရေးနှင့်, မင်းဘေးစိုးတာ ကင်းစင်ကွာလတ်, ပြဟ္မာနတ်၏ အဖြစ်သို့၊ ဂတာ-ဤလူ့ပြေမှ စုတေကြလျှင်, ခဏမနေ ကပ်ရောက် ကြရလေကုန်ပြီ၊ ဒီသဒ္ဓါတရားသမားတွေပေါ့, ဒီအလိမ္မာသမားတွေပေါ့, ဒီလိုစွန့်ကြဲပေးကမ်းတဲ့ သူတွေပေါ့, ဒီဘဝက စုတေပြီဆိုလို့ရှိယင် အို....ချက်ချင်း ဟိုမှာ နတ်တွေ ဖြစ်ကြတယ်။ အကျင့်ကောင်းလို့ ဈာန်တွေ ရတဲ့သူတွေက ပြဟ္မာတွေ ဖြစ်ကြတယ်။

**နတ်ပြဟ္မာဖြစ်ဖို့ဂုဏ် ငါ့မှာလဲရှိ**

ဒေဝတ္တံ-ရောဂါမကပ်, ဥပဒ်မတွယ်, စားသောက်ဖွယ်ရေး, နေထိုင်ရေးနှင့် မင်းဘေးစိုးတာ, ကင်းစင် ကွာလတ် ပြဟ္မာ နတ်၏အဖြစ်သို့၊ ဂတာ-ဤလူ့ပြေမှ စုတေကြလျှင် ခဏမနေ ကပ်ရောက်လာကြလေကုန်ပြီ၊ တေ ဂုဏာ-နတ်ပြဟ္မာနန်း ကပ်ခါမြန်းဖို့, စခန်းလောက်လို့, ထိုကဲ့သို့သော ကျေးဇူးဂုဏ်တို့သည်၊ မယုံ့ပို၊ဘုရားအကြိုက်, တရားလိုက်၍, အားစိုက်နှစ်လို့, ဤငါ့ကိုယ်မှာလည်း၊ သံဝိဇ္ဇန္တိ-အမြဲမပြတ်, သတိချုပ်လျက်, မလတ်ပုံသေ ရှိကြပေကုန်၏။

www.dhammaransi.com



**တွေးကြည့်လေ ချမ်းသာလေ** တွေးကြည့်တော့ တယ်ဝမ်းမြောက် ဝမ်းသာရှိတယ်။ စည်းစိမ်ဥစ္စာတွေပေါ်တာကမှ အမျိုးမျိုးသော ဘေးရန် အန္တရာယ်ကြောင့် ကြောင့်ကြစရာတွေ, ဝမ်းထဲမှာ မရှင်းလင်းပဲနဲ့ စိတ်ဆင်းရဲစရာတွေရှိသေးတယ်။ သဒ္ဓါသီလ, မျှားသုဘဆိုတဲ့ စည်းစိမ်ဥစ္စာတွေက တွေးကြည့်လေ ချမ်းသာလေ, တွေးကြည့်လေ ချမ်းသာလေ၊ တော်တော်လေးများ ကြီးလို့ အိုတဲ့အခါကျတော့ သိပ်စိတ်ချမ်းသာတာပဲ။ ဘာပြုလို့တုံးဆိုတော့, တို့ တဘာဝပြောင်းရမယ်။တဘာဝပြောင်းတော့ တို့အညံ့စားဘဝမျိုး ရောက်မှာ မဟုတ်ဘူး။ အကောင်းစားဘဝ ရောက်မှာပဲ။

**ဝိပဿနာ ဘာဝနာပွား** တခါ....ဒီဘာဝဟာလေ မြတ်စွာဘုရားသာသနာနဲ့ ကြုံတဲ့ဘဝမို့လို့ မြတ်စွာဘုရားသာသနာနဲ့ စပ်ပြီးတော့ ရအပ်တဲ့ ဝိပဿနာ ဘာဝနာ ပွားများလို့၊ ငယ်ငယ်ကလဲ သူ့အချိန်နဲ့သူ မှန်မှန်ကလေး တရားပွားလို့၊ တော်တော်ကလေး ကြီးတော့လဲ ပိုပြီး ဂရုတစိုက်ပွားလို့၊ တော်တော်ကြီးကို အိုတဲ့အခါကျတော့လဲ ဒီတရားပဲ ကြိုးကြိုးစားစားပွားလို့။

**အရွယ်ကောင်းတုန်းက လိမ္မာရ** သေပြီးတဲ့အခါမှာ စိတ်ချရဖို့ ဆိုတဲ့ ဥစ္စာ ဒီက အဆင်သင့် အကုန်လုံး ပြင်ရတယ်။ အရွယ် ကောင်းတုန်းက လိမ္မာရတယ်။ တော်တော်လေး ကြီးတော့ လူကြတန်းကြ, ပေးကမ်းကြ စွန့်ကြဲကြရတယ်။ အလိမ္မာကတော့ ဒီမှာ

www.dhammaransi.com



မလျှော့ရဘူး။ တော်တော်လေး ကြီးတဲ့အခါကျတော့ အို.... တို့လေ ကောင်းသထက်ကောင်းတဲ့ ဒါနထက် သီလက သိပ်ကောင်းတာပဲနော်။ တို့တရားမှန်မှန် နှလုံးသွင်းမယ်လို့ ဆိုပြီး အတော်လေး ကြီးလာလို့ အချိန်ရတော့ တရားနဲ့ နေလို့၊ ပျော်လိုက်တာ စိတ်ချမ်းသာလိုက်တာ။

**သံယမမင်းနဲ့ ခေမာမိဖုရား** ယေဟိ သဒ္ဓါဒိ ဂုဏေဟိ-သဒ္ဓါ သီလ, များသုတနဲ့, စာဂပညာ, စဉ်လာ လောက်လို့, အကြင်ကျေးဇူးဂုဏ်တို့ကြောင့် အဲသလိုဂုဏ်နဲ့ အဲသလိုချမ်းသာတဲ့ ပုဂ္ဂိုလ်တွေဟာလေ ရှေးတုန်းကရှိခဲ့တယ်။ ဘုန်းကြီးတို့ မြတ်စွာဘုရားရဲ့ လက်ျာတော်ရံဖြစ်တဲ့ အရှင်သာရိပုတ္တရာတို့၊ ဘိက္ခုနီမဘက်ကလက်ျာရံဖြစ်တဲ့ ခေမာထေရီမ-ဆိုတဲ့ အလောင်းတွေဟာ တချိန်တုန်းက အရှင်သာရိပုတ္တရာအလောင်းက သံယမမင်းကြီးဖြစ်တယ်။ ခေမာထေရီမ အလောင်းက "ခေမာ" ဆိုတဲ့ မိဖုရားကြီးဖြစ်တယ်။ သူတို့ မင်းမိဖုရားအဖြစ်နဲ့ တယ် ညီညွတ်ကြတယ်။ တယ်....ချမ်းသာကြတယ်။ စာသွားစာလာ စဉ်းစားလိုက်လို့ရှိယင်ဖြင့် ခေမာမိဖုရားတို့က ဘဝပေါင်းများစွာလဲ အဆင့်အတန်း ကောင်းခဲ့ကြတယ်။ စိတ်နေစိတ်ထားလဲ တယ်ကောင်းပုံရတယ်။

**မိဖုရားဘဝက အိပ်မက်မက်** အဲဒီ မိဖုရားဘဝတုန်းက သူ-တမနက်တော့ အိပ်မက်မက်တယ်။ ရွှေဟသာ်မင်းက သူ့လာပြီးတော့ တရားဟောနေတယ်။ သူက တရားနာနေတယ်, အိပ်မက်ထဲမှာ နာလို့ကောင်းလိုက်တာ။ မနက်

www.dhammaransi.com



လင်းခါနီးလောက်ရောက်လို့ ရွှေဟင်္သာမင်းက တရားဟောပြီး ပြန်သွားတဲ့ အခါကျတော့ "အို....နေပါဦး မပြန်ပါနဲ့ဦး" ဆိုတဲ့ အသံကလေး အိပ်မက်ထဲမှာ နှုတ်ကထွက်သွားတယ်။ ဒါနဲ့ ပတ်ဝန်းကျင်က အခြွေအရံတွေက အရှင်မဘုရား....ဘာပါတုံး ဘာပါတုံးနဲ့ ပြောကြတော့ သူနိုးလာတယ်။ နိုးလာတော့ သူ့အိပ်မက်သူ သဘောကျလို့။

**တရားနာရအောင် ပရိယာယ်ဆောင်** အမလေး-ငါ အိပ်မက် မက်ပါလား၊ ငါ့မှာ ဒီလို ဒီလိုဖြစ်တယ်လို့ ပြောတန်သလောက်တော့ ပြောပါလိမ့်မယ်၊ စဉ်းစားကြည့်တယ်။ ရွှေဟင်္သာဟာ အမှန်ရှိတယ်။ ဒီလိုလဲ တရားကောင်းကောင်း ဟောနိုင်လိမ့်မယ်။ အဲဒီရွှေဟင်္သာရဲ့ တရားနာရယင် သိပ်စိတ်ချမ်းသာမှာပဲ။ ဒီလို စဉ်းစားပြီးတော့ ရွှေဟင်္သာ အိပ်မက်မက်တဲ့အကြောင်းကို ပြောပြလို့ရှိယင် ရှင်ဘုရင်က သိပ်ပြီးတော့ အရေးကြီးမှာမဟုတ်ဘူး။ ဒီတော့ "ရွှေဟင်္သာရဲ့တရားနာရအောင် သူကြံမှာပဲ" လို့ တွေးပြီးတော့ နေမကောင်းဘူးလို့ ပြောပြီး အစားမဝင်တော့ဘူး။ ဒါတော့ ပရိယာယ် လုပ်လိုက်တာ။

**ရှင်ဘုရင်က ယုယုယယ** နေမကောင်းဘူးလို့ ပရိယာယ် ဆောင်လိုက်လို့ အားလုံးအခစားလာကြတဲ့အခါမှာ မိဖုရားမမြင်တော့ ရှင်ဘုရင်က မိဖုရားကြီးကော-လို့ မေးတယ်။ "နေမကောင်းလို့ အဆောင်တော်မှာ နေရစ်ပါတယ်" လို့ ဆိုတော့ ရှင်ဘုရင်က လာပြီး ဘာဖြစ်သတုံးလို့,

www.dhammaransi.com



ယှုယှုယယနဲ့ မေးတဲ့ အခါမှာ “ရွှေဟင်္သာရဲ့ တရားကို နာချင်တဲ့ဆန္ဒ အပြင်းအထန် ဖြစ်နေပါတယ်”။ အဲဒီတရားကို မနာရလို့ရှိယင် သူဟာပေါ့လေ အသက်တောင် စိတ်မချရတဲ့ အကြောင်း ပြောတယ်။

**လူ့လောကရှိယင် ရမှာပေါ့** ဒီတော့—မင်းတရားက အို လူ့လောက ရှိယင်ရမှာပေါ့၊ဘုန်းကြီးက ဒီနားစဉ်းစားမိတယ် စာကြည့်ယင်းပေါ့။ အိပ်မက်မက်တာလဲနော် တကယ့် သူတော်ကောင်းမို့ အိပ်မက် ကောင်း ကောင်း မက်တာ။ မင်းတရားကလဲ အရေးပါတာကောင်းလိုက်တာ။ “လူ့လောကသဲရှိယင်တော့ ရမှာပေါ့” လို့ဆိုပြီး ထသွား၊ မဖြစ်နိုင်ပါဘူးတွေ ဘာတွေ မပြောဘူး၊ သိပ်သဘောကျတယ် ဘုန်းကြီးက။

**မုဆိုးအဆက်ဆက်က ရွှေဟင်္သာ ရှိတယ်ပြော** ထသွားပြီးတော့တနိုင်ငံလုံးရှိတဲ့ မုဆိုးတွေကိုခေါ်တာပဲ။မုဆိုးတွေခေါ်ပြီးတော့ အသင်မုဆိုးကြီးများရွှေဟင်္သာ ရှိတယ်လို့ ကြားဘူးကြပါသလား။ ရှိကြပါသလား။ ဒီတော့ မုဆိုးတယောက်က သူတို့မုဆိုးအဆက်ဆက်က ရွှေဟင်္သာရှိတယ်လို့ကြားဘူးပါတယ်။ ဘယ်မှာ ရှိသတုံးဆိုတော့ မဟာသမုဒ္ဒရာရဲ့ ဟိုဘက်က စိတ္တကူဋခေါ်တဲ့ ရွှေတောင်ကြီးမှာ ရှိပါတယ်လို့ ပြောတယ်။

www.dhammaransi.com



**ပရိယာယ်နဲ့ ဖမ်းမှ ရပါ့မယ်** ဒါကိုရအောင် လူကြီးမင်းများ မဆောင်ကြဉ်းနိုင်ကြ ဘူးလားလို့ ပြောတော့၊ တယောက်က ရနိုင်ပါလိမ့်မယ်၊ ရလောက်စရာရှိပါတယ်ဆိုတော့ ဒိပြင် မှူးဆိုးတွေကတော့ သူတို့ ရနိုင်စရာ မရှိလို့ ဘာမှ သံတော်ဦးမတင်ကြဘူး။ အဲဒီမှူးဆိုးက ရနိုင်ပါလိမ့်မယ်ဆိုတော့ ရနိုင်တဲ့နည်းလမ်းကို ပြောပါ၊ ရအောင်လုပ်ပေးပါလို့ ရှင်ဘုရင်ကပြောတော့ မှူးဆိုးက ကောင်းပါပြီ သွားပြီးတော့ ဖမ်းလို့တော့ ရမှာမဟုတ်ပါဘူး။ ပရိယာယ်နဲ့ ဖမ်းမှ ရပါ့မယ်လို့ ပြောပြီးတော့ သူ့ရဲ့ ဉာဏ်ဆင်ပုံ ပရိယာယ်ဆင်ပုံတွေကို ပြောတယ်။

**ဘေးမဲ့ရေကန်ကြီး** ဘယ်လိုလုပ်ရမလဲဆိုတော့ ဒီမြို့နဲ့ တော်တော် လှမ်းတဲ့နေရာမှာ ဘေးမဲ့ ရေကန်ကြီးစီမံရပါ့မယ်။ အဲဒီဘေးမဲ့ရေကန်ကြီးထဲမှာ ငှက်တွေစားနိုင်သောက်နိုင်အောင် သလေးစပါးတွေ ဘာတွေ စိုက်ပြီးတော့ ထားရပါမယ်။ အဲဒီလိုဆိုလို့ရှိယင်တဖြည်းဖြည်းနဲ့ငှက်တွေတဆင့်စကား တဆင့်နား ကြားပြီးတော့ ဟင်္သာတွေ လာရာက ရွှေဟင်္သာများ ပါလာပါလိမ့်မယ်လို့ ပြောတော့ ကောင်းပြီ ဆိုပြီး ရေကန်ကြီး ဖန်ဆင်းတာပဲ။

**ဟင်္သာချင်း သတင်းပေး** စိတ်ကူးကြည့်တော့ ပျော်စရာတော်တော်ကောင်းတယ်။ ဘေးမဲ့ရေကန်ကြီးနားမှာ လူတွေ မသွားရဘူးလို့ ပညတ်ထားတယ်။ သလေး စပါးတွေ စိုက်လို့ အင်မတန် ကြည်နူးစရာ ကောင်းတယ်။ လာတာပါပဲ

www.dhammaransi.com



ငှက်တွေ။ ခုနကမုဆိုးလဲပဲ စောင့်တာပါပဲ။ အဲသလိုနဲ့ ပေါ့လေ တော်တော်တော့ ကြာမဲ့လက္ခဏာ ရှိတယ်။ အင်မတန်ကြီး ကြာလို့ ဆိုပါတော့။ နှစ်ပဲကြာချင်ကြာမယ်ပေါ့။ နှစ်များများ ကြာချင်ကြာမယ်ပေါ့။ အဲသလို ကြာတော့ ဟင်္သာတွေ လာပြီ။ ဟင်္သာတွေလာရာက ဟင်္သာချင်း သတင်းပေးတော့ ခုနက ရွှေဟင်္သာများရှိတဲ့ ဟင်္သာအသိုက်အဝန်းထဲမှာ သတင်းကြားပြီ။

**ဘုရားအလောင်းကို သွားခွင့်တောင်း** ဟိုမှာ ဘေးမဲ့ရေကန်ကြီး ကောင်းလိုက်ထာတဲ့။ ဘာမှ အန္တရာယ်အယှက် မရှိဘူးတဲ့။ လူဆို တယောက်မှ မလာရဘူးလို့ ပညတ်ထားတယ်။ သိပ်ကောင်းတာပဲ, ဘေးကင်း ရန်ကင်း ပြီးတော့ စားစရာတွေပေါလိုက်တာလို့ပြောတော့ သွားချင်ကြတယ်ကိုး။ သွားချင်ကြတော့ ဟင်္သာတွေက ဘုရားအလောင်း ရွှေဟင်္သာမင်း ပြောကြတယ် သွားပရစေလို့။ သွားတော့ သမုဒ္ဒရာကို ဖြတ်ကျော်ပြီးသွားရမှာ သင်တို့မသွားကြနဲ့။ လူနားနီးလို့ရှိယင် စိတ်မချရဘူး မသွားကြနဲ့လို့ဆိုတော့ နေပြန်ရော၊ နောက် ဒီလိုပဲ ဟင်္သာချင်း သတင်းပေးကြပြန်ရော။ ''သွားပရစေ''လို့ ပူဆာကြပြန်ရော။

**ရွှေဟင်္သာမင်း ပါလာပြီ** နောက်........ ပူဆာလွန်း မက ပူဆာတော့ ကဲလေ ဒီလိုဆိုယင် သွားကြတာပေါ့လို့ဆိုပြီး ရွှေဟင်္သာမင်းပါ လိုက်လာခဲ့တယ်။ လိုက်လာတော့ မုဆိုးကကြည့်ပြီး ဟာ-ရွှေဟင်္သာမင်း ပါလာပြီ။ ရှင်ဘုရင်လဲ သံတော်ဦးတင်တယ်။ ''အရှင်မင်းမြတ်-မကြာတော့ပါဘူး။

ခု ရွှေဟင်္သာမင်း ပါလာပါပြီ” သတိကလေးနဲ့နော်၊ သတိနဲ့ ရအောင် လုပ်ပါနော်။ အဲသလိုနဲ့ မိဖုရားကလဲ ရွှေဟင်္သာမင်း ပါလာပတဲ့လို့ ကြားပြီး၊ စိတ်ကူးကြည့်တယ်လေ။ သိပ်ပျော်ကြမှာပဲနော်။ သူတော်ကောင်းတွေ ပျော်တဲ့ဥစ္စာ ဘုန်းကြီးကလေ သိပ်ပြီး ကျေနပ်တာပဲ။ ။ သူတော်ကောင်းတွေ တရားသဖြင့် ပျော်တဲ့ဥစ္စာ သိပ်အားရတာပဲ။

**ဘုရားလောင်းမို့ သိပ်ဣန္ဒြေရ**

ဒါနဲ့ မုဆိုးက အိုးကြီးထဲက ပုန်းပြီး ရွှေဟင်္သာမင်း ကျတဲ့နေရာကို အကဲခတ်တယ်။ ရွှေဟင်္သာမင်းက ဘုရားအလောင်းဖြစ်တော့ သိပ် ဣန္ဒြေရတာပဲ။ မနေ့တုန်းက ဒီနေရာ ကျတယ်ဆိုလို့ရှိယင် ဒီနေ့လဲ ဒီနေရာပဲ ကျတယ်။ နေရာမလွဲဘူး။ ဟာ- သိပ်ပြီးတော့ သမာဓိကောင်းတာပဲ။ ဒီတော့ မုဆိုးက သိပြီ။ နှစ်ရက်၊ သုံးရက်၊ လေးရက်၊ ငါးရက် စုံစမ်းလိုက်တယ်ဆိုယင် ဘယ်ရက်ကျလို့ရှိယင် ဒီနေရာကျမှာပဲလို့ သူကသိပြီ။

**ရွှေဟင်္သာမင်း ကျော့ကွင်း မိပြီ**

သိတော့ ကျော့ကွင်းကောင်းကောင်း ဒီနေရာမှာ ချထားတယ်။နောက် နက်ဖြန်ခါလောက်ဆိုတော့ မုဆိုးက ဟိုခပ်လှမ်းလှမ်းက သေချာပေါက်အနေမျိုးနဲ့ ကြည့်နေတယ်။ နောက် နက်ဖြန်ခါလောက်ဆိုတော့ ရွှေဟင်္သာမင်းလဲ ဆင်းလိုက်ရော ကျော့ကွင်းထဲ ခြေထောက်ကျတာပဲ။ ခြေထောက်ကျလို့ ခြေကလေးရုတ်လိုက်တယ် ဆိုယင်ပဲ ကျော့ကွင်းက တင်းသွားပြီ။ ဟာ.... ငါ့မှာ ကျော့ကွင်းမိပြီ။ “ခုနေအခါများ ကျော့ကွင်းမိပြီ”လို့ အော်လိုက်လို့ရှိယင် ငါ့ရဲ့ဆွေမျိုးတွေ ပြန်ပြေးကြလိမ့်မယ်။ ပြန်ပြေး

www.dhammaransi.com



ကြလို့ရှိယင် အစာမဝပဲ ဆာဆာလောင်လောင်နဲ့ ပြန်ပြေး ရတဲ့အခါမှာ သမုဒ္ဒရာထဲကျပြီးတော့ သေရလိမ့်မယ်လို့ အဲသလို တွေးတယ်။ ဘုန်းကြီးက ကျေနပ်လိုက်တာ, အရှည် မျှော်တာ တွေလေ။

**မင်းဆိုတာ ခြေကျိုးလို့ မတော်** တွေးပြီးတော့ တခါထဲ ကြိုတ်ရှန်း, ကြိုတ်ရှန်းတော့ အရေကလေးတွေ ပြတ်သွား၊ဒုတိယရှန်းတယ် အသား တွေ ပြတ်သွား၊ တတိယရှန်းတယ် အကြောတွေပြတ်ကုန်တယ်။ ဒီတခါရှန်းလို့ရှိယင် အရိုးပြတ်ဖို့ရှိတော့တယ်။ မင်းဆိုတဲ့ဥစ္စာ ခြေထောက်ကျိုးပြီးတော့ နေလို့တော့ မတော်ဘူး။ ကဲ.... အသေခံမယ်ဆိုပြီးတော့ မရှန်းဘူး။ ဆွေမျိုးဟင်္သာတွေ စား သောက်ပြီးတော့ ဝကြလို့ မြူးနေကြတဲ့ အချိန်ကျတော့ "သူတို့ သဘာဝ"ကျော့ကွင်း မိနေပြီဆိုတဲ့ အသံမျိုးနဲ့ ဟစ်လိုက်တာ, တခါထဲ လန့်ပြီးတော့ ပြန်ပြေးကြတယ်။

**သေအတူရှင်အတူ** ပြန် ပြေးတော့ ဘုန်းကြီးတို့ အရှင် အာနန္ဒာအလောင်းက သုမုခစစ်သူကြီး တဲ့၊ ဟင်္သာမင်းရဲ့ စစ်သူကြီးပေါ့၊ သုမုခစစ်သူကြီးက ပထမ အုပ်ကို မီအောင်လိုက်တယ်။ ဒီအထဲမှာ ဟင်္သာမင်းပါသလား လို့ကြည့်တယ်။ မတွေ့ဘူး။ ဒုတိယအုပ်တွေ့ စောင့်ပြီးတော့ ကြည့်တယ်၊ ဟင်္သာမင်းမပါဘူး။ တတိယအုပ်တွေ့ စောင့်ပြီး တော့ ကြည့်တယ်၊ ဟင်္သာမင်း မပါဘူး။ "ဟာ....ခုနက ကျော့ကွင်းမိတာဟာ တို့သခင်ပဲ ဆိုပြီးတော့ ပြန်လာတယ်။ အချောင်းသမား မဟုတ်ဖူးနော်၊ သူ့အနေသာသားပဲ။ ပြန်

www.dhammaransi.com



ပြေးလိုက်ပြီးတာပဲ, မဟုတ်ဘူး၊ ပြန်လာတယ်။ ပြန်လာပြီး ညွှတ်နားမှာဆင်းတော့ ဘုရားအလောင်း ဟံသာမင်းက နှင် တယ်။ သုမုခ သွားတော့။ ဒီက ကျော့ကွင်းမိပြီ သွားတော့ ဘုန်းကြီးတို့ လူလိုပြောယင် ငါကသေမဲ့သူ, ငါ့ကိုလာပြီးတော့ အဖော်မလုပ်နဲ့လို့ ပြောတော့ သုမုခက မသွားဘူး။ ပြီးတော့ ပြောတယ်၊ သေလဲအတူတူ ရှင်လဲအတူတူပေါ့-တဲ့။ ဘုန်းကြီး က တော်တော် သဘောကျတယ်။

## ဆင်းရဲအတူ ချမ်းသာအမျှ

ဒွန္ဒွဒွန္ဒွာ သဥ္စရန္တိ, ပါရမီ သဟာစာရိနော၊
ဒုက္ခိတေ ဒုက္ခိတာ ဟောန္တိ, သုခိတေ သုခိတာ သဒါ။

ပါရမီသဟာစာရိနော- ရှေးကြောင်း ရေစက်, မေတ္တာ ဆက်၍, နှစ်သက်ကြည်နူး” ပါရမီဖြည့်ဘက် နှစ်ဦးတို့သည်၊ ဒွန္ဒွဒွန္ဒွာ- လူဉ်လဲစုံ, နတ်လဲစုံ၍, ရွှေဘုံရိပ်စံ, တိရစ္ဆာန်လဲ, မောင်နှံတွဲကြကုန်လျက်၊ သဥ္စရန္တိ- တွေ့ရာဘုံထဲ, ကြုံစမြဲမို့, မခွဲအတူ, လှည့်လည်တော်မူကြလေကုန်၏။ ဒုက္ခိတေ- ပါရမီ ဖြည့်ဘက်တယောက် ဆင်းရဲရောက်သည် ရှိသော်၊ ဒုက္ခိတာ ဟောန္တိ-အလျှင်းမခွဲ, အတင်းတွဲ၍, အညှဉ်းဆဲဒဏ်, အဆင်းရဲ ခံကြလေကုန်၏၊ သုခိတေ- ပါရမီဖြည့်ဘက် တယောက်, ချမ်း သာရောက်သည်ရှိသော်၊ သဒါသုခိတာ- ကိုယ်စိတ်လန်းကာ, စန်းပမာသို့ လျှမ်းကာအတူ, ချမ်းသာတော် မူကြလေကုန် သတည်း။

သာဓု...သာဓု...သာဓု။

www.dhammaransi.com



**အတူတူခံ အတူတူစံ** ပါရမီဖြည့်ဘက်တွေဟာ ဒီလိုလက္ခဏာတွေ တွေ့ရတယ်။ ဆင်းရဲတယ် ဆင်းရဲပစေ၊ ညီအကိုမောင်နှမတွေ တယောက်ဆင်းရဲတယ်။ ဆင်းရဲပစေ၊ ကိုယ်လွတ်မရုန်းဘူး။ သမီးခင်ပွန်းတယောက် ဆင်းရဲတယ်။ ဆင်းရဲပစေ၊ ကိုယ်လွတ် မရုန်းဘူး။ ဆင်းရဲကို အတူတူခံကြတယ်။ အဲဒီလိုဆင်းရဲကို အတူတူခံကြတော့ ချမ်းသာအတူတူစံရဖို့လဲ ဖြစ်သင့်တာပေါ့ စံထိုက်တာပေါ့။

**တိရစ္ဆာန်လဲ မောင်နှံတွဲ** ပါရမီသဟာစာရီနော- ရွှေကြောင်း ရေစက်၊ မေတ္တာဆက်၍၊ နှစ်သက်ကြည်နူး၊ ပါရမီဖြည့်ဘက် နှစ်ဦးတို့သည်၊ ဒွန္နဒွန္နာ-လူ့ဘဝလဲစုံ၊ နတ်လဲစုံ၍၊ ရွှေဘုံရိပ်စံ၊ တိရစ္ဆာန်လဲ၊ မောင်နှံ တွဲကြကုန်လျက်၊ သဋ္ဌရန္တိ-တွေ့ရဘုံထဲ၊ ကြုံစမြဲမို့၊ မခွဲအတူ၊ လှည့်လည်တော်မူကြလေကုန်၏၊ ဒုက္ခိတေ- ပါရမီဖြည့်ဘက်တယောက် ဆင်းရဲရောက်သည်ရှိသော်၊ ဒုက္ခိတာ ဟောန္တိ- အလျှင်းမခွဲ၊ အတင်းတွဲ၍ အညှဉ်းဆဲဒဏ် အဆင်းရဲခံကြ လေကုန်၏၊လို့ ဒါလေးကြည့်ရေးတာ ဒါကြည့်ရေးတာ။

**သေမှာ မတွေး အားပေးတယ်** သိပ်တော်တာပဲ။ ဟိုက ရိုးရိုးလမ်းသာ သွားမယ်ဆိုယင်တော့ ကျော့ကွင်းမိနေပြီ၊ သေမှာ သေချာတယ်။ အဲဒါကို ဘာမှမမိပဲနဲ့ သုမုခ စစ်သူကြီးက အားပေးတယ်။ မုဆိုးက ဟိုကမြင်တယ်ဆိုယင် လာတယ်၊ တခါထဲ အတင်းပြေးလာတယ်၊ အတင်းပြေးလာလို့ ရေစ ရောက်တော့၊ လာယင်း လာယင်းက ဒီမှာ ဟင်္သာ

www.dhammaransi.com



တစီးသာ ကျော့ကွင်းမိနေတာ၊ တစီးက အနားနေတော့ အံ့အားသင့်သွားတယ်၊ ဘယ့်နှယ်လဲ။

**အရှင်သခင်မို့ လွှတ်ပေးပါ**

မုဆိုးကလာလို့ အနားမရောက်ခင်ပဲ သုမုခက ရှေ့က ဆီးပြောတယ်၊ အသင်မုဆိုး.... ယခု ကျော့ကွင်းမိနေတဲ့ ဟင်္သာကတော့ သာမန် ဟင်္သာ မဟုတ်ပါဘူး။ ဟင်္သာကိုးသောင်းရဲ့ အရှင်သခင် ရှင်ဘုရင်ပါ။ ဒါ့ကြောင့် ဘာ့အတွက်ဖမ်းပါတုံး။ အသားစားဖို့ ဆိုလို့ရှိယင်ဖြင့် မင်းကိုလွှတ်ပါ၊ ကျုပ်အသားကိုယူပါ၊ ကျုပ်နဲ့ အချိန်ချင်းအတူတူပါပဲ။ ဒါမှမဟုတ် ကျုပ်တို့ ဟင်္သာဖမ်းပြီး ဒီဟင်္သာကို အလှပြလို့ ကစားဖို့ဆိုယင်လဲ ကျုပ် လိုက်ကပေး ပါ့မယ်။ ဟင်္သာမင်းကတော့ ဟင်္သာကိုးသောင်းရဲ့ အရှင် သခင်မို့ လွှတ်ပါ။

**ကျွန်တော်မျိုးပီပီ ဖမ်းတာပဲ**

မုဆိုးက သိပ် အံ့အား သင့်သွားတယ်။ လူ နားလည်အောင် စကားပြောတာလဲ အံ့အားသင့် သွားတယ်၊ သူ့မမိပဲနဲ့ သူ့ အသက်ကယ်တာလဲ အံ့အားသင့်သွားတယ်။ မုဆိုးက သူမျှား မဟုတ်ဘူး ဆန္ဒအမတ်လောင်း။ သူကလဲ ပါရမီဖြည့်ဘက်ပဲ။ ဒါနဲ့ ဟင်္သာမင်းကို သာသာကလေး သူဖြုတ်၊ သာသာကလေး ဖြုတ်ပြီးတော့ မြက်ပေါ်မှာသွားချ၊ ရေကလေးနဲ့ ဆုပ်ပေး။ သူက သိပ်ကြည်ညိုနေပြီ၊ သုမုခစစ်သူကြီးကို ကြည်ညိုတာနဲ့ပဲ သူ့ စိတ်ကလဲ အင်မတန် နူးညံ့နေပြီ သူကပြောတယ်, ကျုပ် စားဖို့ မဟုတ်ဘူး။ ပိုက်ဆံရအောင် အက ခိုင်းပြီးတော့ ပိုက်ဆံယူဖို့လဲ မဟုတ်ဘူး။ ကျုပ်ဟာ ရှင်ဘုရင်က ရွှေဟင်္သာကို

www.dhammaransi.com



ရအောင်ဖမ်းပေးရမယ်ဆိုလို့ ရှင်ဘုရင်ရဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးပီပီ ကျုပ်ဖမ်းတာပဲ။

**ကြည်ညိုလွန်းလို့ လွှတ်လိုက်တယ်**

ဒါပေမယ့် အသင်သုမုခရဲ့ စိတ်ကို ကြည်ညိုလွန်းလို့ အရှင်တို့နှစ်ဦးစလုံး ကျုပ်လွှတ်ပါတယ်။ ပြန်ကြပါတော့၊ သိပ်တော်တာပဲ လွှတ်လိုက်တယ်ဆိုယင် သင်ဟာ ရာဇဝတ်ဘေးနဲ့ အသက်သေစရာရှိတယ်။ သေချင်သေပစေ ပြန်ပါတော့၊ ရှင်ဘုရင့်ဆီကို ရောက်သွားလို့ရှိယင် စိတ်မချရဘူး ပြန်ပါတော့၊ တခါထဲ လွှတ်လိုက်တယ်၊ ဟိုက မသွားဘူး။

**ပို့ပေးပါဆိုတော့ မတတ်သာဘူး**

ဟင်္သာမင်းက ပြောတယ်၊ "သြော်.... ရှင်ဘုရင်က အဖမ်းခိုင်းတယ်လို့ ဆိုယင် တို့ကို အသင်က မလွှတ်ပိုင်ဘူး။ မလွှတ်နဲ့တော့၊ တို့ကို ရှင်ဘုရင်ဆီရောက်အောင်ပို့ပေးပါ"။ "မဟုတ်ဘူး ရှင်ဘုရင်ဟာ စိတ်မချရဘူး။ တော်ကြာတော့ ဟင်္သာအသားကို စားချင်မှန်းမသိ, ဘာမှန်းမသိ, စိတ်မချရဘူး ပြန်ပါတော့"၊ "ဟာ....မဟုတ်ဘူး, ပို့ပေးပါ" ဆိုတော့ မတတ်သာဘူး၊ ဟင်္သာနှစ်စီးကို ဟိုဘက်ဒီဘက် ဆိုင်းနဲ့စီမံပြီးတော့ ဘေးက သစ်ခက်တွေရုံပြီး ဟင်္သာနှစ်စီးကို ဆိုင်းပေါ်တင် ထမ်းပြီး ပို့ရှာရတယ်။

**ပါရမီဖြည့်ဘက်တွေ သိပ်ကောင်း**

ဒီတော့ ဘုန်းကြီးက ပါရမီဖြည့်ဘက်တွေ သိပ်ကောင်းတယ်။ ဆန္ဒအမတ်လောင်းဟာလဲ ပါရမီဖြည့်ဘက်ဖြစ်လို့ ဒီစိတ် ရောက်သွားတာ၊ ဒီလိုမဟုတ်ပဲ ဟင်္သာ မိကတည်းကိုက

www.dhammaransi.com



"ငါဆုတော် လာဘ်တော်တွေတော့ အများကြီး ရတော့မှာ ပဲ"လို့ ဒီဘက် ငဲ့လိုက်လို့ရှိယင် တလမ်းသွားစရာတွေရှိတယ်။ ဒီလိုမဟုတ်ဘူး။ "သွားပါတော့ ပြန်ပါတော့"လို့ လွှတ်ပေး တယ်။ ဒါပါရမီဖြည့်ဘက်တွေပဲလို့ တွေးပြီးတော့ ဘုန်းကြီးက သိပ်ကြည်ညိုတယ်ကိုး၊ ဒီမုဆိုးကိုလဲ သိပ်ကြည်ညိုတယ်၊ သုမုခ စစ်သူကြီးကိုလဲ သိပ်ကြည်ညိုတယ်၊ သိပ်အားရတယ်။

**ဝမ်းသာအားရ ဆီးကြိုကြ** ဒါနဲ့ ရှင်ဘုရင်ဆီ ရောက်သွားတော့ ရှင် ဘုရင်ရော မိဖုရားရော ဝမ်းသာအားရဆီး ကြိုပြီးတော့ ဘုရားအလောင်း ဟံသာကို ရှင်ဘုရင်က ပွေ့လို့၊ စစ်သူကြီးသုမုခဖြစ်တဲ့ အရှင်အာနန္ဒာ အလောင်း ဟံသာကို မိဖုရားကြီးကပွေ့လို့၊ ရာဇပလ္လင်ပေါ် တင်လို့ သကာတွေ ပျားတွေလူးထားတဲ့ ပေါက်ပေါက်တွေ ဘာတွေများ ကျွေးလို့၊ ညပိုင်းရောက်သွားပြီ၊ မုဆိုးကြီးကို ဆုတော်လာဘ်တော်များ ပေးလို့၊ မုဆိုးကြီးကို ချမ်းချမ်း သာသာ ရာထူးတွေများ ပေးလို့ အင်မတန် ကောင်းတယ်။

**အပြစ်တင်လို့ တောင်းပန်ရ** အင်မတန် ကောင်းပြီးတော့ နေပြီးမှ အရှင် အာနန္ဒာအလောင်း သုမုခက အပြစ်တင် တယ်ကိုး။ ဘေးမဲ့ဘေးမဲ့၊ ကန်ကြီးကိုဘေးမဲ့ ဘေးမဲ့လို့ ကြွေးကြော်ပြီးတော့ တယ်—ဘေးမဲ့တယ်ပေါ့လေ၊ သူတို့ ဟုတ်လိုက်တာ၊ တကထဲ လိမ်တယ်ပေါ့လေ၊ ရှင်ဘုရင် တန်ပုံနဲ့၊ သုမုခ စစ်သူကြီးက တခါထဲ အပြစ်တင်တာပဲ၊ ဒီတော့ တောင်းပန် ရတာပေါ့။ ဟိုက အရှင်သာရိပုတ္တရာ

www.dhammaransi.com



အလောင်းနဲ့ ခေမာထေရီ အလောင်းတွေကို တောင်းပန်ရတာပေါ့။

**တမလွန်အရေးများ မကြောက် ဖူးလား** နောက်တော့ စကားစမြည်တွေ တော်တော်လေး ပြောပြီးတော့ ဘုရား အလောင်း ဟင်္သာက "အားလုံး ကျန်းမာကြရဲ့လား, အားလုံး ကျန်းမာကြရဲ့နော်၊ အားလုံး ကျန်းမာကြပါတယ်။ အားလုံးသူတော်ကောင်းတရားတွေ ကျင့်ကြပါရဲ့လား, ကျင့်ကြပါတယ်။ ရှင်ဘုရင်လုပ်ပြီးတော့ မင်းဘဝနဲ့ နေရတယ်ဆိုတာ မာန်မာန အင်မတန် တက်ပြီးတော့ မေ့လျော့တတ်တယ်။ "အဲဒီလို မေ့မေ့လျော့လျော့ နေတဲ့အတွက်ကြောင့် တမလွန်ဘဝအရေးများ တွေးမိတဲ့အခါ မကြောက်ဘူးလား" လို့ မေးတော့ အရှင်သာရိပုတ္တရာ အလောင်း သံယမမင်းက....

## ပြည့်စုံသူမှာ မကြောက်ပါ

ဒါနံ သီလံ ပရိစ္စာဂံ, အဇ္ဇဝံ မဒ္ဒဝံ တပံ၊
အက္ကောဓံ အဝိဟိံသဉ္စ, ခန္တိဉ္စ အဝိရောဓနံ။
ဣစ္စေတေ ကုသလေ ဓမ္မေ, ဌိတေ ပဿာမိ အတ္တနိ၊
တတော မေ ဇာယတေ ပီတိ, သောမနဿဉ္စ နပ္ပကံ။

ဒါနံ-စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ ဒါနကို၊ အတ္တနိ-မိမိ၌၊ သံပဿံ (သံပဿန္တော)- ကောင်းစွာအသင့်, တွေ့မြင်ရသည်ဖြစ်၍၊ ပရလောကံ-တမလွန်အရေး, နောင်ခါဘေးကိုနဘာယေ-မျှော်တွေးထောက်ဆ၍ မကြောက်ရပါသတည်း

www.dhammaransi.com



တမလွန်လောကကို မကြောက်ဘူး။ အင်မတန် ပျော်ပါတယ်။ တမလွန်ဘဝတွေ တွေးပြီးတော့ ကြည့်လိုက်မိတဲ့အခါ မိမိမှာ ပြည့်ပြည့်စုံစုံ အကုန်စီမံထားတာဖြစ်လို့ ဝမ်းမြောက် ဝမ်းသာနဲ့ ဖြစ်နေပါတယ်။

**ဒါနမပါ ကြောက်စရာ**

"ကြောက်" ဆိုတဲ့ ဥစ္စာ ဒါနမပါတဲ့သူတွေ ကြောက်ကြတာပဲ မဟုတ်ဘူးလား။ ကျွန်ုပ်မှာတော့လေ နေ့စဉ်နဲ့အမျှ အလှူဒါနတွေ ပေးလို့၊ တိုင်းသူပြည်သားတွေဆီက ရတဲ့ အခွန်အတုတ်ထဲက ခွဲပြီးတော့ မရှိဆင်းရဲသူတွေ အလှူဒါနပေးလို့ နေ့တိုင်းနေပါတယ်။ ဒီတော့ ညမျှားမလေ လူခြေတိတ်လို့ မအိပ်ခင်မျှား စဉ်းစားလိုက်တဲ့အခါ မိမိဒါနကြီးကြည့်ပြီး စိတ်ထဲမှာ သိပ်ပြီး ရွှင်လန်း ဝမ်းမြောက်နေပါတယ်။ တမလွန်အရေး တွေးတိုင်း တွေးတိုင်း အင်မတန် ဝမ်းသာနေပါတယ်လို့၊ ဒီတရားလေး ဘုန်းကြီးက အားကျတယ်လေ၊ ဒီတော့ အခု အလှူဒကာ အလှူ့အမနဲ့ နှစ်ဖက်မိဘတွေ မိမိတို့တတွေ တွေးကြပါ။ ဩော်.... ဒါနတွေ တို့ ပြုလိုက်ရတာ ဝမ်းမြောက်ဝမ်းသာ ရှိလိုက်တာ၊ သံဃာတော်တွေ ဆွမ်းဘုဉ်းပေးတာကို ကြည်ညိုရတယ်။ လာရောက်တဲ့ မိတ်ဆွေတွေ ဝမ်းမြောက်ဝမ်းသာနဲ့ ကျွေးမွေးရတယ်၊ ပြုစုရတယ်၊ ဒီဒါနတွေတွေးလို့ဝမ်းသာရတယ်။

**စားမဲ့အစာထဲ ချွေတာလို့**

အဲဒီလို ဒါန အကြီးအကျယ်တွေ အပြင့်, ကိုယ်သွားလေရာရာ ရထားပေါ်မှာ သင်္ဘောပေါ်မှာ မရှိဆင်းရဲတဲ့သူတွေ တွေ့လိမ့်မယ်၊ တွေ့ဘဲ့အခါ မိမိကဆိုပါတော့ စားစရာ သောက်စရာကလေး

www.dhammaransi.com



စားတယ်ဆိုလို့ရှိယင် အနီးအပါးမှာရှိတဲ့ သူတွေကို ပေးပါ၊ ကမ်းပါ။ ဪ.... ဦးဦးတို့ နဲ့နဲ့သုံးဆောင်ပါဦး ခင်ဗျား။ သုံးဆောင်ပါဦး ဦးရယ်။ အဲသလိုပေါ့လေ၊ အဖွားရယ်-အဒေါ်ရယ် သုံးဆောင် ပါဦး နှုတ်ကလေးကလဲ ချိုချို သာသာနဲ့၊ စိတ်ကလေးကလဲ ကြည်ကြည် ရွှင်ရွှင်နဲ့၊ မိမိ-စားမဲ့ အထဲက ခွဲတာလို့။

**ဒီဟာလေးတွေ လက်မနှေးစေချင်**

တခါတရံ မိမိရွှေ မှာပဲ တော်တော်-ကလေး တောကျတဲ့သူတွေက စားချင်-ရက်သားနဲ့ ဈေးဆစ် နေတယ်။ ဟိုက ငါးမူးဆိုတယ်ဆိုလို့ရှိယင် သူတို့က တမတ်မရဘူးလားစသည်ဖြင့် ကိုယ့်ရှေ့က ဈေးဆစ်နေတယ်။ ကိုယ်ကလဲ ငါးမူးတန်မှန်း သိတယ်ဆိုပါတော့။ ဪ.. ဦးရယ် စားပါစားပါ။ ကျွန်တော်ကုသိုလ်ပြုပါရစေ, ကျွန်မကုသိုလ်ပြုပါရစေ။ အဒေါ် စားပါ, စားပါ၊ကျွန်မ ကုသိုလ်ပြုပါရစေ။ ဒီဟာလေးတွေ, ဘုန်းကြီးကလေ လက်မနှေးစေချင်ဘူး။ သွားတဲ့အခါ လာတဲ့အခါမှာ တွေ့လို့ရှိယင် ကိုယ့်မှာလဲပဲ ဘာမှ ဝန်မလေးဘူး။ သူ့ခမျာ များမှာလဲ စိတ်ချမ်းသာလို့။

**ဘယ်လောက်ကောင်းတဲ့ ဒါနလဲ**

သူတို့က မော့ကြည့်မယ်။ အမလေး လူကလေးနှယ်, အမလေး မိန်း-ကလေးနှယ်, လိမ္မာ လိုက်တာ, သာဓု....သာဓု၊ စားယင်း စားယင်း လိမ္မာလိုက်တာ။ ကိုယ်ကလဲ မေတ္တာဖြစ်လို့၊ ချမ်းသာပါစေ, ချမ်းသာပါစေ၊ ငါကလေ-

www.dhammaransi.com



ဘယ်လောက်မှလဲ မကြီးကျယ်ပဲနဲ့ သူ့ခမျာအင်မတန်- စိတ်ချမ်းသာ သွားတယ်, မေတ္တာပို့လို့။ ဒါနလဲ ဖြစ်သေးရဲ့, မေတ္တာလဲ ဖြစ်သေးရဲ့၊ ဟိုကလဲပဲ စားလဲ စားရသေးရဲ့၊ ပြန်ပြီးတော့ မေတ္တာပို့လို့၊ အမလေး ဒီလူကလေး ချမ်းသာပါစေ၊ ဒီ အမျိုးသမီးကလေး ချမ်းသာပါစေ မေတ္တာပို့လို့ ဘယ်လောက် ကောင်းတဲ့ ဒါနလဲ။

**ကုသိုလ်ပြုစရာ များလိုက်တာ**

ကိုယ့်ရပ် ကိုယ့်ရွာကျလို့ ကိုယ့်နေရာ ကျလို့ ရှိယင်လဲ ဒီလိုပဲ၊ ဘယ်သူဟာလေ ဆင်းဆင်းရဲရဲနဲ့ ဘယ်လိုဖြစ်နေသတဲ့။ နေမကောင်းလို့တဲ့ ဆေးမရှိလို့တဲ့။ အမယ်လေး ဘာဖြစ်ပါလိမ့်မတုံး၊ ကိုယ်က ပျာပျာသလဲ၊ ဘာဖြစ်လို့လဲ ဆေးဝယ်မရဘူးလား၊ ဝယ်ယင်ရပါလိမ့်မယ်။ ငွေမတတ်နိုင်ရှာလို့, ကဲပါ ဝယ်ပါ ဝယ်ပါ၊ ဒီဆေး ကုသိုလ်ပြုစမ်းပါရစေ၊ အိမ်မှာ ရှိလို့ရှိယင်လဲ ဒီဆေးကလေး သုံးစမ်းပါဦး၊ အိမ်မှာကိုပဲ ဆေးတွေထားလို့။ ဒါကလေးက လျက်ဆားကလေး၊ ဒါကလေးက ဓာတ်နှုတ်ဆေးကလေး၊ ဒါကလေးက ချောင်းဆိုးပျောက်ဆေးကလေး၊ မလွှဲနိုင်တာလေး တွေ ထားလို့၊ ဆေးတွေပေးလို့၊ ကုသိုလ်တွေလေ အထိုက် အလျောက် ပစ္စည်းရှိလို့ရှိယင် ပြုစရာတွေများလိုက်တာ။

**ဒါနရှိက မကြောက်ရ**

ဒါန်-စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ ဒါန ပါရမီကို၊ အတ္တနိ-မိမိ၌၊ သမ္ပဿံ (သမ္ပဿန္တော)- ကောင်းစွာအသင့် တွေ့မြင်ရာသည်ဖြစ်၍၊ ပရ လောကံ- တမလွန်ရေး နောင်ခါဘေးကို၊ န ဘာယေ- မျှော်

www.dhammaransi.com



တွေးထောက်ဆ၍ မကြောက်ရ ပါသတည်း.... ဘာကြောက်စရာရှိတုံး အသင့်ပြင်....အားလုံးသတ္တဝါတွေ ဝန်လေးနေတဲ့ ဥစ္စာက သေရမှာ သိပ်ကြောက်ကြတယ်။ ဘာကြောက်စရာရှိတုံး သေရမှာ သိပ်ပျော်စရာ ရှိတယ်လို့ ပြောလိုက်စမ်းပါ၊ သေရမှာ ကြောက်စရာလို့ မယူဆပါနဲ့၊ ပျော်စရာ ကောင်းလိုက်တာလို့။

**အယူအဆတွေ ပြောင်းစမ်းပါ** ဘာပြုလို့ပျော်စရာကောင်းရမလဲလို့ဆိုတော့ အို....ဒီနေရာက ဒီအိမ်ကလေးပျောက်သွားတဲ့အခါ ဟိုနေရာကျတော့ ဟိုအိမ်ကြီးနဲ့ ဟိုနေရာကျတော့ ဟိုတိုက်ကြီးနဲ့၊ ဒီနေရာက ဒီအခြွေအရံတွေနဲ့ ကွဲသွားတဲ့အခါ ဟိုနေရာကျတော့ ဟိုအခြွေအရံတွေက ပိုလို့ ကြီးကျယ်နေသေးတယ်။ ဘာကြောက်စရာရှိတုံး၊ ပျော်စရာလို့ ဒီလိုဖြစ်အောင် တဘဝ ပြောင်းလိုက်စမ်းပါ၊ အားလုံးအယူအဆတွေပြောင်းလိုက်စမ်းပါ၊ ဘာမှ နောက်ဆံတင်းစရာမရှိပါဘူးလို့။

**သီလလုံက မကြောက်ရ** သီလံ-ငါးပါး, ရှစ်ပါး, ဆယ်ပါးကစ,ဆိုင်ရာ သီလကို၊အတ္တနိ-မိမိ၌၊သံပဿံ(သံပဿန္တော)- ကောင်းစွာအသင့်, တွေ့မြင်ရသည်ဖြစ်၍၊ ပရလောကံ-တမလွန်ရေး, နောင်ခါဘေးကို၊ န ဘာယေ-မျှော်တွေးထောက်ဆ၍ မကြောက်ရပါသတည်း။....သီလနဲ့ စဉ်းစားလိုက်တော့ သံယမမင်းကြီး ကောင်းလိုက်တဲ့သီလ၊ မိဖုရားကလဲ ကောင်းလိုက်တဲ့သီလ၊ ပါဏာတိပါတမရှိပေါင်။ အဒိန္နာဒါန မရှိပေါင်၊ ကာမေသုမိစ္ဆာစာရ, မုသာဝါဒ,သုရာမေရယ မရှိ

www.dhammaransi.com



ပေါင်တယ်ကောင်း၊ ဒုစရိုက်ဆယ်ပါးထဲကကြည့်လိုက်တော့လဲ ဘာမှ ကြီးကြီးကျယ်ကျယ် မတော်တာတွေမရှိပါဘူး။ သုစရိုက်တွေလဲ ကျင့်လို့ သိပ်ကောင်းတာပဲ။

**တိုက်ကြီးတာကြီးတွေ လှူဖို့မဟုတ်** ပရိစ္စာဂ-စွန့်ကြဲ ပေးကမ်းခြင်း ဆိုတဲ့ ပရိစ္စာဂ တရားကို၊ ပရိစ္စာဂ-လက်ရှိဝတ္ထုတွေကို စွန့်ကြဲနိုင်တဲ့ ပရိစ္စာဂစေတနာကို၊ အတ္တနိ-မိမိ၌၊ သံပဿံ (သံပဿန္တော)-ကောင်းစွာအသင့်မြင်ရသည်ဖြစ်၍၊ ပရလောကံ-တမလွန်ရေး၊ နောင်ခါဘေးကို၊ န ဘာယေ-မျှော်တွေး ထောက်ဆ၍ မကြောက်ရပါသတည်း။....လက်မနှေးဘူး။ အကြီးကြီးပေါ့လေ၊ တိုက်ကြီးတာကြီးတွေ လှူဖို့မဟုတ်ဖူး၊ နံနက်လေး စွန့်လို့၊ ဘုန်းကြီးခုနက ပြောပြီးသားဖြစ်တဲ့စွန့်ကြဲမှုကလေးတွေ၊ ရဟန်းသံဃာနဲ့တွေ့ပြန်ယင် ရဟန်းသံဃာနဲ့ တွေ့လို့ စွန့်ကြဲမှု ကလေးတွေ၊ တခါ မရှိဆင်းရဲတဲ့သူနဲ့ တွေ့ပြန်ယင်လဲ မရှိဆင်းရဲတဲ့သူနဲ့တွေ့လို့၊ စွန့်ကြဲမှုကလေးတွေ၊ အဲသလိုဟာလေးတွေ ကိုယ့်မှာရှိလို့၊ ဒါတွေကြည့်လိုက်တော့ ကြီးစမ်းပါစေ အသက်၊ အိုစမ်းပါစေ၊ သေစမ်းပါစေ၊ ဘာကြောက်စရာရှိသလဲ အသင့်၊ အသင့်၊ အသင့်ပြင်ပြီးသား၊ အသင့်ပြင်ပြီးသား။

**ဂုဏ်နောက်လိုက်လို့ ကြောက်ကြတာ** ကြောက်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒီလို အသင့် မပြင်လို့ ကြောက်ကြတာ၊ လောကမှာ ဂုဏ် ပကာသန တွေနဲ့ ရှောက်ပြီးလုပ်နေလို့ ကြောက်ကြတာ၊ ဂုဏ်ပကာသနတွေနဲ့

www.dhammaransi.com



မလုပ်ပါဘူး၊ တကယ့် သဘာဝ ဓမ္မတွေနဲ့သာ လုပ်နေပါတယ် ဆိုလို့ရှိယင် ဘာမှ ကြောက်စရာမရှိဘူး။ အဇ္ဇဝံ-ရိုးသား ဖြောင့်မတ်ခြင်းဆိုတဲ့တရားကို၊ အတ္တနိ-မိမိ၌၊ သံပဿံ (သံပဿန္တော)-ကောင်းစွာ အသင့်, တွေ့မြင်ရသည် ဖြစ်၍၊........ကိုယ်နဲ့ နေလဲ ရိုးရိုးကလေးပါ, သူများအထင်ကြီးအောင် ဟန်နဲ့မနေပါဘူး။ နှုတ်နဲ့ ပြောတော့လဲ ရိုးရိုးကလေး မှန်မှန်ကလေး ပြောတယ်။ ဖြောင့်ဖြောင့်မတ်မတ် ပြောတယ်။ မှန်မှန်ကလေး ပြောတယ်။ စိတ်ကလဲ ဖြောင့်မတ်လိုက်တာ။ ကိုယ်ရော, နှုတ်ရော, စိတ်ရော ဖြောင့်မတ်လိုက်တာ။ ဒီလိုဆို ကုသိုလ် အမြဲရနေတာပဲ။

**ချိုသာပြောကြား စိတ်ထားနူးညံ့**

မဒ္ဒဝံ-နူးညံ့ သိမ်မွေ့တဲ့ မဒ္ဒဝ တရားကို၊ အတ္တနိ-မိမိ၌၊ သံပဿံ (သံပဿန္တော)-ကောင်းစွာအသင့်, တွေ့မြင်ရသည်ဖြစ်၍၊

စကားပြောတော့လဲ ချိုချိုသာသာ။ စိတ်နေ စိတ်ထားကလဲ နူးနူးညံ့ညံ့။ ကိုယ်အမူအရာကလဲ လူကြီးတွေနဲ့ တွေ့တော့ လူကြီးတွေမို့ ရိုရိုသေသေ။ ကိုယ်က မင်းပဲ စိုးပဲ အထက်တန်းပဲ ရောက်နေ ပေမယ့်လို့ လူကြီးတွေနဲ့ တွေ့တော့ ထိုင်ပါ, ထိုင်ပါ,လူကြီးမင်း ဒီနေရာထိုင်ပါ။ ပြီးတော့မှ သူ့အကြောင်း အားလျော်စွာ, အမှုအားလျော်စွာ စကားပြောပေ၊ နူးနူးညံ့ညံ့ကလေး စကားပြောလို့။ နူးနူးညံ့ညံ့ကလေး ဆက်ဆံလို့။ စိတ်ကလဲ တကယ်နူးညံ့လို့။ ဘာကြောက်စရာရှိ။ တမလွန် ဘာ ကြောက်စရာ ရှိတော့လဲ။

www.dhammaransi.com



**ခြိုးခြံကြိုးစား ကျင့်ရမယ်**

တပံ-ဥပုသ် ဖစောင့်ရတော့မယ့် အကျင့်ကျတော့ ထူးထူးခြားခြားစောင့်။ ဟို...သူများ စောင့် သလို ပျော်ရုံစောင့်လို့တော့ မကောင်းပါဘူး။ လူတွေစုပြီးတော့ စကားပြောတဲ့ ဥပုသ်စောင့်မျိုး အကျင့်မျိုး တော့ ကျုပ်သဘောမကျပါဘူး။ ကနေ့ဥပုသ်စောင့်တယ်ဆိုယင် တရားများထိုင်လို့, ဘာဝနာများပွားလို့။ မစောင့်နိုင်သေးယင် မစောင့်ပဲနေလို့။ စောင့်နိုင်တယ်ဆိုလို့ရှိယင်ဝတ်ကျေတမ်းကျေ မစောင့်နဲ့ တကယ့်အကျင့်ပဲ။ ဒါ ဒီနေ့ ပိုကျင့်တဲ့ အကျင့် ပဲ။ ခါတိုင်းထက် ပိုကျင့်တဲ့ တပကို ကျင့်လို့ရှိယင်ဖြင့် ခြိုးခြိုး ခြံခြံလဲ ကျင့်ရမယ်။ ကြိုးကြိုးစားစားလဲ ကျင့်ရမယ်။

**ရှေ့ဟင်္သာများ ပြန်သွားကြ**

အဲသလို နေထိုင်ပြီး အဲဒီလို ကျင့်ကြံကြိုးကုတ် အားထုတ်မှသာ တဆင့်ထက်တဆင့်ရင့်သထက် ရင့်ပြီး လူ့ရွာနတ်ထံ နိဗ္ဗာန်တိုင်အောင် ရောက် နိုင်ကြလိမ့်မယ်လို့ ဟောပြောဆုံးမပြီး ဟင်္သာ အပေါင်းကလဲ မျော်နေကြမဲ့အကြောင်း, မိမိတို့ကလဲ ပြန်ချင်တဲ့အကြောင်းကို ရှေ့ဟင်္သာမင်းက ပြောတယ်။ ဒီတော့ ရှင်ဘုရင်ရော မိဖုရားပါ လွမ်းဆွတ်ဆွတ်နဲ့ နေခင် တွေ့ပါရစေဦး ဆိုတဲ့ အနေမျိုးနဲ့ လွှတ်လိုက်တော့ သူတို့လဲပြန်သွားကြတယ်။ ဒီမှာလဲစိတ်ကျေနပ် လို့။ ကုသိုလ်တရားတွေ တိုးသထက် တိုးအောင် နေကြလို့၊ ဘုန်းကြီးကလေ-တယ်သဘောကျ, သူတော်ကောင်းအလောင်း အလျာတွေ တွေ့ကြ, တွေ့တော့လဲ တွေ့ကောင်း တွေ့လိုက် ကြတာ။

www.dhammaransi.com



**ချတဲ့ ကုသိုလ်တွေနဲ့ တင်းတိမ်မနေကြနဲ့** အခု-ဘုန်းကြီးတို့ အလှူဒကာ - ဒကာမတွေ့၊ နှစ်ဘက် မိသားစုတွေ ကံကောင်းလို့၊ အကြောင်းသင့်လို့ တွေ့ကြတာ။ ဘုန်းကြီးတို့ကျောင်းမှာ လှူတာ တန်းတာ ဒါနတွေ များပြီလို့ ဆိုပါတော့။ ဘုန်းကြီးတို့ဟောလိုက်တဲ့ ဆုံးမလိုက်တဲ့တရားတွေ၊ ဘုန်းကြီးတို့ကျောင်းမှာ မြင်ရတဲ့ သာသနာရေးတွေ တွေးပြီးတော့ နှစ်ဘက် လူကြီးတွေရော၊ လူငယ်တွေရော၊ ဝမ်းမြောက် ဝမ်းသာနဲ့ ပြန်ပြီးတော့....တို့ ကုသိုလ်တွေတော့ အများကြီး ရသွားပြီ။ အဲဒီရတဲ့ ကုသိုလ်တွေနဲ့ တင်းတိမ် မနေကြစို့နဲ့လို့ ဆိုပြီး လူကြီးတွေကလဲ တရားများများ အားထုတ်လို့၊ လူငယ်တွေကလဲ ငါးပါးသီလများကြိုးစားထိန်းလို့ နေစေချင်တယ်။

**မဂ်ဖိုလ်နိဗ္ဗာန် အထိ မှန်းကြည့်** ဘုန်းကြီးပြောတဲ့ ဖြောင့်ဖြောင့်မတ်မတ် ဆိုတဲ့ဥစ္စာ၊ ကိုယ်ရော နှုတ်ရော စိတ်ရော ဆိုင်ရာကိစ္စတွေကို ဖြောင့်ဖြောင့်မတ်မတ် ရွက်ဆောင်လို့။ အားလုံးနဲ့ ဆက်ဆံတဲ့အခါမှာ "မဒ္ဒဝ" ဆိုတဲ့ နူးနူး ညွတ်ညွတ် စကားပြောလို့။ နူးနူး ညွှတ်ညွှတ် စိတ် ထားလို့။ အဲသလို နေပြီးတော့....တို့လေ- သံသရာမှာ မဂ်ဖိုလ်နိဗ္ဗာန် အထိ သွားရမဲ့ ခရီးရှည်ကြီးကို မကြောက်ရအောင် ခုနှယ်က ဘာဝနာ ပွားတဲ့သူက ပွားလို့။ ဒါနသီလ စွမ်းနိုင်တဲ့ဘက်က ရွက်ဆောင်လို့။ သူတော်ကောင်းစစ်စစ်နဲ့ နေကြလို့ရှိယင်၊ တို့တမလွန်ရေး ကြောက်စရာ မရှိကြပါဘူးလို့ အဲသလို တွေးပြီးသကာလ....

www.dhammaransi.com



**ပျော်စရာဖြစ်အောင် ကျင့်ဆောင်** ရှေးသူတော်ကောင်းတွေ ဒီတရားတွေ ရှိလို့မို့ တမလွန် မကြောက်ကြ ပဲနဲ့ နတ် ဗြဟ္မာတွေ ဖြစ်ကြတယ်။ မဂ်ဖိုလ် နိဗ္ဗာန် ရကြတယ်။ ဘုရားဖြစ်ကြတယ်။ အရှင်အာနန္ဒာ ဖြစ်ကြတယ်။ အရှင်သာရိပုတ္တရာ ဖြစ်ကြတယ်။ ခေမာထေရီ ဖြစ်ကြတယ်။ မိမိတို့ သန္တာန်မှာလဲ ဒီတရားမျိုးတွေ ရှိနေကြပြီ။ ဒီတရားတွေ ရှိနေလို့မို့ တမလွန်ရေး တွေးလိုက်တိုင်း တွေးလိုက်တိုင်း, ပျော်စရာ အနေမျိုးဖြစ်အောင် ကျင့်ဆောင် နိုင်သော အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြစ်ကြစေကုန် သတည်း။

သာဓု....သာဓု....သာဓု။

ရွှေဟင်္သာမင်း တရားတော်

ပြီးပြီ။

**တို့ လိမ္မာမှ**

တို့လိမ္မာမှ, စကားပြောတွေ ကောင်းကောင်း ပြောနော်။ ငယ်ရွယ်ပေမယ်လို့ စကားပြော ကောင်းကောင်း ပြောနော်။ ကောင်းကောင်း ပြောတော့လဲ ဒီစကားပဲ။ သူတပါး နားဝင်တာပဲ။ ကြမ်းကြမ်း တမ်းတမ်း ပြောတော့လဲ ဒီစကားပဲ။ ဒီအခိပ္ပာယ်ပဲရတယ်။ ချိုချိုသာသာ ပြောမယ်နော်....။

www.dhammaransi.com

# ဆင်သေစီးလိုက်တဲ့ ကျီးမိုက် တရားတော်

[ဤတရားတော်သည် ကျေးဇူးရှင်ဆရာတော်ကြီး မလွန်တော်မီ ခုနှစ်ရက်အလို (၁၃၃၉-ခု၊ နတ်တော်လဆန်း ၁၁ ရက်နေ့) မှာ မန္တလေးမြို့ ဝါးတန်းရပ်နေ ကျောင်းအမ ဒေါ်သန်းသန်း၏ မွေးနေ့ဆွမ်းကပ်၌ ဟောတော်မူအပ်သော တရားတော် ဖြစ်ပါသည်။]

## ဆင်သေမြင်၍ ကျီးမိုက်စဉ်းစား

ဂင်္ဂါယ ကုဏပံ ဒိသွာ, ဝုယှမာနံ မဟဏ္ဏဝေ၊
ဝါယသော သမစိန္တေသိ, အပ္ပပညော အစေတသော။

ဂင်္ဂါယံ- ဂင်္ဂါမြစ်ထဲ၌၊ မဟဏ္ဏဝေ - မဟာသမုဒ္ဒရာတိုင်အောင်၊ ဝုယှမာနံ- မျော၍လာသော၊ ကုဏပံ- ဆင်သေကောင်ပုပ်ကို၊ အပ္ပပညော-အမြော်အမြင်, အဆင်ခြင် ပညာမရှိသော၊ အစေတသော-သိတတ်သည့်စိတ်မရှိသော၊ ဝါယသော- ကျီးမိုက်သည်၊ ဒိသွာ-မြင်၍၊ သမစိန္တေသိ- စဉ်းစား ကြံစည်မိလေပြီ။

ဂင်္ဂါမြစ်ထဲက ဆင်သေကြီးတကောင် မျောလာတယ်။ မျောလာတာက ဟိုသမုဒ္ဒရာထိအောင် ပင်လယ်ထိအောင် မျောလာတယ်။ ဂင်္ဂါမြစ်က ပင်လယ်နဲ့ ဆက်နေတာ၊ အဲဒီထိအောင် မျောလာတယ်။ အဲဒါကို လမ်းမှာ ဟိုသမုဒ္ဒရာနဲ့ အဝေးကြီးမှာ ကျီးက မြင်တယ်။ ဆင်သေကောင်ကြီး မြင်တော့ အဲဒီပေါ် နားတယ်။

www.dhammaransi.com



## ယာဉ်ကောင်းလဲရ အစာလဲရှိ

ယာနဥ္စ ဝတိဒံ လဒ္ဓံ, ဘက္ခောစာယံ အနပ္ပကော၊
တတ္ထ ရတ္တိံ တတ္ထ ဒိဝါ, တတ္ထေဝ နိရတော မနော။

ဆင်သေကောင်ကြီးက ဂင်္ဂါမြစ်ရဲ့ ရေစီး လှိုင်းကလေး အပေါ် နိမ့်လိုက်, မြင့်လိုက် မျောလို့၊ နိမ့်လိုက် မြင့်လိုက် မျောလို့, သိပ်ကောင်းတာပဲ ကျီးကန်းအတွက်က သိပ်ပြီးတော့ သဒ္ဒါဘာကျစရာကြီးပဲ။

ယာနဥ္စ ဝတိဒံ လဒ္ဓံ-ဒီလောက် အင်မတန် ညက်ညောတဲ့ ငြိမ့်ညောင်းတဲ့ယာဉ်ကောင်းတစီးတော့ ငါရပြီ၊ ငြိမ့်လိုက်တာ၊ မျောလို့ နိမ့်လိုက် မြင့်လိုက် လှိုင်းကလေးထဲမှာ။ ဘက္ခောစာယံ အနပ္ပကော- စားစရာ အစာကလဲ ဘယ်ပဲ ကြည့်လိုက် ကြည့်လိုက် ဆင်သေကြီးတကောင်လုံး မကုန်နိုင် မခန်းနိုင်, အစာတွေကလဲ အများကြီးပဲရပြီ၊ ဒီတော့ ကျီးအတွက်တော့ အင်မတန် ပျော်စရာကြီးပဲ။

**နေ့ရောညပါ ဆင်သေပေါ်မှာ** တတ္ထ ရတ္တိံ တတ္ထ ဒိဝါ-ညလဲ ဒီကျီးက မပျံနိုင်ဘူး။ ဒီထဲမှာပဲ အိပ်တယ်၊ဆင်သေ ကောင်ထဲ ဝင်ပြီးတော့ အိပ်လိုက်၊ နေ့လဲ ဒီလိုပဲ, အိပ်ချင်တဲ့အခါ အိပ်လိုက်, နားချင်တဲ့အခါ အပေါ် ကြည့်ပြီးတော့ နားလိုက်, ကုန်းပေါ်က သာယာတာတွေ ကြည့်ပြီး ကျီးကန်းအတွက် ကောင်းလိုက်တဲ့ဖြစ်ခြင်း မပြောနဲ့တော့ ရှုခင်းကလဲ တယ်ကောင်း, ဂင်္ဂါမြစ်ရဲ့ ပတ်ဝန်းကျင်က

www.dhammaransi.com



သစ်ပင်တွေကလဲ ကြည့်လို့ တယ်ကောင်း။ ဒီတော့ ငြိမ့်ငြိမ့် ညောင်းညောင်း စီးလို့လဲတယ်ကောင်း၊ ဆာယင်လဲ ဒီမှာပဲ အစာတွေပြည့်လို့၊ သူ့အတွက်ကတော့ အင်မတန် ပျော်စရာကြီးပဲ၊ သိပ်ပျော်စရာကောင်းတာ။ ဘာမှစဉ်းစားစရာမရှိတော့ဘူး၊ ပျော်စရာကြီးပဲ။ သူ့တသက်တာ ဘာမှ ကြောင့်ကြောင့်ကြကြ, တောင့်တောင့်တတ မလိုတော့ဘူး။ အကောင်းတွေပြည့်လို့၊နောက်တော့ ဆင်သေကြီးက တဖြည်းဖြည်းနဲ့ သမုဒ္ဒရာဝ ဆိုက်လာပြီ၊ သူက မစဉ်းစားသေးပါဘူး။ ဆင်သေကြီး သမုဒ္ဒရာဝ ရောက်သွားပေမဲ့ မစဉ်းစားပါဘူး။ လှိုင်းလေးတွေ, ရေလေးတွေနဲ့ ပျော်နေတုန်းပဲ, အဲဒီမှာပဲစား, ဒီမှာပဲနေ, စားလို့မကုန်နိုင် မခန်းနိုင်ပါဘူး။

**ကျီးမိုက်ခမျာ သေရရှာ**

နောက်တော့ သမုဒ္ဒရာထဲ ရောက်သွားပြီး ကမ်းမမြင်တော့ဘူး။ ကမ်းမမြင်တဲ့အချိန်မှာ သမုဒ္ဒရာ လှိုင်းကလဲ ကြီးလာပြီ၊ ဆင်သေကလဲ ရိရော်လာပြီ၊ တကတဲ လှိုင်းပုတ်လိုက်တာ ဆင်သေကြီးလဲ ဖရိုဖရဲဖြစ်လို့, သူ နားစရာ မရှိတော့ဘူး။ အဲဒီတွင် ကျီးပျံတာကိုး။ အရှေ့ပျံလိုက် ကမ်းရှာမရ၊ ဒီတော့ ဗျာပါရ များနေပြီ၊ တခါထဲ ထိုးပျံလိုက်လို့ရှိယင်လဲ တော်သားပဲ။ ကမ်းမမြင်တော့, တခါ တောင်ဘက်လှည့် ပျံလိုက်၊ တခါ အနောက်ဘက်လှည့် ပျံလိုက်၊ တခါ မြောက်ဘက်လှည့် ပျံလိုက်၊ ကမ်းမမြင်ဘူး။ ဒီလိုပဲ ကမ်းရှာယင်းနဲ့ ဒီကျီးသေရော့။

www.dhammaransi.com



**ကျီးမိုက်နဲ့တူ ဒီလိုလူ** ဒီဥပမာဟာ အင်မတန် ကောင်းတယ်၊ အင်မတန် ကောင်းတယ်။ ဘုန်းကြီးတို့တတွေ ကိုယ့်ဒကာ ဒကာမတွေနဲ့ ကိုယ့်ပရိသတ် တွေနဲ့ အမှတ်တမဲ့နေမယ်ဆိုယင် နေချင်စရာကြီးပဲ၊ ပြုံးလို့ ပျော်လို့၊ ကိုယ့်အလုပ်ကလေးနဲ့ကိုယ်၊ ဒကာ ဒကာမတွေမှာလဲပဲ ကိုယ့်ပစ္စည်းတွေနဲ့၊ ရှာထားတဲ့ပစ္စည်းတွေ တသက်လုံးသိမ်းလို့၊ ဒီလိုသာ မှန်မှန်ရှာ၊ မရှာနိုင်ဦးတော့ ရိုးရိုးကလေး သုံးလို့ရှိယင် တသက်သုံးလို့ မကုန်နိုင်ဘူး။ မဖြုန်းလို့ရှိယင် မကုန်နိုင်ဘူး၊ ပျော်စရာကြီးပေါ့၊ ခုနက ကျီးကန်းပျော်သလို ပျော်စရာကြီး၊ ကိုယ့်မှာ သွားဖို့လာဖို့ အင်း.... ယာဉ်လဲရတယ်၊ ရှိတယ်၊ ကားတွေလဲရှိတယ်၊ နေဖို့ထိုင်ဖို့ အိမ်လဲတိုက်လဲ လုံလုံခြုံခြုံရှိတယ်။ နေ့တိုင်း ဝယ်ဖို့ခြမ်းဖို့ စားဖို့သောက်ဖို့ ဒါတွေလဲရှိတယ်။ အင်း....ဒီတော့ တို့ဟာ ဘာတောင့်တစရာရှိ၊ ဘာကြောင့်ကြစရာ ရှိတော့တုံး၊ ကျီးကန်းပျော်သလို အင်မတန်ပျော်စရာကောင်းတယ်။ ဘုန်းကြီးတွေလဲ ဘုန်းကြီးတွေနည်းလမ်းနဲ့ ပျော်စရာ တယ်ကောင်း။ လူတွေကျပြန်တော့ မပြောနဲ့တော့ ပျော်တပြုံးပြုံး ပျော်တပြုံးပြုံးနဲ့ပဲ။

**လိပ်ကျော ကြောင်ကော်သလို**

ဓမ္မသဘော၊ ဘယ်လိုဟောလည်း၊
လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နဲ့၊
ပျော်တပြုံးပြုံး၊ မော်မဆုံးပဲ၊
နှလုံးမယဉ်၊ ပုထုဇဉ်တို့၊
ငယ်စဉ်ယုတ်မာ၊ အိုခါဆိုးဝါး၊
လူ့ အများသည်၊....တရား မရနိုင်ပါတကား။

www.dhammaransi.com



ငယ်ငယ်တော့လဲ ဆိုးဆိုးဝါးဝါးပါပဲ။ ပျော်လို့ ပါးလို့ ဝတ်လိုက်စားလိုက်၊ ပွဲလမ်းသဘင်တွေကြည့်လိုက်၊ အိုတော့လဲ ကိုယ့်ပစ္စည်းတွေနဲ့ကိုယ်၊ အင်း....ခံစားလိုက်၊ သာယာလိုက်၊ အခြွေအရံတွေနဲ့ ပျော်လိုက်၊ ဘုန်းကြီးတွေလဲ ဒီလိုပဲ ကိုယ့် ဒကာ ဒကာမတွေနဲ့ ပျော်လို့၊ ကိုယ့်ပရိသတ်တွေနဲ့ ပျော်လို့ အမှတ်တမဲ့ နေကြတယ်။ "ဓမ္မသဘော ဘယ်လိုဟောလည်း" ဟောပါတယ် တရားတွေက ဟောပါရှဲ့ ဘယ်လောက် ဟော ဟော၊ "လိပ်ကျော ကြောင်ကော်၊ ပြောင်ချော်ချော်နဲ့" လိပ်ကျော ကြောင်က ကော်ကော်ကြည့် ဘာမှမရဘူး၊ ပြောင် ချော်ချော်ကြီး၊ လိပ်ကျော ကြောင်က ခုတ်ကြည့်၊ကော်ကြည့်၊ ဘာမှ ထွက်မလာဘူး။

**အသက်သာကြီး စိတ်မကြီးသူ**

"လိပ်ကျော ကြောင်ကော် ပြောင်ချော်ချော်နဲ့ ပျော်တပြုံးပြုံး၊ မော်မဆုံးပဲ၊ ပျော်ကြသူများ တိုက်တာ မော်တော်ကား တွေနဲ့ အခြွေအရံတွေနဲ့ ပျော်ကြတယ်၊ "နှလုံးမယဉ်၊ ပုထုဇဉ် တို့" စိတ်ကယဉ်ကျေးမသွားဘူး၊အသက်ကသာ ကြီးသွားတယ်၊ သူ့ဟာသူ ငါ့ကျောင်း ငါ့ကန် ငါ့ဒကာ ငါ့ဒကာမတွေနဲ့၊ သူလဲ သူ့နည်းသူ့ဟန်နဲ့ ရှုပ်နေတာပဲ။ ခုနက ကျီးမိုက်လိုပဲ ဆင်သေ စီးလိုက်တဲ့ ကျီးမိုက်နဲ့ တယ်တူ။ ပျော်တပြုံးပြုံးနဲ့၊ ဒီတော့ မိမိတို့ကိုယ်ကို မိမိ သာမန်ကလေးလောက်နဲ့ ဒီအခြေ အနေက လွတ်ထွက်ပြီးတော့ တရားနဲ့ ကျင့်ဖို့ဆိုတာ ဘုန်းကြီး တွေလဲ မလွယ်ဘူး၊ လူတွေလဲ မလွယ်ဘူး။

www.dhammaransi.com



**သေခါနီးစွဲလမ်းကြ** ဒီတော့ မလွယ်လို့ရှိယင် ဘယ့်နှယ်ဖြစ်ပါ့မလဲ၊ဘုန်းကြီးတွေလဲသေခါနီး ကျောင်းစွဲလမ်း, ဒကာ ဒကာမတွေ စွဲလမ်း, ကိုယ့်ပစ္စည်းတွေ စွဲလမ်း, ဘုန်းကြီးတွေလဲ မလွယ်ဘူး စိတ်ချရဖို့။ လူတွေကတော့ မပြောနဲ့တော့၊ သေခါနီး မျက်စိဖွင့်လိုက်လို့ရှိယင် ကိုယ့်နေရာလေး ကိုယ်တွေ့,တိုက်တာတွေတွေ့,ပတ်ဝန်းကျင်က ဆွေတွေမျိုးတွေ တွေ့, သိမ်းဆည်းထားတဲ့ စိန်တွေရွှေတွေ သတိရ၊ ဒီကြားထဲက ဘယ့်နှစ်လုပ် ဒီစိတ်က ဘယ်သွားသလဲ တော်တော်ကြောက်စရာကောင်းတယ်။ ခုနက ''ဆင်သေကို စီးလိုက်တဲ့ ကျီးမိုက်ကဲ့သို့'' ဆိုတာလိုပဲ ဖြစ်နေကြတယ်။

**သေဖို့ပြင်နည်း** ဒီလိုနေကြတော့ ဘုန်းကြီးက တလောကပြောတယ်။ ''ဘုန်းကြီးကတော့ သေဖို့ပြင်ရမှာပဲ''၊ သေဖို့ပြင်ရမှာပဲလို့ ဆိုလိုက်ယင်ပဲ ဒီက သာယာစရာတွေဟာ အလကားဖြစ်ကုန်ပြီ၊ သေဖို့ပြင်တဲ့အတွက် ကုသိုလ်အများကြီးရဖို့, ကုသိုလ်ရပြီးယင်း ရယင်း, ကုသိုလ်စိတ်တွေနဲ့နေရတယ်။ အကုသိုလ်စိတ် ပေါ်လာယင် မြန်မြန်ဖျောက်လို့၊ ကုသိုလ်စိတ် ပေါ်လာလို့ရှိယင် ရှေ့တိုးပြီးတော့ လုပ်လို့ နေရတယ်။

**ရှေးသူတော်ကောင်းကြီးများလမ်း** ရှေးက သူတော်ကောင်းကြီး တွေလဲ စောစောက ထီးနဲ့,နန်းနဲ့, နေကြပါတယ်။ အရွယ်ကြီးလို့ နောက်ပိုင်းကျပြီဆိုယင် သားတယောက်ယောက် ထီးမွေ နန်းမွေ ဆက်ခံ

www.dhammaransi.com



မည့်သူရှိယင် တောထွက်ကြတာပဲ။ မိဖုရားလဲ သူ့သားအားကိုး ပြီးတော့ နေရစ်ပေါ့။ ဒီတော့ ဘယ်သူမှ ကြောင့်ကြဖို့မရှိဘူး။ တခါထဲ တောထွက်, တောထွက်ပြီးတော့ တောထဲ ဘာလုပ်နေ သလဲ ခုနက သေဖို့ပြင်နေတာပဲ။ မေတ္တာဘာဝနာ ပွားလို့, တချို့ ဈာန်တွေ ဘာတွေရလို့, ဗြဟ္မာ့ပြည်ကိုရောက်၊ ဒီတော့ လမ်းတွေ အင်မတန်ကောင်းတယ်။ ဒါကြောင့်....

**ကျီးမိုက်လို မဖြစ်စေသင့်** မာဟံ ကာကောဝ ဒုမ္မေဓော, ကာမာနံ ဝသ မန္ဒဂူ၊ အဟံ-ငါ

သည်၊ ဒုမ္မေဓော-အမြော်အမြင် အဆင်ခြင် ပညာ မရှိသော၊ ကာကောဝ-ဆင်သေကို စီးလိုက်တဲ့ ကျီးမိုက်ကဲ့သို့၊ ကာမာနံ-လောကီအာရုံ ကာမဂုဏ်တို့၏၊ (ကာမဂုဏ်ဆိုတဲ့ဥစ္စာ ခံစားဖို့၊ သွားလင် ခင်ပွန်းတင် မကဘူး၊ ကိုယ့်ရှိတဲ့စည်းစိမ်ဥစ္စာ ဆွေမျိုး ဉာတိ ပစ္စည်းဥစ္စာ အကုန်လုံးဟာ လိုအပ်တဲ့ ကာမဂုဏ်လို့ ခေါ်တယ်။) ကာမာနံ-လောကီအာရုံ ကာမဂုဏ်တို့၏၊ ဝသံ- အလိုသို့၊ မာ အန္ဒဂူ-ဘယ်တော့ကမှ မလိုက်တော့အံ့ သတည်း။

အလောင်းတော်တွေကျတော့ သတ္တိရှိတယ်၊ ထီးနဲ့ နန်းနဲ့ နဲတာတွေမဟုတ်ဘူး။ စည်းစိမ်တွေဟာ၊ အဲဒါစွန့်ထွက်လာတာ သတ္တိရှိတယ်။ ခုနကကျီးဟာ အကယ်၍များ ဉာဏ်ရှိလို့ရှိယင် ကမ်းမြင်ကာစ သမုဒ္ဒရာဝ လောက်ရောက်ယင်ပဲ သူပျံသွားယင် အင်မတန် ကောင်းတယ်။ အလွယ်ကလေးပဲ ,သူ့ဟာသူရှာစား ဖြစ်တယ်။ ယခုတော့ ကမ်းမမြင်သည့်တိုင်အောင် လိုက်သွားလို့ သမုဒ္ဒရာထဲကျတော့ သူဟာ သေရတယ်။

www.dhammaransi.com



**မလ္လိကာမိဖုရား တချက်မှားရှ်အဝီစိရောက်** လောကကြီးထဲမှာ အကုသိုလ်ဆိုတဲ့ ဥစ္စာ နဲနဲတော့ရှိကြတာပဲ။ သူများ မပြောနဲ့ ကောသလမင်းရဲ့ မလ္လိကာ ဆိုတဲ့ မိဖုရားဟာ အင်မတန် ဉာဏ်ရှိတယ်၊ ဒါနကို အကြီး အကျယ်ပြုတယ်။ တိုင်းပြည်က လူတွေနဲ့ပြိုင်ပြီးတော့ ဒါနပြုတဲ့ အခါ နိုင်အောင်ပြုတယ်။ ဒါပေမဲ့ တချက်ထဲ မှားလိုက်တာ သေတော့ အဝီစိရောက်သွားတယ်၊ ခုနစ်ရက်လောက်ကြာတယ် အဝီစိမှာ၊ ဒီတော့ ဒီအကုသိုလ်တခုပဲ မယ်မယ်ရရရှိတယ်။ အဲဒီ အကုသိုလ်တခုထဲနဲ့ကို အဝီစိကျသွားတာပဲ။ ကောသလမင်း ကြီးက သူ့မိဖုရား ဘယ်ရောက်တယ်ဆိုတာ သိချင်လှပြီ၊ ဘုရားက အတွေ့မခံဘူး၊ တနည်းနည်းနဲ့ ရှောင်ပြီးတော့ နေတယ်၊ ဘာ ဖြစ်လို့လဲ၊ ဟောရမှာက "အဝီစိကျတယ်လို့" ဟောရတော့မှာ၊ နောက် ခုနစ်ရက် လွန်သွားတော့မှ နတ်ပြည် ရောက်သွားလို့၊ အဲဒီတော့မှ အတွေ့ခံပြီး နတ်ပြည် ရောက်တဲ့ အကြောင်းကို ဟောတော်မူတယ်။

**အကုသိုလ်တခုက အပယ်ချနိုင်** ဒါကြောင့်မို့ ဒီအကုသိုလ်တွေ ဆိုတဲ့ဥစ္စာ တခုကလေးလဲ ကြောက်စရာပဲ။ တခုကလေး ပေမဲ့ အပါယ်ချနိုင်တာပဲ၊ တွယ်တာမှုဆိုတဲ့ ဥစ္စာ စည်းစိမ်ကလေး တခုပဲ။ အိမ် တွယ်တာတယ်, တိုက် တွယ် တာတယ်, ပြိတ္တာဖြစ်နိုင်တာပဲ။ လက်ဝတ် လက်စားတွေ ဘာ တွေ မြှုပ်ထားတဲ့ဥစ္စာတွေ တွယ်တာတဲ့ ရှေးက သဌေးတွေ ဟာ သေရင် မြွေကြီးတွေ ဘာတွေ ဖြစ်ကြတာပဲ။ အဲဒီတော့ ဒီဥစ္စာနား လာစောင့်နေကြရတယ်။

www.dhammaransi.com



**ဥစ္စာစဲ့သေ မြွေဖြစ်**　မြွေကြီးတကောင်ဟာ တွင်းထဲကထွက်ပြီ ဆိုလို့ရှိယင် တယ်ဝန်လေးတယ်။ ဗိုက်လဲ ချောင်နေတာပဲ။ ပြီး သိပ်ကျပ်တယ်။ အစာတွေဘာတွေစားလို့ ဗိုက်တွေဘာတွေ ပြည့်လို့ ဝလာပြီး တွင်းထဲပြန်ဝင်ယင် တယ် ချောင်, ချောချောရှုရှုပဲ။ အဲဒါ မြွေကြီး ကိုယ်တိုင်လဲ နား မလည်ဘူး၊ မသိဘူး။ နောက် လူတယောက်နဲ့ တွေ့လို့ သူက မေးတယ်, အဲဒီလူက ပညာရှိ တယောက်ကို ဒီအကြောင်းကို တဆင့်မေးတယ်။ ဒီတော့ ပညာရှိက ပြောတယ်။ ဒီမြွေရဲ့ တွင်း ထဲမှာ ကုဋေများစွာ ဥစ္စာရှိလိမ့်မယ်။ ဒီမြွေကြီးဟာ ဥစ္စာ များစွာရှိတဲ့ သဋ္ဌေးက ဥစ္စာတွေစွဲပြီး သေသွားလို့ ဖြစ်တဲ့မြွေ ဖြစ်လိမ့်မယ်။

ဒါကြောင့် အပြင်ဘက် ထွက်ခါနီးကျတော့ ချောချောရှုရှု မထွက်နိုင်ဘူး။ ဥစ္စာကိုတွယ်ပြီးတော့နေတယ်။ ဗိုက်ကချောင်နေ ပေမယ်လို့ ချောချောရှုရှု မဖြစ်ဘူး။ ထွက်လို့ မရဘူး။ တင်းတင်းကျပ်ကျပ် ဖြစ်နေတယ်။ ပြန်ဝင်တဲ့ အခါကျတော့ သူ့ဥစ္စာနား ပြန်ဝင်ရမှာမို့လို့ ကိုယ်က ဗိုက်ပြည့် နေပေမယ် လို့ ချောချောရှုရှု ဝင်သွားတယ်။ ဒါမြွေကြီး ကိုယ်တိုင် ဘာမှန်းမသိဘူး။ ဟိုက ပညာရှိက ပြောတော့မှ ဒီလိုဖြစ်မှန်း သိရတယ်။ အဲဒီလို တွယ်တာမှုဆိုတဲ့ဥစ္စာ ဘာမဆို တွယ်တာလို့ ဖြစ်တယ်, တွယ်တာစရာတွေချည်းပဲ။ ဒီတွယ်တာတဲ့ ဥစ္စာဟာ တချို့များ တွယ်တာမှားပြီးတော့ သနားစရာကြီး။

www.dhammaransi.com



**မိန်းမစွဲသေ မြွေဖြစ်** အိမ်တအိမ်မှာ အိမ်ထောင်ရှင်မက သူ့ရဲ့မိတ်ကလေးနဲ့ ဖောက်နေတယ်။ သူ့ရဲ့မိတ်ကလေးနဲ့ ဖောက်တော့ သူ့ယောကျ်ားကြီး သိမှာစိုးတယ်။ သိမှာစိုးလို့ ဒီယောကျ်ားကြီးကို သတ်မှပဲ ဆိုပြီးတော့ ယောကျ်ားက အလုပ်က ပြန်လာတုန်း, "ယောကျ်ားရာ ရေချိုးချေပါဦး" ဆိုပြီး ရေချိုး ခိုင်းလိုက်တယ်။ သူ့မိတ်ကလေးနဲ့ တိုင်ပင်ထားတယ်။ ဒီတော့ ယောကျ်ားကြီး ရေချိုးနေတုန်းမှာ နောက်ကနေပြီးတော့ မိတ်ကလေးက ရိုက်ချလိုက်ထာ သေရော။ နောက်တော့ သူ့မိန်းမစွဲလမ်းပြီးတော့ သေရှာတယ်။ မိန်းမ စွဲလမ်းလို့ ဒီအိမ်ပေါ်လာပြီး မြွေဖြစ်နေတယ်။ မြွေကြီးဟာ လှည့်သွားယင်း သူနဲ့ သူ့မိတ်ကလေးတို့ပျော်ပါးတာကိုကြည့်လို့, စိတ်ထဲ မချင့်မရဲနဲ့။ နောက်တနေ့တော့ မြွေကြီးက ကြည့်ယင်း စိတ်ကလွှတ်ပြီးတော့ အောက်ကျလာတယ်၊ ကျလာတော့ အဲဒီတွင် သတ်ကြတယ်, သေပြန်ရော။

**မိန်းမစွဲသေ ခွေးဖြစ်** ဒီမိန်းမအပေါ်မှာ သူက စိတ်မကုန်သေးဘူး။ ဒီအိမ်မှာ ပြန်ပြီးတော့ ခွေးလေး ဖြစ်တယ်။ နောက် ဒီခွေးလေးက မိန်းမ သွားတဲ့နောက်လိုက်တယ်။ တောထဲသွားလဲ လိုက်။ မြို့ရွာထဲသွားလဲ လိုက်။ ဒါနဲ့ အရပ်ထဲကလူတွေက သူ့ကို အဝှါပြုတယ်လို့ လှောင်ကြလွန်းလို့ ဒီခွေးလေး လည်ပင်း အိုးဆွဲပြီးတော့ အောက်ကအိုးထဲ သဲတွေထည့်ပြီး ရေထဲ နှစ်သတ်လိုက်တယ်, သေပြန်ရော။

www.dhammaransi.com



**မိန်းမစွဲသေ နွားဖြစ်** ဒါလဲ စိတ်မကုန်သေးဘူး၊ ဒီအိမ်မှာ နွားလေး လာဖြစ်တယ်။ နွားလေးဖြစ်ပြီးတော့ တကောက်ကောက် လိုက်နေတာပဲ။ နောက်လိုက်ပြီးနေလို့ လူတွေက ပြောကြ ဆိုကြတော့, သူတို့ နွားလေးကိုလဲ ဒီလိုပဲ သတ်ပစ်လိုက်ကြတာပဲ။

**မိန်းမစွဲသေ လူဝင်စားဖြစ်** နောက်တော့ ဒိမိန်းမဆီလူဝင်စားလာပြီးတော့ ဖြစ်တယ်၊ သားလေးလာဖြစ်တယ်။ သားလေး လာဖြစ်တော့ ရှေးဟောင်းတွေနားလည်တယ်၊ နားလည်တော့ အမေရဲ့ နို့တိုက်မခံဘူး။ အမေကကိုင်ယင် ငိုတာပဲ။ ဒါနဲ့ အဖွားကချီရတယ်။ နောက် တော်တော်လေးကြီးလို့ စကားပြောတတ်တော့ အဖွားက "ငါ့မြေးဘာပြုလို့ အမေ့ကို ဒီလောက် ကြောက်နေ တာတုံး"လို့ ဆိုတော့"အဖွားရဲ့ ကျုပ်ကို သတ်တဲ့ဥစ္စာ လေးခါရှိပြီ"။

"မရိုးနဲ့မတ်, လင်ကိုသတ်, လေးဇာတ် တိုင်အောင်ပင်"လို့ စာကလဲ ချိုးထားတယ်။ လေးခါရှိပြီ, ကျုပ်ကို သတ်တာ ဆိုပြီးတော့, ဖြစ်ပုံကို သူက ပြန်ပြောပြတာကိုး။ အကုန်လုံး ဟုတ်နေတာပဲ၊ ဒါနဲ့ အဖွားကလဲ သံဝေဂရ၊ မြေးလေးကလဲ သံဝေဂ ရပြီးတော့ ဘုန်းကြီးလုပ်၊ ဘိက္ခုနီ လုပ်ကြရော၊ နောက်တော့ တရားကျင့်လို့ တရားရသွားကြတယ်၊ ဒီတော့ လောကကြီးမှာ ပေါ့လေ, စွဲလမ်းမှုဟာ သိပ်ကြောက်စရာ ကောင်းတယ်။ သိပ် ကြောက်စရာကောင်းတာတွေကို ကြည့်ပြီး တော့....

မာဟံ ကာကောဝ ဒုမ္မေဓော, ကာမာနံ ဝသ မန္ဝဂူ။

အဟံ-ငါသည်၊ ဒုမ္မေဓော-အမြော်အမြင်, အဆင်ခြင် ပညာ မရှိသော၊ ကာကောဝ-ဆင်သေကို စီးလိုက်တဲ့ ကျီးမိုက်ကဲ့သို့၊ ကာမာနံ-လောကီအာရုံကာမဂုဏ်တို့၏၊ ဝသံ-အလိုသို့၊ မာအန္ဝဂူ-အစဉ်တစိုက်, မလိုက်တော့အံ့သတည်း။

**ရှေးသူတော်ကောင်းများ လုပ်ထုံး**

ရှေး သူတော်ကောင်းတွေဟာ သိပ်ပြီးတော့ သံဝေဂရကြတယ်၊ ဘဝကို ဆုံးအောင် မနေဘူး။ ဘဝကို ဖြတ်တာပဲ၊ ခံစားတုန်းကတော့ စည်းစိမ်နဲ့, ထီးနဲ့, နန်းနဲ့ နေပါရဲ့၊ သဋ္ဌေးစည်းစိမ်နဲ့ နေပါရဲ့၊ တော်တော်လေး ကြီးတယ်ဆိုလို့ရှိယင်, တခါထဲ တောထွက်ကြတာပဲ။ တောထွက်ပြီးတော့ မေတ္တာပို့လို့, မေတ္တာပွားလို့ နေကြတာ သိပ်ကြည်ညိုစရာကောင်းတယ်။

**ကြည်ညိုယင် ကျေးဇူးရှိအောင်လုပ်**

အခု ကျောင်းအမတွေလဲ ဘုန်းကြီးကို ကြည်ညိုတယ်လို့ ဆိုပေမယ့် ကြည်ညိုယင်းက အသိဉာဏ်တွေတိုးလို့, ကြည်ညိုယင်းက တရားကျင့်လို့၊ ဒီလိုမှ ကျေးဇူးရှိတယ်။ ကြည်ညိုပြီးတော့ လှူရုံတန်းရုံနဲ့တော့ ကျေးဇူးမများဘူး။ ဘုန်းကြီးမှာလဲ တာဝန်မကြေဘူး၊ တာဝန်ကျေဖို့ကတော့, "တော်ပြီ—ဒီစည်းစိမ်တွေနဲ့တော့ ဘယ်လောက် ပေါပေါ အားလုံး ထားပစ်ခဲ့ရမှာ။ သေခါနီး ဘုန်းကြီးဟောသလိုပဲ။ တိုက်တွေ တွယ်တာလို့, စည်းစိမ်တွေ တွယ်တာလို့, ဆွေတွေ မျိုးတွေ တွယ်တာလို့

www.dhammaransi.com



ဆိုယင် ပြိတ္တာဖြစ်ဖို့က သေချာတယ်။ ပြိတ္တာဖြစ်မည့်လမ်းကို တော့ ငါ ဘာပြုလို့ အချိန်ကုန်အောင်လိုက်နေရမှာလဲ၊ ဒီလို သတ္တိရှိမှ ဖြစ်တယ်။ သတ္တိမရှိလို့ရှိယင် ခုနက ကျီးမိုက်လိုပဲ။ ဂင်္ဂါမြစ်ထဲရောက်ပြီး သမုဒ္ဒရာထဲ မျောမှာပဲ။ သမုဒ္ဒရာထဲ ကျမှာပဲ။ သတ္တိရှိဖို့လိုတယ်။

**ရှေးသူတော်ကောင်းများ၏ လမ်းစဉ်ကောင်း**

ရှေး သူတော်ကောင်းတွေက သတ္တိ ရှိကြတယ်။ ဒါ မလုပ် တော့ ဘူးဆို မလုပ်ဘူး။ တော်လောက်ပြီဆို တော်ပြီ၊ သတ္တိရှိကြတယ်။ သတ္တိရှိတော့ သူတို့ ပါရမီတွေက ရင့်လို့။ စည်းစိမ်နဲ့ နေတုန်းက နေတယ်။ နောက် ပါရမီတွေက ရင့်လို့။ တောထွက်ပြီး မေတ္တာပို့, မေတ္တာ ဘာဝနာ ပွားများလို့ နေကြတယ်။ အဲဒီလိုဆိုတော့ သူတော် ကောင်းတွေရဲ့ သူတော်ကောင်းလမ်းကလဲ တယ်ကောင်းတယ်, တယ် ဖြူးဖြောင့်တယ်။

**တာဝန်ကျေအောင် လုပ်နည်း**

ဒါကြောင့် ဘုန်းကြီးကလဲ အား-ဒိသံဃာ တွေ တဖြည်းဖြည်း သူတို့ဘာသာ သူတို့လဲ အုပ်ချုပ်ကြပစေ။ အမြင်မတော်တာ မြင် တော့လဲ ပြောပေါ့ အုပ်ချုပ်ကြပစေ။ ငါက ကျမ်းစာတွေပြီးလို့ ရှိယင် လွတ်လွတ်ကလေး နေရမှာပဲ။ ဒီတော့ ကျောင်းဒကာ ကျောင်းအမတွေကို ကြည်ညိုတယ်ဆိုတဲ့ သူတွေကို ကြည်ညို ရကျိုးနပ်အောင် တာဝန်ကျေအောင် ပြောတာပဲ။ လိုက်တာ မလိုက်တာတော့ သူတို့တာဝန်ပေါ့။ ဝတ္တရားကတော့ဘုန်းကြီး တာဝန်, ဘုန်းကြီးတာဝန်တော့ ကျေအောင် ပြောရမှာပဲ။

www.dhammaransi.com



**တန်ဖိုးရှိ ပုဂ္ဂိုလ် ဒီလူထဲကထွက်**

လောကကြီးထဲမှာ သိပ်ပြီးတော့ တန်ဖိုးရှိတဲ့ ပုဂ္ဂိုလ်တွေ ဒီလိုလူထဲက ဒီလို ပုထုဇဉ်တွေ ထဲကထွက်သွားကြတာပဲ။ ဘုရားအလောင်း ဒီလိုလူထဲက ထွက်သွားတယ်။ မိန်းမသားထဲက ဆိုလို့ရှိယင်လဲ ယသောဓရာအလောင်းတို့ ဒီလို အမျိုးသမီးတွေထဲက ထွက်လာ တာပဲ။ ခေမာထေရီတို့ ဒီလိုအမျိုးသမီးတွေထဲက ထွက်လာတာ ပဲ။ ဥပ္ပလဝဏ်ထေရီတို့ မိထွေးတော်ဂေါတမီတို့ဒီလိုအမျိုးသမီး တွေထဲကပဲ ပါရမီတွေဖြည့်ပြီးတော့ ရင့်ကျက်ပြီးတော့ ထွက် လာကြတာပဲ။ ယောကျ်ားထဲကလဲ ဒီလိုပဲ အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလ္လာန် အလောင်းတွေ, အရှင်မဟာကဿပအလောင်း တွေ, အရှင်အာနန္ဒာအလောင်းတွေ, အရှင်အနုရုဒ္ဓါ အလောင်း တွေ, အရှင်ဥပါလိအလောင်းတွေ ဒီလို ယောကျ်ားကောင်းတွေ ဒီလူထဲက ထွက်ကြရတာပဲ။ စည်းစိမ်နဲ့နေတုန်းက နေပါရဲ့, နေ ပြီးတော့ ထွက်ကြတာပဲ။

**စာကျက်နေရုံနဲ့ ပါရမီမဖြစ်**

ဒါ့ကြောင့် အားလုံး သံဃာတွေလဲ နားလည် ကြပါ။ ဒီလိုချည်းသွားနေလို့, သူတို့ လှူတာ ဒါန်းတာတွေချည့် စားနေလို့ ကိုယ့်မှာ ဘာ တာဝန်မှ မယ်မယ်ရရ ပါရမီမဖြစ်ဘူး။ တကယ့်ကို စေတနာနဲ့ ကြိုးစားဦးမှဖြစ်မယ်။ ကြိုးစားဦးမှမဟုတ်ဘူး။ ကြိုးစားနေမှ ဖြစ်မယ်။ ဒီလို နားလည်ထားကြ။ ဒကာ-ဒကာမတွေလဲပဲ ဒီလိုပဲ နားလည်ထားကြ။ "မဗ္ဗသဘော, ဘယ်လိုဟောလည်း, လိပ် ကျော ကြောင်ကော်, ပြောင်ချော်ချော်နဲ့" ဆိုတဲ့ အဲဒီလမ်းက

www.dhammaransi.com



တလမ်းပဲ။ အဲဒီလမ်းက ပြည့်လို့ တရာမှာ ကိုးဆယ့်ကိုးယောက် ဆိုတာလို တယောက်ကသာ ဘုရားလောင်းရဲ့ သူတော်ကောင်း များရဲ့ လမ်းလိုက်တာ။ ကိုးဆယ့်ကိုးယောက်က ခုနက....

"လိပ်ကျော ကြောင်ကော်၊ ပြောင်ချော်ချော်နဲ့" ဒီလို နေကြတာပဲ။....

"ပျော်ဘုံးပြုံး၊ မော်မဆုံးပဲ၊ နှလုံးမယဉ်၊ ပုထုဇဉ်တို့၊ ငယ်စဉ်ယုတ်မာ"။

ငယ်တော့လဲ ယုတ်မာတယ်။ လောကီအာရုံတွေလိုက်စားလို့ ပွဲလမ်းသဘင်တွေကြည့်လို့၊ ဝတ်စားတန်ဆာတွေ ဆင်ပြင်လို့။ အိုတော့လဲ ဆိုးရွားတာပဲ၊ မနာလိုလို့၊ ဝန်တိုလို့၊ သူတပါး အပြစ်တွေပြောလို့၊ ကိုယ်လဲပဲ တယ်အပြစ်ကင်းလှတယ် မဟုတ် လှဘူး။ အင်း....အိုတော့လဲ ဆိုးရွားတာပဲ။ ဒါကြောင့် ကိုးဆယ် ကိုးယောက်ကတရားမရကြပါဘူး။ ယောကျ်ားမိန်းမတယောက် တလေသာ ဒီလိုရကြတာပဲ။

ဒီလို တယောက်တလေ စုလိုက်တော့လဲပဲ ဘုရား တဆူတဆူ ပွင့်တော့ ကျွတ်တမ်းဝင်လိုက်ကြတာ။ တကာတဲ ပထမတရားပွဲမှာ ဆယ့်ရှစ်ကုဋေတဲ့။ ဒီလိုပဲ တရာတယောက် စုလိုက်တာ။ ဒီလို ပုဂ္ဂိုလ်တွေ များလိုက်တော့ ကုဋေကုဋာကြီး။ ဘာ့ကြောင့်လဲ သတ္တဝါတွေက အများကြီးကို။ ကုဋေကုဋာဖြစ်ပြီး ကျွတ်တမ်း ဝင်ကြတယ်။

www.dhammaransi.com



**ဘုရားပွင့်၍သာ အလောင်းတော်များ ပေါ်လာ**

ဘုရား ပွင့်တော် မူလာတယ် ဆိုယင် အလောင်းတွေ.... ကျောင်း ဒကာ အလောင်း တွေ, ကျောင်းအမ အလောင်းတွေ ပေါ်လာကြ။ အဂ္ဂသာဝက မဟာသာဝက အလောင်းတွေ ပေါ်လာကြ။ တိတ္ထိတွေကလဲ တကယ့် ထိပ်တန်းတွေ ပေါ်လာကြ။ ခုနကလို တရားတယောက် ထဲက ပေါင်းလာကြတယ်, စုလာကြတယ်။

**ကျီးမိုက်ပမာ မမှားရာ**

ဒါ့ကြောင့် မိမိကိုယ်ကို မိမိ ပေါ့ပေါ့ ဆဆ ထင်ယင်လဲ ကိုယ့်သွားလမ်း ကိုယ်သွားပေါ့။

အာ........ မိမိကိုယ်ကို မိမိ သူတော်ကောင်း အလောင်းအလျာ ဖြစ်အောင် ကြိုးစားမယ် ဆိုယင်လဲပဲ ခုနက ကျီးမိုက်လို သမုဒ္ဒရာရောက်အောင် မသွားနဲ့တော့။ သမုဒ္ဒရာ ဝင်တော့မယ် ဆိုကတဲကိုက တခါထဲ ပြန်ပြီးတော့ ကျီးဟာ နေရာကောင်းယူလိုက်လို့ရှိယင် ရပါတယ်။ အဲဒီလို မသိတဲ့ကျီး မို့လို့, ပညာမရှိတဲ့ကျီးမို့လို့ သမုဒ္ဒရာထဲထိအောင် သူအမျောခံ ပြီးတော့ သေရတာပဲ။ ဒါ့ကြောင့် ကိုယ့်ကိုယ်ကို စဉ်းစားကြ ပါ, နားလည်ကြပါ။ အများ သွားတဲ့လမ်း, တရား-ကိုးဆယ့် ကိုးယောက်သွားတဲ့ လမ်းမျိုးကို လိုက်လို့ရှိယင် ကိုယ်လဲ အဲဒီ အထဲမှာပဲ ပါနေပါ့မယ်။ ဒါ့ကြောင့် အဲဒီလို မဖြစ်အောင် ကြိုးစားနိုင်ကြစေကုန်သတည်း။

သာဓု—သာဓု....သာဓု။

ဆင်သေစီးလိုက်တဲ့ ကျီးမိုက် တရားတော်

ပြီးပြီ။

www.dhammaransi.com

# အရှင်ဇနကာဘိဝံသ၏

# အဆုံးအမတော်များ



## သနားစရာ့လူမျိုး

ဘုန်းကြီးက သာသနာရေး, ဘာသာရေးကို အလွန် တိတိကျကျ နားလည်စေချင်တယ်။ လူအများဟာ ဘာသာရေး၌ ဘာမှ တိတိကျကျ နားမလည်ကြပါ။ တိတိကျကျ နားမလည်လို့ မကုန်သင့်တာ ကုန်နေကြတယ်။ နောက်ဘဝ အရေးကို ဘာမှမတွေးကြဘူး။ ဒီဘဝ တခဏလေးကို တွေးကြတယ်၊ သိပ်သနားစရာကောင်းတယ်။

www.dhammaransi.com



## ကောင်းခြင်းနှစ်မျိုး

ရုပ်ကောင်းခြင်းထက် စိတ်ကောင်းခြင်းက သာ၍အဖိုးတန်တယ်။ ဒါပေမဲ့ ရုပ်ကျန်းမာဖို့ကတော့ တမျိုးအရေးကြီးသေးတယ်။ဤခန္ဓာကိုယ်ကို ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ အကြောင်း ၄-ပါးက ပြုပြင်ထားတယ်။

ဒါ့ကြောင့် ရှေးကံကို ယခုဘဝကံက ကူညီရာရောက်အောင် မရှိဆင်းရဲသူများကို ပေးကမ်းသောဒါန, နေ့စဉ် ဆောက်တည်သော မိဘရိုးရာ ငါးပါးသီလ ဘုရားဝတ်ပြုသော ဗုဒ္ဓါနုဿတိဘာဝနာ, မေတ္တာဘာဝနာများကို နေ့စဉ်ပြု၍ နတ်များနှင့်တကွ အားလုံးသတ္တဝါ (မိဘဟောင်း ဘဟောင်းတို့ပါ) အမျှဝေပါ။

စိတ်ဆင်းရဲယင် ရုပ်လဲညှိုးတယ်။ စိတ်ချမ်းသာယင် ရုပ်လဲလန်းတယ်။ ဒါကြောင့် စိတ်ကို ရင်ထဲကပေါ် ချမ်းသာအောင် မပြတ် မပြတ် ကုသိုလ်စိတ် ဖြစ်ပါစေ။ လောဘ မကြီးပါနဲ့၊ ဒေါသလဲ မကြီးပါစေနဲ့။

အပူ အအေးကို ဥတုလို့ ခေါ်တယ်။ ဒါကြောင့် ရေချိုးခေါင်းလျှော်မှုစ၍ အအေးမမိအောင် (အအေးကြိုက်ပေမဲ့) သတိထားရတယ်။ အပူအစပ်ကြိုက်သော်လဲ "တန်ဆေး, လွန်ဘေး"ဖြစ်သတဲ့။ (ဉာဏ်ရှိယင် ခန္ဓာကိုယ်ကို အတော်အတန်ကျန်းမာ၍ အသက်ရှည်အောင်ပြင်နိုင်သည်။)

## အတိုမကြည့်နဲ့ အရှည်ကြည့်

သံသရာဆိုတာ နိဗ္ဗာန်အထိ သွားရမဲ့ ရုပ်နာမ်အစဉ်ကို ခေါ်တယ်။ ထိုခရီးအရှည်ကို ကြည့်တတ်ယင် တခါတခါ ကြုံတွေ့ရတဲ့

www.dhammaransi.com



အဖြစ်အပျက်တွေဟာ အဆန်း မဟုတ်တော့။ ခရီးစဉ် မပျက်အောင် သွားတတ်တဲ့ အသိဉာဏ်သာ အရေးကြီးတယ်။ တဘဝကလေး တခဏလေး မကြည့်နဲ့၊ နိဗ္ဗာန်အထိ သံသရာဘဝအရှည်ကြီးကိုကြည့်ပါ။

ဘဝအရှည်ကြီးကို ကြည့်တဲ့သူတိုင်း ဒီတဘဝ အတိုကလေးကို မကြည့်ရဘူး။ ဒီတဘဝအတွက် စားဝတ်နေရေး အတော်အတန် ပြည့်စုံလျှင် တော်နိုင်သည်။ သံသရာအတွက်ကတော့ များလေကောင်းလေပဲ။

## ချမ်းသာချင်ယင် သီလဆင်

တဖြည်းဖြည်းနဲ့ နောက်တဘဝ ရွှေ့ကြဖို့ နီးနီး လာပြီ၊ နောက်ဘဝအတွက် ဒါနထက် သီလက ဘဝကောင်းပို့နိုင်တယ်။ ဒါနမများသော်လဲ သီလကများနေယင် နောက်ဘဝ၌ မဆင်းရဲနိုင်ပါ။ သီလကို အထူးဂရုစိုက်ပါ၊ ငါးပါးသီလထက် အာဇီဝဋ္ဌမကသီလက သာတယ်။ ထိုသီလကို သူတော်ကောင်းတိုင်း နေ့စဉ်ထိန်းရတယ်။

## အကောင်းဆုံးစီးပွားရှာနည်း

"စီးပွားဥစ္စာရှာတယ်" ဆိုတာ လူချမ်းသာအောင် ရှာတာဖြစ်တယ်။ စီးပွား ရှာမှုကြောင့် ကိုယ်ဆင်းရဲ လွန်းယင်လည်းကောင်း, စိတ်ဆင်းရဲနေရယင်လည်းကောင်း စီးပွားရှာကျိုးမနပ်ပါ။ ဒါကြောင့် ကိုယ်လဲသိပ်မဆင်းရဲ, စိတ်လဲချမ်းသာနိုင်တဲ့ စီးပွားရှာနည်းကို စဉ်းစားကြပါ။

www.dhammaransi.com



ဒီဘဝ စီးပွားရှာမှုကြောင့် နောက်ဘဝ သံသရာမှာ (သီလ ပျက်၍) အပါယ် ၄-ပါး ကို သွားရမယ်ဆိုယင်ကား သာ၍ ဝမ်းနည်းစရာ ကောင်းပါသည်။

## ချမ်းသာအောင် ဒီတရားရှောင်

ဆင်းရဲဒုက္ခ ဟူသမျှသည် လိုချင်မှု လောဘကြောင့်ချည်း ဖြစ်၏။ ဒါ့ကြောင့် လောဘကြီးလေ ဒုက္ခကြီးလေ ဖြစ်၍, လောဘနည်းလေ ဒုက္ခနည်းလေ ဖြစ်သည်။ လောဘမရှိသော ရဟန္တာများ၌ကား....ဒုက္ခလဲ လုံးလုံးမရှိတော့ပဲ နိဗ္ဗာန်စံရသည်။

ရှေးရှေး သူတော်ကောင်း အလောင်းတို့သည် လောဘ၏ အပြစ်ကို မြင်တော်မူ၍ ရှိပြီးသော စည်းစိမ်ကိုပင် စွန့်လွှတ်၍ တောထွက်တော်မူကြသည်။

သူတော်ကောင်းလမ်းကို သွားနိုင် လောက်အောင် စိတ်ကို အမြဲပြင်ပါ။ ကျန်းမာရေး အထူးဂရုစိုက်ပါ၊ မင်းဘေးစိုးဘေး ဝေးအောင်ရှောင်ပါ။

## အရာရာ သတိထားပါ

ခေတ်ကြီးကို သတိပြုမိသောအခါ မိမိတို့က အဝတ်အစား အသုံးအစွဲ သတိထားရမည်၊ သူတပါး ဆင်းရဲနေခိုက်၌ မိမိ တို့က ကြီးကြီးကျယ်ကျယ်လုပ်နေယင် လူမုန်းများမယ်၊ လူမုန်း များယင် ဘေးအန္တရာယ်လဲများမယ်၊ အသွားအလာ ဆင်ခြင်ရုံ သာမက အပြောအဆိုကိုလဲ ဆင်ခြင်ရသည်။

သီလသည် ဒီဘဝ နောက်ဘဝ ကာလမရွေး စိတ်ချမ်းသာ ကိုယ်ချမ်းသာကို ပေးနိုင်တယ်။ မေတ္တာ ကရုဏာ သစ္စာ ခန္တီ တို့လဲ ကောင်းကျိုးကို ပေးနိုင်တယ်၊ အရာရာ သတိထားပါ။

www.dhammaransi.com



မလှဲ့သာသော ကုန်ကျစရိတ်တွေက ရှိလာပုံလို သတိထား၍ အပိုလှူ၊ အရမ်းလှူမပြုဖို့ သတိပေးပါတယ်။

**ကိုယ့်ကိုယ်ကို အထင်မသေးအောင်နေပါ**

တရားတော်ထုံးစံက အများ အထင်ကြီးဖို့ထက် အတွင်း၌ မိမိတို့ဘာသာ အထင်မသေးဖို့က အရေးကြီးပါတယ်။ ရှိတာကို ရှိသလောက် သူများမသိစေရပါ။

ကာလအလိုက် ဘုရား ( အသံ ကျယ်ကျယ် ရှိမခိုးပဲ ) စိတ်ထဲမှာ သက်တော်ထင်ရှား ထင်လာအောင် အာရုံ ယူရပါတယ်။

ယခုအခါန်မှာ နတ်များနဲ့ တန်ခိုးရှိသူများကိုလည်းကောင်း၊ တိုင်းသူ ပြည်သား လူအများကို လည်းကောင်း၊ တိုင်းပြည် အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်များကိုလည်းကောင်း၊ ကျေးဇူးရှင်များကို လည်းကောင်း အထူးမေတ္တာပို့ပါ။

**ပယ်ထိုက်သော ချမ်းသာ**

ချမ်းသာသုခသည် ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု ဟု ၂-မျိုးရှိ၏။ ကိုယ်ချမ်းသာမှုထက် စိတ်ချမ်းသာမှုက သာ၍ ချမ်းသာ၏။

စိတ်ချမ်းသာမှုမှာလည်း လောဘနှင့်ပျော်၍ ချမ်းသာမှု သည် နောက်က ကပ်လျက်သော်လည်းကောင်း၊ အတော်ဝေးစွာ ခွာလျက် သော်လည်းကောင်း ဒုက္ခအမြဲပါနေ၏။ ထို့ကြောင့် လူအများစု၏ လောဘဖြင့် ပျော်၍ ချမ်းသာမှုသည် တကယ့် ချမ်းသာ မဟုတ်ပါ၊ ဆင်းရဲဖို့ အကြောင်း ဒုက္ခအလောင်းသာ ဖြစ်၏။

www.dhammaransi.com



## ပွားထိုက်သော ချမ်းသာ

ကုသိုလ်စိတ်နဲ့ ပျော်၍ ချမ်းသာနေခြင်းကား.... ယခုလဲ ချမ်းသာ၊ နောင်အကျိုးပေးသောအခါလဲ ချမ်းသာ၏။ နိဗ္ဗာန် အထိလဲ ချမ်းသာ၏။ ဒါ့ကြောင့် ကုသိုလ်စိတ်မှာ အဆင့်ဆင့် တိုး၍တိုး၍ ချမ်းသာသော စိတ်ချမ်းသာမှုတွေ ရှိပါတယ်။ ထို ချမ်းသာမှုကို စီးပွားရေးလိုက်စားသော လူအများမသိကြပါ။ သိအောင် ကြိုးစားရပါလိမ့်မယ်။

## ကိုယ်ဖြစ်ချင်တာ ဖြစ်စေနိုင်သောတရား

သစ္စာသည် မုသားနဲ့ပြောင်းပြန်ဖြစ်၏။ ယခုခေတ် သစ္စာ အလွန်နည်းကြသည်။ မုသားသည် ငါးပါးသီလ ကိုယ်ကျင့်မှာ တောင် အမြဲရှောင်ဖို့ပါနေ၏။ သီလရှိသူသာ ကိုယ်ဖြစ်ချင်တဲ့ အကျိုးကို ရနိုင်တယ်။ သီလမရှိယင် ငရဲ တိရစ္ဆာန် ပြိတ္တာ တခု ခုနဲ့ လူနုံလူမွဲ လူဆင်းရဲသာဖြစ်ရမယ်။

မွေးနေ့မှာ ဒါနပြုတာလဲ ကောင်းရဲ့၊ သီလလဲ စောင့် နိုင်မှ သာ၍ ကောင်းပါသည်။ ယခုလူတွေ အကျင့်စာရိတ္တပျက် နေကြသည်မှာ သီလပျက်နေခြင်းပင် ဖြစ်သည်။

သီလပျက်နေကြလို့ လူအများ ယခုဘဝမှာပင် ဒုက္ခများနေ ကြသည်။ နောက်ဘဝရောက်တဲ့အခါ ငရဲ တိရစ္ဆာန် ပြိတ္တာဘဝ, လူဆင်းရဲဘဝဖြစ်ပြီး သာ၍ ဒုက္ခရောက်ကြလိမ့်မည်။

သီလစောင့်တိုင်း ဘုရားအာရုံရအောင် ရှိခိုးပါ, ဗုဒ္ဓါနုဿတိ ဘာဝနာဖြစ်ပါသည်။ မေတ္တာများများပို့ပါ, မေတ္တာဘာဝနာ ဖြစ်ပါသည်။

www.dhammaransi.com



သီလရှိမှ ဒါနအကျိုးပေး ကောင်းသည်။ သီလရှိမှ ဘာဝနာတက်လို့ ရသည်။ ရက်တော်တော် ကြာအောင် သီလများများထိန်းပါ။ အမြဲတော့ ငါးပါးသီလ လုံပါစေ။

## မွေးနေ့ဆိုတာ ဘာလဲ

မွေးနေ့ဆိုတာ အသက်ကြီးလာတဲ့ အထိမ်းအမှတ် ဖြစ်တယ်။ "ငါသည် တနှစ်ပို၍ သေဘက်နီးလာပြီ"ဟု မွေးနေ့က သတိပေးနေတာ ဖြစ်တယ်။ အောက်ပါ လင်္ကာကို မရသေးယင် ရအောင်ကျက်ပြီး မရဏာနုဿတိဘာဝနာ ဖြစ်အောင် ရွတ်ပါ။

ငါနဲ့ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ များလှပြီ။
ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လဲသေဘက် နီးခဲ့ပြီ။
မသေရမီ၊ ပါရမီ၊ ငါသည်ဖြည့်မှ သင့်တော့မည်။
အနိစ္စ အနိစ္စ၊ ဒုက္ခ ဒုက္ခ၊ အနတ္တ အနတ္တ။

## ကံထမ်း၍ သံသရာခရီးသွားကြရ

ဘုန်းကြီးကို အားကိုးတဲ့သူဟာ တရားလမ်းမှန်ကိုလဲ အားကိုးရပါတယ်။တရားတော်အတိုင်း ကြိုးစား၍ လိုက်ရပါတယ်။

၁။ တရားတော်က "နိဗ္ဗာန်အထိ သွားရမည့် သံသရာခရီးကြီးဟာ ရှည်လဲရှည်တယ်။ ဘေးရန်အန္တရာယ်တွေလဲ ဘဝတိုင်းမှာ များတယ်" ဒီလို သတိပေးထားပါတယ်။

၂။ ဒီလိုခရီးကို မရှောင်သာလို့ သွားနေရတဲ့ သူတိုင်း နိဗ္ဗာန်အထိ မှန်းမျှော်၍ကြည့်လေ့ရှိရပါတယ်။ ဒီလို ကြည့်လိုက်တဲ့အခါ ဒီဘဝမှာတွေ့ရတဲ့ ဆွေမျိုးဆိုတာ ခဏ တွေ့ရတာပဲ။ ယခု တွေ့နေရပေမဲ့ အချိန်ကျတော့ ဘယ်သူမဆို ကိုယ့်လမ်းကို ခွဲသွားကြရမှာပဲ။

www.dhammaransi.com



၃။ "ပစ္စည်းဥစ္စာ" ဆိုတာလဲ ခဏပိုင်းသာ ဖြစ်တယ်။ အချိန်ကျတော့ အားလုံးထားပစ်ပြီး တကိုယ်ထဲ သွားရမှာပဲ။ အချစ်ဆုံးဆိုတဲ့ ခန္ဓာကိုယ်တောင် ထားပစ်ခဲ့ရမယ်၊ ရှေးဘဝ ဒီဘဝ ပြုသမျှ အကောင်း-အဆိုး ကံကိုသာ ယူသွားရမယ်။

၄။ ဘုရားရှင်သည် အကောင်း ကံတွေကို ဘဝတိုင်း ပြုခဲ့လို့ ကံကောင်းများပြီး ဘုရားဖြစ်ရတယ်။ မိမိတို့လဲ ကံဆိုးတွေ နည်းအောင် ရှောင်ပြီး, ကံကောင်းတွေ များအောင် နေ့စဉ် ကြိုးစားဖို့ အရေးကြီးတယ်။

၅။ "ကံကောင်း" ဆိုတဲ့အထဲမှာ အခြေခံ အကောင်းဆုံး ကံဟာ ငါးပါးသီလဖြစ်တယ်။ ထို့နောက် စီးပွားရှာတဲ့အခါမှာ မတရားမပါမှ အာဇီဝဋ္ဌမကသီလ ဖြစ်တယ်။ ဒါ့ထက်တိုးပြီး တတ်နိုင်ယင် ဥပုသ်သီလဖြစ်တယ်။

၆။ သီလမကောင်းပဲ ဘာဝနာကို တက်ဖို့ မဖြစ်နိုင်ဘူး။ သီလမကောင်းယင် ဒါနတောင် မသန့်ရှင်းဘူး၊ သူများအသင် မသေးအောင်, ဂုဏ်ရှိအောင်ပြုတဲ့ ဒါနဟာ အလွန်ညံ့တဲ့ ဒါန ဖြစ်တယ်။

၇။ ခုခေတ် လုပ်နေကြတဲ့ ဒါနတွေဟာ တချို့မှာ အကျိုးမရပဲ အပြစ်တောင်ရှိသေးတယ်။ အားလုံး ဒါန, သီလ, ဘာဝနာကို သံသရာအတွက် အစာရိက္ခာ ကောင်းကောင်းဖြစ် အောင် ကြိုးစားကြပါ။ သံယောဇဉ် အတွက် စိတ်သောက များပြီး စိတ်အား မငယ်ကြပါနဲ့၊ သတ္တိ ရှိရှိနဲ့ သံသရာခရီး အရှည်ကြီးကို သွားနိုင်အောင် အရာရာ သတိရှိကြပါ။

www.dhammaransi.com



## စိတ်ဓာတ်ကြံ့ခိုင်ရေး

ဘုန်းကြီးသည် မည်သူ့ကိုမျှ မိမိက နစ်နာအောင် မပြောခဲ့၊ မလုပ်ခဲ့။ သို့သော် မိမိဘာသာ တိုးတက်အောင် အလုပ်-လုပ်သောကြောင့် တိုးတက်၍ နေသည်ကို မနာလိုသော ပုဂ္ဂိုလ်များက သူတပါး အထင်လွဲအောင် ပြောကြ၊ ဟောကြသောကြောင့် အမျိုးမျိုး အထင်လွဲခံခဲ့ရ၏။

ထိုအချိန်က ပြောသူတွေ သူတို့ဒဏ်ကို ဘုန်းကြီး မခံရပဲ၊ သူတို့သာ ခံကြရရှာတယ်။ ဤသို့ ဣဿာ မစ္ဆရိယ တရားတွေဟာ ထိပ်တန်း ဘုန်းကြီးတွေမှာတောင် ရှိနေတာဖြစ်တော့၊ လူဝတ်ကြောင်းတွေမှာ ဣဿာ မစ္ဆရိယ ရှိနေခြင်းဟာ အဆန်း မဟုတ်တော့ပါ။

ထိုကဲ့သို့ ကြုံလာသောအခါ သည်းခံတတ်တဲ့လူ အတွက်တော့ (ပါရမီဆယ်ပါးတွင်) ခန္တီပါရမီ ကုသိုလ် အကြီးစား တမျိုးကို ရရှိပါသည်။

ထိုသို့ ခန္တီပါရမီ ကုသိုလ်ရပုံကို သတိပြုမိသောအခါ သူတို့မှာ ဖြစ်သော ဣဿာသည် မိမိမှာ အလွန် အဖိုးတန်သော ကုသိုလ်ကို ရနိုင်ဖို့အကြောင်း ဖြစ်ပါတကား-ဟု တွေးနိုင်သောကြောင့် ဝမ်းမနည်းပဲ ဝမ်းသာအားရဖြင့် သည်းခံနိုင်သော သတ္တိတမျိုးကို ရနိုင်ပါသည်။

**တရားတော်၌ လောကဓမ်ရှစ်ပါးရှိ၏**

၁။ လာဘ-လာဘ်ရခြင်း (ရောင်းလို့ ဝယ်လို့ ကောင်းခြင်း၊ စီးပွားတိုးတက်ခြင်း)။

၂။ အလာဘ-လာဘ်မရခြင်း၊ (စီးပွား ဆုတ်ခြင်း)။

www.dhammaransi.com



၃။ ယသ-အခြွေအရံ ပေါများခြင်း။
၄။ အယသ-အခြွေအရံ မရှိခြင်း။
၅။ နိန္ဒာ-ကဲ့ရဲ့ခံရခြင်း။
၆။ ပသံသာ-ချီးမွမ်းခံရခြင်း။
၇။ သုခံ-ကိုယ်,စိတ်ချမ်းသာခြင်း။
၈။ ဒုက္ခံ ကိုယ်,စိတ် ဆင်းရဲခြင်း။

ဤ လောကဓမ်ရှစ်ပါးကို လူတိုင်းတွေ့ရ၏။ ထိုသို့တွေ့သော အခါ အကောင်း ၄-ပါးနှင့်တွေ့ယင် ဝမ်းမြောက်ကြ, ပျော်ကြ၏။ ထိုသို့ပျော်ခြင်းကို "တုန်လှုပ်ခြင်း" ဟု ခေါ်၏။ မကောင်း ၄-ပါးနှင့် တွေ့သောအခါ ဝမ်းနည်းကြ, ငိုကြွေးကြ၏။ ထိုသို့ ဝမ်းနည်းခြင်းကို "တုန်လှုပ်ခြင်း" ဟု ခေါ်၏။ သတ္တိရှိသူ့,စိတ်နေ မြင့်သူကား အကောင်းနှင့်တွေ့လဲ သိပ်ပြီး မတုန်လှုပ်။ မကောင်း နှင့်တွေ့လဲ ဂရုမစိုက်။ ကိုယ်သွားမြဲလမ်းကိုသာ သွားလေ့ရှိသည်။

ခါတိုင်း ဥပုသ်ကိုမပျက်ပါစေနဲ့။ စကားပြောတိုင်း သစ္စာ ဖြစ်အောင် အထူးသတိထား။ အိမ်တွင်းမှစ၍ သတ္တဝါအများကို မေတ္တာပို့ပါ။ ဘုရားကို အသံထွက်၍ ရှိခိုးတာထက်, ဘုရား အစစ်ရအောင် စိုက်ပြီး အာရုံယူနိုင်ယင် သာ၍ကောင်းသည်။

ကမ္ဘာ အရပ်ရပ်၌ ကပ်အမျိုးမျိုးမှ လွတ်အောင် ကိုယ်စီ ကိုယ်င ကြိုးစားကြဖို့တာဝန်ရှိသည်။ အစားအသောက် ချွေတာ နိုင်သမျှ ချွေတာပါ။ ကိုယ်က ဆင်းရဲသော်လဲ ဆင်းရဲတဲ့သူတွေ အရပ်ရပ်မှာ အလွန် များနေပါသည်။ ပေါ့ပေါ့ဆဆ နေရမဲ့ အချိန် မဟုတ်ပါ။ ကျန်းမာရေးကို အားလုံး ဂရုစိုက်ကြပါ။ ဒေါသအစွန်း မထွက်ပါစေနဲ့။

www.dhammaransi.com



## ပါရမီ များများရအောင်ယူ

၁။ ယခု ဘဝသည် ကုသိုလ်ပါရမီ များများ ရအောင် ယူဖို့ အလွန် အခွင့်ကောင်းသော ဘဝဖြစ်၏။ နောက်တကြိမ် လူပြန်ဖြစ်ရစေကာမူ ယခုအနေထက်ပို၍ မတရားအကုသိုလ်တွေ သာ၍တိုးပွားသော မိကောင်း ဘကောင်း ဆရာသမားကောင်း နဲ့ တွေ့ဖို့ မလွယ်သော လူ့ဘဝ ဖြစ်လိမ့်မည်။ ဒါ့ကြောင့် နေ့တိုင်း ကုသိုလ်ပါရမီ တိုးပွားအောင် ကြိုးစားသင့်ကြသည်။ လူ မဖြစ်ပဲ အသက် နတ်ပြည်၌ ဖြစ်ရပြန်ယင် စည်းစိမ်သာ အားကြီးမယ်။ ဒါန, သီလ, ဘာဝနာ အထူးရဖို့ မဖြစ်နိုင်။

ဒါကြောင့် ယခုဘဝသည် ကုသိုလ်ပါရမီ တိုးပွားအောင် ကြိုးစားရမဲ့ ဘဝဆိုတာ အမြဲတွေးသင့်တယ်။

၂။ လောက၌ သားအမိ သားအဖ မောင်နှမ ညီအမဆိုတဲ့ သံယောဇဉ်,သမီး,ခင်ပွန်းဆိုတဲ့ သံယောဇဉ်များ၌ တယောက်နဲ့ တယောက်ချစ်ခင်ကြခြင်းသည် ပေမတဏှာ အကုသိုလ်သာများ ၏။တရားမသိတဲ့လူများမှာ ထိုတဏှာအကုသိုလ်ကြောင့်မတရား စီးပွားရှာမှု စသော အကုသိုလ်တွေ, တယောက်နဲ့ တယောက် မတွေ့မှု ဒေါသ အကုသိုလ်တွေ တသက်လုံး တိုးပွားနေတတ်၏။ ခွဲရသည့်အချိန်မှာ တွယ်တာမှုကြောင့် နောက်ဘဝ၌ ပြိတ္တာလဲ ဖြစ်တတ်၏။

၃။ တရားသိတဲ့သူကတော့ ချစ်ခင်မှု အကုသိုလ်ကို သတိ ထား၍ ကုသိုလ်အဆက်ဆက် တိုးပွားအောင် ဒါနပါရမီ,သီလ ပါရမီ ကမ္မဋ္ဌာန်းဆိုတဲ့ ဘာဝနာပါရမီကို နိဗ္ဗာန်အထိ မှန်း၍ ကိုယ်တိုင်လဲကြိုးစားတယ်။သံယောဇဉ်ဖြစ်သူများကိုလဲ ကြိုးစား ဖို့ တိုက်တွန်းတယ်။တိုက်တွန်းတဲ့အတိုင်းလဲကြိုးစားဘယ်။ ဒီလို

www.dhammaransi.com



သံယောဇဉ်ကတော့ အကုသိုလ်ကြောင့် ကုသိုလ်များများရတဲ့ အတွက် အကျိုးရှိတယ်လို့ ဆိုရပါတယ်။

၄။ ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်တာလဲ ရှိတယ်။ များစွာသော လူတွေသည် ကုသိုလ်ဒါန ပြုတဲ့အခါ ဂုဏ်လိုချင်, သူများ ချီးမွမ်းခံချင်, ဒီကုသိုလ်ကြောင့် ဒီဘဝမှာပဲ စည်းစိမ်ဥစ္စာ တိုးပွားချင်, သူတပါးအပေါ်မှာ မောက်မော်ကြွားဝါချင်, မိမိဒါနပြုနိုင်သလို သူများ မပြုနိုင်စေချင် ဤကုသိုလ်ကြောင့် လူချမ်းသာ, နတ်ချမ်းသာရခြင်း၊ ဒီလို စိတ်တွေဟာ နောက်ထပ် အကုသိုလ်(လောဘ ဣဿာ မစ္ဆရိယ) တွေပဲ၊ ဒီအကုသိုလ်တွေဟာ ကုသိုလ်အရင်းခံပြီး ဖြစ်ကြတဲ့ အကုသိုလ်များဖြစ်တယ်။

၅။ လိမ္မာတဲ့ တရားသိတဲ့သူများမှာတော့ ကုသိုလ်ကြောင့် ကုသိုလ်ပဲ ထပ်၍ဖြစ်တယ်။ ဒါနကုသိုလ်ပြုတဲ့အခါ ဂုဏ်ပကာသနလဲ မမျှော်, လာဘ်လာဘနဲ့ နောက်ဘဝ စည်းစိမ်လဲ မတောင့်တ၊ လှူသင့်ပေးသင့်လို့ အပြစ်ကင်းတဲ့နေရာမှာ လှူတာပေးတာပဲ။ ဒီကုသိုလ်ကြောင့် ဘုရားအစရှိတဲ့ သူတော်ကောင်းများ သိမြင်တဲ့ နိဗ္ဗာန်ကို မြင်ဖို့သာ ရည်ရွယ်တယ်။ ဘဝစည်းစိမ် ရပြန်လဲ ထပ်၍တိုး၍ ဒါနပြုဖို့ပဲလို့ ရည်ရွယ်တယ်။

ဒါနပြုတဲ့အခါ သီလလဲစင်ကြယ်အောင် ရုပ်ခန္ဓာ, နာမ်ခန္ဓာကိုစိုက်ပြီး "အနိစ္စ ဒုက္ခ အနတ္တ" လို့ ရှုတဲ့ ဘာဝနာလဲဖြစ်အောင် ကြိုးစားတယ်။ သီလစောင့်တဲ့အခါလဲ ဒါနပါအောင်, ဘာဝနာပါအောင် သတိထားတယ်။ ဒီလိုအလိမ္မာ များမှာတော့ ကုသိုလ်ကြောင့် ကုသိုလ်တွေအများကြီးထပ်၍ ဖြစ်ခွင့်ရတယ်။

www.dhammaransi.com



နိဗ္ဗာန်အထိ ခရီးသည်ရှည်လှ၏၊ ပေါ့ပေါ့ဆဆနဲ့သွားတဲ့သူတွေ လမ်းဆုံး မရောက်နိုင်ပါ။

**အားလုံးသတိထားဖို့**

လောက၌ ဘယ်အလုပ်မဆို လေးလေးနက်နက်စဉ်းစားပါ၊ ဒါမှ ရည်ရွယ်တဲ့လမ်းကို ဖြောင့်ဖြောင့် သွားနိုင်တယ်။ စကားပြောတဲ့အခါ သတိများများထားပါ၊ စကားနဲနဲပြောဖို့အလေ့ပြုပါ၊ "စကားများတော့ အမှားပါတတ်သည်"။

ကိုယ့်မှာရှိသောအခြေအနေကို ကိုယ့်ဆိုင်ရာ မိသားတစုသာသိပါစေ၊ သူများက အထင်လဲ မကြီးစေနဲ့၊ အထင်လဲ သေးအောင် မနေနဲ့၊ အထင်ကြီးတော့ အကောင်း တွေးဖို့ထက် မကောင်းဘက်တွေး၍ အကုန်အကျလဲ များတတ်တယ်။ မနာလိုတဲ့သူက မကောင်းလဲ ကြံတတ်တယ်။ အထင်သေးတော့လဲ အရာရာမှာ အောက်ကျတယ်၊ ကိုယ့်ရှိလို့ ကိုယ်သုံးတာကိုပင် ဘယ်သူ့ဆီက ရသလိုလို အထင်ခံရတတ်တယ်။

အသုံးအစွဲလဲ စည်းကမ်းရှိရှိ နေ့စဉ်သုံးစွဲဖို့ သတိရှိကြပါ။ အသုံးအစွဲဆိုတာ (အလှူအတန်းမှစ၍) အများထက် လက်ဖွာယင် "သူတို့မှာ လွယ်လွယ်ရတဲ့နည်းရှိလို့ သုံးနိုင်တာပေါ့"လို့ အပြောခံရ၊ အထင်သေး ခံရတတ်ပါသည်။ နာမည်ကြီးလွန်းတာဟာ အခုခေတ်မှာ မကောင်းပါ။

အစားကို ကျန်းမာရေးနဲ့ မညီယင် စားချင်သော်လဲ မစားကြပါနဲ့။ ကျန်းမာရေးနှင့် နိဗ္ဗာန်အထိ သံသရာလမ်း ချောမောဖို့ရန် ဒါန, သီလ, ဘာဝနာ သုံးမျိုးလုံး နေ့စဉ်တိုးပွားရေးကို သတိပြုကြပါ။

www.dhammaransi.com



## အကောင်းဆုံးလာဘ်

၁။ ဘုရားရှင်က "ကျန်းမာခြင်းသည် အကောင်းဆုံး လာဘ်"လို့ ဟောတော်မူတယ်။ ဒီစကားတော်ကို အမြဲသတိ ထားပြီး လိုက်နာထိုက်တယ်။ တစုံတခု ရောဂါဖြစ်လို့ မကျန်းမာတဲ့အခါ ဘယ်လောက်ပင် ဥစ္စာလာဘ်တွေ ရနေသော်လဲ ဘာမှ သာယာစရာ မဖြစ်တော့ဘူး။ ကိုယ်လုပ်ချင်တဲ့ ကုသိုလ် ရေးကိုလဲ မလုပ်နိုင်တော့ဘူး။ ရောဂါကင်း၍ ကျန်းမာခြင်း ရှိနေယင်တော့ ဘယ်လိုနေရနေရ, ဘယ်လိုစားရ စားရ စိတ် ချမ်းသာတာပဲ, ကုသိုလ်လဲ ပြုနိုင်တာပဲ။

၂။ ကျန်းမာဖို့ အတွက်လဲ "အသက်ကို ဉာဏ်စောင့်"လို့ ပြောလေ့ရှိကြတယ်။ ဘယ်အစာဟာ ဘယ်အခါမှာ မစားရ ဘူး၊ ငါနှဲ့ ဘယ်အစာဟာ မတဲ့တတ်ဘူး။ ဒီလိုသိတဲ့ဉာဏ်ရှိမှ သင့်မြတ်တဲ့ အစာကိုလဲ ရွေးချယ်ပြီး စားတတ်တဲ့ဉာဏ်ရှိမှ ကျန်းမာပြီး အသက် ရှည်တယ်။ မသင့်တဲ့ အစာကိုတော့ စားချင်ပေမဲ့ အဆိပ်လို့ သဘောထားပြီး ရှောင်နိုင်အောင် ရှောင်ရတယ်။ မသင့်တဲ့ အစာကို စားယင် ရောဂါတမျိုးမျိုး ဖြစ်နိုင်တယ်။ ဒါ့ကြောင့်"အစားမတော်တလုတ်, အသွားမတော် တမုဟုတ်" လို့ ရှေးလူကြီးများက သတိပေးထားကြတယ်။

၃။ တခဏကို "တမုဟုတ်"လို့ ခေါ်တယ်၊ မသွားသင့်တဲ့ နေရာ သွားမိယင် တခဏလေးပေမဲ့ ဘေးတွေ့နိုင်တယ်လို့ ဆိုလို တယ်။ အသွားမတော်တာနဲ့စပ်ပြီး အနေအထိုင်မှာလဲ အအေး မိအောင်, အပူမိအောင် နေထိုင်ယင် ဘေး တွေ့တတ်တယ်, ရောဂါ ဖြစ်တတ်တာပဲ။ ဒါ့ကြောင့်.... ကျန်းမာရေးကောင်း

www.dhammaransi.com



အောင် အသိဉာဏ်လဲ အရာရာမှာရှိရတယ်။ သတိလဲ ကိစ္စတိုင်း မှာရှိရတယ်။

၄။ ကျန်းမာရေးနဲ့စပ်ပြီး ဘုရားရှင်က စိတ်ကျန်းမာရေး ကိုလဲ အရေးတကြီး ဟောတော်မူတယ်။ လောဘကြီးမှု၊ ဒေါသ ကြီးမှု၊ မာန်မာနကြီးမှု၊ မနာလိုဝန်တို (ဣဿာ မစ္ဆရိယ) ကြီးမှု တွေဟာ စိတ်မချမ်းသာဖို့ဖြစ်လာတဲ့ စိတ်ရောဂါတွေပဲ၊ စိတ် ကျန်းမာ ချမ်းသာအောင် လောဘလဲမကြီးရ၊ ဒေါသစသော မကောင်းမှုတွေလဲ မကြီးရဘူး။ (နဲနဲပါးပါး ဆိုတာတော့ မကင်းနိုင်ဘူးပေါ့။)

၅။ စိတ်ကျန်းမာ ချမ်းသာအောင် ဘုရားကို သတိရနေ့၊ သတ္တဝါတွေကို မေတ္တာပို့နေ့၊ ကောင်းသော ကုသိုလ်ရေးကို တွေးနေ့၊ ပြုလုပ်နေရတယ်။ လောဘ ဒေါသ ပြင်းပြင်း ဖြစ် လာယင် စိတ်မှာ ရောဂါဖြစ်တယ်လို့ သိပြီး အမြန်ဆုံး ပြေ ပျောက်အောင် သတိထားလိုက်ရတယ်။ ဒီလို သတိရသည်နဲ့ တပြိုင်နက် စိတ်ရောဂါ သက်သာသွားတာပဲ။

၆။ အချုပ်မှာတော့ ကျန်းမာရေး နှစ်မျိုးရှိတယ်၊ ကိုယ် ကျန်းမာမှု၊ စိတ်ကျန်းမာမှုတဲ့၊ နှစ်မျိုးလုံး ကောင်းအောင် အသိ အလိမ္မာဉာဏ် ရှိရတယ်။ နေရာတိုင်း သတိ ရှိရတယ်။ စားလဲသတိ၊ သွားလဲသတိ၊ စကားပြောလဲသတိ၊ "ယနေ့ စားတဲ့ အစာဟာ နက်ဖြန် အစာကြေပြီး ခတ်သွားရမှ၊ ထို အစာကို ကောင်းတယ်လို့ ချီးမွမ်းရမယ်" လို့ ကျမ်းစာက ဆိုတယ်။

အဆုံးအမတော်များ ပြီးပြီ။

www.dhammaransi.com

ထ-ပ-ပ-က ၁-၂-၈၃ (၆၀၀၀)

www.dhammaransi.com

အမရပူရမြို့

မဟာဂန္ဓာရုံ ဆရာတော်

## အရှင်ဇနကာဘိဝံသ-၏

ဘာသာဋီကာများ အသင့်ရပြီ

၁၊ အဋ္ဌသာလိနီ ဘာသာဋီကာ၊

၂။ သမ္မောဟဝိနောဒနီ ဘာသာဋီကာ၊

၃။ ပဉ္စပကရဏ ဘာသာဋီကာ၊

၄။ သုတ်မဟာဝါ ဘာသာဋီကာ။

သာသနာရေးဦးစီး စာအုပ်ရောင်းဌာန၊ ကမ္ဘာအေး၊

စိန်ဝင်းစာပေ ဖြန့်ချီရေး၊ ၁၃၈၊ ဗိုလ်ချုပ်ဈေး၊
(အနောက်ဘက်တန်း)

ဦးထိန်ဝင်း၊ ၁၁၇၊ စိန်ဂျွန်းလမ်း၊ ရန်ကုန်မြို့။